# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက် ၊ တနင်္လာနေ့ ၊ (18-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၁၃၈၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ ဆဋ္ဌမနေ့တွင် မီးပုံးပျံစုစုပေါင်း ၁၈၂ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်ခဲ့

**တောင်ကြီး နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ၁၃၈၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်ထိ ရက်သတ္တပတ်ကြာ တန်ဆောင်တိုင်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မြို့နယ်လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ပွဲတော်၊မီးပဒေသာလှည့်လည်ပူဇော်ပြိုင်ပွဲ၊ဈေးပွဲတော်၊ အရောင်းမြှင့်တင်ရေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁**





**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်မုန်းလပြည့်နေ့တွင် ခရီးသွားများဖြင့် အထူးစည်ကားခဲ့** စာမျက်နှာ - ၁၆

**မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၃၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်** စာမျက်နှာ - ၁၅

**ယနေ့လူငယ်နှင့် စာရိတ္တဗလဖွံ့ဖြိုးရေး**

ဆောင်းပါး စာမျက်နှာ - ၂၁




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# မြန်ပြည်တစ်ဝန်း အေးချမ်းရွှင်ပျော် လတန်ဆောင်တိုင်ပွဲတော်

တန်ဆောင်မုန်းလသည် မြန်မာလများတွင် ရှစ်လမြောက်ဖြစ်သည်။ တန်ဆောင်မုန်းလတွင် ဆောင်းဟေမန်၏ တမန်တော် မြောက်လေအေးတို့ ဖြည်းညင်းစွာ တိုက်ခတ်စပြုလာသည်။ တန်ဆောင်မုန်းလသည် သာယာကြည်နူးဖွယ်ကောင်းသကဲ့သို့ ကထိန်အလှူပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲနှင့် အခြားရိုးရာဓလေ့ပွဲတော်များဖြင့်လည်း ပျော်ရွှင်ဖွယ်ရာ၊ ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

တန်ဆောင်မုန်းလရောက်လျှင် လူကြီး၊ လူငယ်၊ လူလတ် အရွယ်ပေါင်းစုံတို့သည် အလှူအတန်းများ၊ ပွဲတော်များအတွက် မမောမပန်းနိုင် စိတ်အားတက်ကြွနေကြသည်။ အားလုံး၏ တူညီသောစိတ်စေတနာသည် ကောင်းမှုကုသိုလ်ပြုလုပ်ရန်ဖြစ်သည်။ မြန်မာတို့သည် မလှူရမနေနိုင်သောသူများဖြစ်ကြသကဲ့သို့ လှူဒါန်းလိုစိတ်များလည်း ပြင်းပြကြသူများဖြစ်ပေသည်။

တန်ဆောင်မုန်းလ ဘုံကထိန်ပွဲတော်များတွင် ဆိုင်းသံ၊ ဗုံသံတညံညံဖြင့် ပျော်ပွဲရွှင်ပွဲကြီးအသွင်ဆောင်နေခြင်း၊ ထီး၊ ဖိနပ်၊ သင်္ကန်းစသော လှူဒါန်းဖွယ်ရာပစ္စည်းအဖြာဖြာတို့ဖြင့် အဆို၊ အက၊ အတီး၊ အမှုတ်မျိုးစုံတို့နှင့် တက်ကြွရွှင်မြူးစရာကောင်းလှပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်သင်းနှင့်တစ်သင်း၊ တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက် အလှချင်းပြိုင်၊ အကချင်းပြိုင်ကြခြင်းတို့မှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပေသည်။ ပျော်ရွှင်မှုကို နှစ်သက်အလေးထားလေ့ရှိသော မြန်မာလူမျိုးတို့၏ မိရိုးဖလာစိတ်ဓာတ်သည် တန်ဆောင်မုန်းလ ကထိန်ပွဲတော်တွင် ထင်ဟပ်ပေါ်လွင်နေပေသည်။

ထို့ပြင် တန်ဆောင်မုန်းလတွင် ကျီးမနိုးပွဲသည် (သူခိုးကြီးည)အဖြစ် ကျီးမနိုးမီ လူနေအိမ်အဆောက်အအုံများမှ အလွယ်တကူရွှေ့ပြောင်းသယ်ယူနိုင်သောပစ္စည်းများ၊ ဆိုင်းဘုတ်များစသည်တို့ကို ညအချိန်ရွှေ့ပြောင်းနေရာချထားခြင်းများကိုရယ်မောပျော်ရွှင်ဖွယ်ရာအဖြစ် နောက်ပြောင်ကျီစယ်သည့်ပွဲဖြစ်သည်။

ထို့အတူ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်၊ မဲဇလီဖူးသုပ်ဝေငှပွဲ၊ စတုဒိသာလှူဒါန်းပွဲ၊ ပုံသကူအလှူဒါနပွဲ၊ သာမညဖလအခါတော်နေ့နှင့် နက္ခတ်သဘင်ပွဲတော်များဖြင့် မြန်မာနိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများတွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အေးချမ်းပျော်ရွှင်ကြည်နူးစွာဖြင့် လာရောက်၍ ဖူးမြော်ကြည်ညိုကြသည်ကိုလည်း တွေ့ရပေသည်။

တန်ဆောင်တိုင်ကာလအတွင်း မြန်ပြည်တစ်ဝန်းမှ ပြည်သူများသည်လည်း ဘုရား၊ စေတီပုထိုးများကို စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညိုကြသကဲ့သို့ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူဆည်းပူးပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ကြပြီး ဘုရား၊ စေတီပုထိုးများ၌ ဆီမီးထွန်းညှိပူဇော်ကြသည်။ မီးပုံးပျံများလွှတ်တင်ပူဇော်ပွဲများ၊ ပြိုင်ပွဲများသည် လာရောက်အားပေးကြည့်ရှုသူပြည်သူများကို ပျော်ရွှင်ကြည်နူးစေသည်။

သို့ဖြစ်ရာ ကုသိုလ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအကျိုးအမြတ်မြောက်မြားစွာရရှိသည့် တန်ဆောင်မုန်းလပွဲတော်များကို ယခုနှစ်တွင် အေးချမ်းပျော်ရွှင်စွာဖြတ်သန်းနိုင်ခဲ့သကဲ့သို့ ပို၍ပို၍ထွန်းကားလာစေရန်အတွက်လည်း ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# တောင်သမန်တံတားနှင့်အင်းအတွင်းသို့ နိုဝင်ဘာလဒုတိယပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွား ဦးရေ ၁၅၀၀ ကျော် လာရောက်လည်ပတ်



မန္တလေး နိုဝင်ဘာ ၁၇

တောင်သမန်တံတားနှင့် အင်းအတွင်းသို့ နိုဝင်ဘာလ ဒုတိယပတ်မှစ၍ တစ်ရက်လျှင်ပြည်တွင်း၊ ပြည်ပ ခရီးသွား ဦးရေ ၁၅၀၀ ကျော် လာရောက်လည်ပတ်လျက်ရှိကြောင်း အဆိုပါတံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် လည်ပတ်ကြည့်ရှုရာ အထင်ကရနေရာများအပြားတွင် တောင်သမန်တံတားနှင့် အင်းမှာလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ယခုလက်ရှိတွင် တောင်သမန်တံတားနှင့် အင်းအတွင်းသို့ နိုဝင်ဘာလဒုတိယပတ်မှစ၍ တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၁၅၀၀ ကျော်ဝင်ရောက်လည်ပတ်နေကြောင်း သိရသည်။

"အခု တန်ဆောင်တိုင်ပွဲတော်ကာလဖြစ်တာကြောင့် တောင်သမန်တံတားနဲ့ အင်းမှာ ခရီးသွားတွေ ဝင်ရောက်လည်ပတ်မှုများပြားလာတယ်။ အခု လတ်တလော တောင်သမန်တံတားနဲ့ အင်းအတွင်း ငှက်လှေစီးရင်းလည်ပတ်ကြတဲ့ ပြည်ပနိုင်ငံတွေဖြစ်တဲ့ ကိုရီးယား၊ ထိုင်း စတဲ့နိုင်ငံက ခရီးသည်တွေ ဝင်ရောက်လည်ပတ်မှုက တော်တော်လေးများလာတယ်"ဟု အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

အဆိုပါ တောင်သမန်တံတားနှင့် အင်းသို့ ယခု နိုဝင်ဘာလ ပထမပတ်က တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပခရီးသွား ဦးရေ ၆၀၀ ကျော်သာ လာရောက်လည်ပတ်ခဲ့သော်လည်း ယခုလက်ရှိ နိုဝင်ဘာလဒုတိယပတ် တန်ဆောင်တိုင်ပွဲတော်ကာလတွင် ၎င်းတံတားနှင့်အင်းအတွင်းသို့ တစ်ရက်လျှင် ခရီးသွား ဦးရေ ၁၅၀၀ ကျော် ဝင်ရောက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

တောင်သမန်တံတားတွင် တိုင်လုံး စုစုပေါင်း ၁၀၈၆ တိုင်ရှိကြောင်း၊ တောင်သမန်အင်းအတွင်း၌ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အင်းအတွင်း နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် သွားရောက်ကြည့်ရှုနိုင်ရန် ငှက်လှေ အစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးနေကြောင်း သိရသည်။

(၁၈၄)

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၀၇၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ရွှေဘို နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၀၇၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာများကို ယခုနှစ်သြဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၇၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၄ ဒသမ ၀၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ နေကြာ ၁၁၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၀၇၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကနေ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်။ နေကြာကို ဆောင်းရာသီမှာအများဆုံးစိုက်ပျိုးကြတာပါ"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၃ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၈၄ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၀၁ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၃၆ ဧက စုစုပေါင်း ၁၀၇၄ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် နေကြာစိုက်ပျိုးသည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးမုတ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ရက်ထိ တစ်လအတွင်း ငါးမုတ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ အောက်တိုဘာလအတွင်းက ငါးမုတ် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အား တက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီကို ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ငါးတွေကလဲလတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားတက်လာတော့ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက် ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မောက်မယ်မြို့နယ် လွိုင်ဆမ်ဆစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေး

**မောက်မယ် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်ဆမ်ဆစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၂၁ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များက လွိုင်ဆမ်ဆစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၂၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးသန်းဇော်ဦး-ဒေါ်ဖြူပြာသင်း သမီး-မဆုရွှေရည် မိသားစုက ဆွမ်းအလှူငွေကျပ် ၄၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့်ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၅၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၅၅၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၄၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၅၁၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မတ်ပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၆၉ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၈၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၅၅ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၃၀၁၀ စုစုပေါင်း ၅၅၁၄ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၆၀၀၊ ကနီမြို့နယ်တွင် ဧက ၆၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၁၀ နှင့် ပုလဲမြို့နယ်တွင် ၃၀၆၈ ဧက စုစုပေါင်း ၁၀၄၇၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ပင်တလဲကျေးရွာအုပ်စု ကန်အောက်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကန်အောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ်သန်း ၁၀ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၀၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၈၅ သန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် လေးသန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ကိုးသန်းနှင့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၆၂ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

# ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧကကို နိုဝင်ဘာလ ဒုတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ဖူးစားပြောင်းများ ရွက်လိပ်ပိုး ၊ ရွက်ဖျက်ပိုး၊ ငမြှောင်တောင်စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းပြောင်းများ ဖြစ်ထွန်းစေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

''ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ တောင်သူတွေ ဆောင်းသီးနှံကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင် ပေးထားပါတယ်။ ငပုတောမြို့နယ်မှာ ယခုနှစ် ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်။ ယခင်နှစ်ထက် အထွက်နှုန်းကောင်းမွန်စေဖို့၊ အရည်အသွေးကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ လုပ်ဆောင်နေပါတယ်''ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငပုတောမြို့နယ်မှ တောင်သူများအနေဖြင့် ဖူးစားပြောင်း ၂၇၆၇ ဧကကို ကျေးရွာ ၁၈ ရွာမှ တောင်သူများက အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# အောင်မြင်လိုလျှင် လူတွေအောင်မြင်အောင် ကူညီပါ

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

ယခုတင်ပြမည့်အကြောင်းအရာ၏ခေါင်းစဉ်က စာလုံး ၁၂ လုံးတောင်ရှိသဖြင့် ရှည်လျားလှသည် ဆိုနိုင်ပါသည်။ စာရေးသူရေးခဲ့ဖူးသမျှ ဆောင်းပါး ပေါင်း ၅၀၀၀ ကျော်တို့တွင် ဤဆောင်းပါးသည် မည်မျှ ကောင်းမည်၊ မကောင်းမည် မသိသေးသော်လည်း အရှည်ဆုံးသောခေါင်းစဉ်ဟု ထင်မိပါသည်။ စာရေးသူ က အဓိပ္ပာယ်ပေါ်လွင်လွယ်ကူသော တိုတိုတုတ်တုတ် သံခိပ်ခေါင်းစဉ်မျိုးသာ ပေးလေ့ရှိကြောင်း ကျွန်တော် ၏စာဖတ်ပရိသတ်များက သတိထားမိကြပါသည်။ အလွန်ဆုံး ခုနစ်လုံး၊ ရှစ်လုံးပေါ့ခင်ဗျာ။

**"အောင်မြင်လိုလျှင်"**ဟု အခင်းအပျိုး စာလုံး လေးလုံးသာ ခေါင်းစဉ်တပ်ပါကလည်း ရနိုင်ပါ သည်။ သို့သော် ဤသို့ ပဟေဠိဝှက်သော တိုးလိုး တန်းလန်းခေါင်းစဉ်မျိုးကို ဤအကြောင်းအရာ၌ မတင်လိုပါ။

**"လူတွေအောင်မြင်အောင်ကူညီပါ"**ဟု ခေါင်းစဉ် တပ်၍လည်းဖြစ်ပါ၏။ စာလုံး ရှစ်လုံးနှင့်ဆိုလိုရင်းကို ထိရောက်ပါ၏။ သို့ရာတွင် ဘာလို့ကူညီရမှာလဲဟု ခေါင်းစဉ်ထဲတွင် တိတိကျကျပါဝင်သည်ကို စာရေးသူ က သဘောကျမိသည်။ ဘာကြောင့်ဟူသော အကြောင်းရင်းအဓိကအချက်ကို ဖော်ပြထားရန် ပျက်ကွက်မိသဖြင့် ဘာမသိညာမသိ၊ မကူညီနိုင်ပေါင် ဗျာဟု လှည့်ထွက်ကာ မျက်ကွယ်ပြုသွားခံရမှာမဖြစ် စေလိုပါ။ တွေ့မိသောစာဖတ်သူဟူသမျှက ဤအဖိုး တန်အကြောင်းအရာတင်ပြချက်ကို လွယ်ကူစွာရယူ သွားကြစေလိုသော စာရေးသူ၏စေတနာဖြင့် ခေါင်းစဉ်ကို ပြည့်ပြည့်စုံစုံ ရှည်ရှည်လျားလျားတပ် ရပါသည်။

ခေါင်းစဉ်စိတ်ကူး ဘယ်ကရသလဲဆိုလျှင် ဘဝသစ် ဦးအောင်ကျော်၏ စွယ်စုံသုတအင်္ဂလိပ်စာ စာအုပ်၏ နောက်ပိုင်း၌ တူဒေးစာအုပ်တိုက်က ထုတ်ဝေခဲ့သည့် စာအုပ်စာရင်းမှာ ဒေါက်တာသိန်းလွင်ရေးသော (ဘာသာပြန်လည်းဖြစ်နိုင်ပါသေး၏) "အောင်မြင်လို လျှင် လူတွေအောင်မြင်အောင် ကူညီပါ"ဟူသော စာအုပ်အမည်ကို တွေ့လိုက်မိရာမှ ဤစာအုပ်ကို မမြင်ဖူး မဖတ်ဖူးပါသော်လည်း မိမိက လုပ်ဖော်ကိုင် ဖက်များ၊ ရဲဘော်ရဲဘက်များကို အမြဲတစေပြောပြ တိုက်တွန်းနေကျစကားပဲဖြစ်သဖြင့် ဤဆောင်းပါး ကို ချက်ချင်းရေးဖြစ်ပါတော့သည်။

ဘဝသစ်ဦးအောင်ကျော်၊ ဒေါက်တာသိန်းလွင်နှင့် တူဒေးစာအုပ်ထုတ်ဝေသူ ဆရာဒေါက်တာသာထွန်းဦး တို့အား ကျေးဇူးတင်ရပါသည်။

**အနီးအဝေး**

တကယ်တော့ ကျွန်တော်တို့ ဤဘဝ၊ ဤအခြေ အနေရောက်ရှိရပ်တည်နိုင်ရခြင်းသည်ပင် မရေမတွက် နိုင်အောင်များပြားသော အနီးအဝေးလူပုဂ္ဂိုလ်တို့၏ ကျေးဇူးတရားအမျိုးမျိုးနှင့် မကင်းခဲ့ပါ။ မြင်းမိုရ် တောင်ဦးမကကျူးသည့် ကျေးဇူးရှင် အမိအဖနှင့် ဆရာများအပါအဝင် ကူညီဖေးမစောင့်ရှောက်ကြ သော ဆွေမျိုးသားချင်း၊ ရပ်မိရပ်ဖနှင့်အပေါင်းအသင်း များ၏ အကူအညီအထောက်အပံ့တို့သည် ကြီးမား လှပါသည်။

မိမိအကူအညီလိုအပ်သောအခါ တောင်းစရာမလို ဘဲ စေတနာဖြင့်ပေးသူ၊ ကူသူများခဲ့ပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်၊ သင်တန်း စသည်တို့တွင် မိမိကို သင်ကြားပြသလမ်းညွှန်ခဲ့ကြသူ များက အောင်မြင်အောင် မိမိဘဝတွင် ပါဝင်ကူညီပေး ခဲ့ကြပါသည်။ အသက် ၁၂ နှစ်ထိ ကျေးလက်တောရွာ မှာ လူဖြစ်လာခဲ့သည်။ အသက် ၁၃ နှစ်အရွယ် အထက်တန်းကျောင်းသားဘဝတွင် အစ်ကိုကြီး ချစ်ကြွယ်၊ မမထားရင်တို့အိမ်တွင် သုံးနှစ်၊ အစ်ကိုကြီး အောင်လှိုင်၊ မမလှမယ်တို့အိမ်တွင် တစ်နှစ်၊ ချောက်မြို့ မှာနေ၍ ကျောင်းတက်ခွင့်ရခဲ့ပါသည်။ ကျောင်းနေ ဖက်သူငယ်ချင်းတွေဖြစ်ကြသော သန်းနိုင်ဦး၊ အောင်သန်းမြင့်၊ ကျော်ဇေယျ စသော မိမိအချစ်ဆုံး သူငယ်ချင်းများသည် မိမိအတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီခဲ့ကြသည်။ သူတို့၏ကျေးဇူးဖြင့် ရုပ်ရှင် တွေအများကြီးကြည့်ရသည်။ စာအုပ်တွေအများကြီး ဖတ်ခဲ့ရသည်။ ကျွန်တော် တက္ကသိုလ်တက်ဖို့သွား သောအခါ ပုဆိုး၊ တိုက်ပုံ၊ ကတ္တီပါဖိနပ်ကအစ ထည့် ပေးလိုက်ကြပါ၏။

တက္ကသိုလ် လေးနှစ်တက်ခဲ့စဉ်မှာလည်း အဆောင် မှာအတူနေသော သူငယ်ချင်းများ၏ အပြန်အလှန် အကူအညီများဖြင့် ဘွဲ့ရပညာတတ်တစ်ယောက်၏ နေပုံထိုင်ပုံ၊ ဝတ်ပုံစားပုံ၊ တွေးခေါ်စဉ်းစားပုံတို့ကို အတုယူခဲ့ရပေသည်။

**လူတစ်လုံးသူတစ်လုံး**

တကယ်တော့ ဘယ်လူသားမှ ထီးတည်းအထီးကျန် ရှင်သန်ရင့်ကျက်လာနိုင်စွမ်းမရှိပါ။ သူတစ်ပါး၏ အခြေအနေ အချိန်အခါအရ ထောက်ပံ့ကူညီမှုများ ဖြင့် လူဖြစ်လာရသည်။ မိဘဆွေမျိုးတို့၏ ကျွေးမွေး စောင့်ရှောက်မှု၊ ဆွေမျိုးသားချင်းများက ထောက်ပံ့ ကူညီမှု စသည်တို့ဖြင့် လူတစ်လုံးသူတစ်လုံး မြင့်မား လာရသည်။ အိမ်ခြေ ၃၀ မျှသာရှိသော ချင်းတွင်းမြစ် ကမ်းဘေးက နတ်ကျွန်းရွာလေးတွင်မွေးဖွားခဲ့သော မောင်အောင်ခင်သည် အစ်ကိုရင်း ဦးပဥ္စင်းရဟန်း၏ ကူညီစောင့်ရှောက်ခြင်းဖြင့် ရန်ကုန်မြို့ (အင်္ဂလန် ပန်းချီကျောင်းဆင်း) နိုင်ငံကျော်ပန်းချီဆရာကြီး ဦးဘဉာဏ်ထံပါးဝယ် ငါးနှစ်ကြာ ပန်းချီပညာသင်ယူ လေ့ကျင့်ခွင့်ရပြီး နောင်အခါ မန္တလေးမြို့ဝယ် **ပန်းချီအောင်ခင်**ဟူသော ထင်ရှားအောင်မြင်သော ပန်းချီဆရာတစ်ဦးဘဝ ရောက်ရှိလာရလေ၏။

ဘယ်သူဘယ်ဝါမဆို မိမိနှင့်ရေစက်ဆုံ၍တွေ့ကြုံ လာသူဟူသမျှကို ထိုသူ၏ အနိမ့်အမြင့်၊ အဆင့်ဆင့် နှင့်လျော်ညီစွာ၊ အနုအရင့် သူအဆင့်နှင့်ကိုက်ညီစွာ အပြည့်အဝကူညီပေးနေကြသည့် ခေါင်းဆောင် အကြီးအကဲပေါင်းများစွာ မြင်တွေ့သိရှိခဲ့ရပါသည်။ ရေတွက်ဖော်ပြရန်များလွန်းသဖြင့် ပြည့်စုံအောင် အမည်စာရင်းချရေး၍ပင် ကုန်နိုင်မည်မထင်ပါ။ မြန်မာစာပါမောက္ခဆရာကြီး ဒေါက်တာဦးခင်အေး ကမူ သူငယ်တန်းမှအစ ဝိဇ္ဇာတန်း၊ မဟာဝိဇ္ဇာတန်း၊ ပါရဂူတန်းအထိ သူ့ကိုသင်ကြားပြသခဲ့ကြသည့် ကျေးဇူးရှင်ဆရာပေါင်း ၉၉ ဦးတိတိကို စနစ်တကျ စာရင်းအင်းချ၍ ရေးမှတ်ထားခဲ့သူဖြစ်လေသည်။ ဆရာကြီး **ပါမောက္ခဒေါက်တာခင်အေးကား** ဇမ္ဗူ တစ်လူဟုဆိုထိုက်အောင် သူ့ရှေ့က ဆရာကြီးများ ထက် သူ့နောက်က မြန်မာစာဆိုင်ရာ ဆရာပေါင်း များစွာထက် **"မြန်မာစကားပြေသဘောတရားနှင့် အတတ်ပညာ"**အရာတွင် သူမတူအောင် ကျွမ်းကျင် တတ်မြောက်ထူးချွန်သူပုဂ္ဂိုလ်ဖြစ်ပါပေသည်။ ဤမျှ တော်ခဲ့သောတပည့်မို့ ဤသို့ထူးချွန်သော ဆရာကြီး ဖြစ်လာခြင်းပင်မဟုတ်ပါလား။

သူတစ်ပါးက မိမိကို အောင်မြင်အောင်ကူညီခဲ့ကြ သည်။ မိမိက ကွယ်လွန်သွားခဲ့ရှာသော ဆရာ့ဆရာ များကို ကျေးဇူးတုံ့ပြန်ဆပ်ခွင့်မသာသောအခါ မိမိ ထက်ငယ်ရွယ်နုနယ်သော နောက်လာနောက်သား လူငယ်လူရွယ်များကို ပိုမိုမြင့်မားသောအခြေ အနေအဆင့်အတန်းရောက်အောင် မိမိတို့ပခုံးဖြင့် ထမ်းပင့်၍မြှင့်တင်ပေးဖို့ရာ တာဝန်ရှိကြသည် မဟုတ်ပါလား။

**❖သူတစ်ပါးကို အောင်မြင်အောင် စိတ်ကောင်းစေတနာ အရင်းခံဖြင့် ကူညီခဲ့သူများသည် မတိမ်ကောပါ။ သူတို့ကိုယ်တိုင် စေတနာကံက အကျိုးပေးချီးမြှောက်လေ့ရှိသည့်အလျောက် အဆင့်အတန်းကြီးမားသော ရာထူးတာဝန်များသို့ ရောက်ကြရကြောင်း တွေ့မြင်ခဲ့ရပါ၏။ ဆက်၍ရှုစားကြပါလေ။ အောင်မြင်လိုလျှင် အောင်မြင်အောင် လူတွေကို စေတနာရှေ့ထားကာ ကူညီပေးပါ။ မည်သူမဆို ကောင်းကျိုးမုချရရှိပါလိမ့်မည်။ မယုံမရှိကြလေနှင့်၊ ကိုယ်တွေ့သင်ခန်းစာများ ရှိထားခဲ့ပါသည်။ ❖**

**နုရွယ်ငယ်စဉ်**

မိမိတို့စတင်ရောက်ရှိခဲ့သော ခြေလျင်တပ်ရင်း သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့တစ်မြို့ရှိတပ်ရင်း ဖြစ်ပါသည်။ ပထမတပ်ရင်းမှူးနှင့် ကြာကြာမဆုံရဘဲ သူကပြောင်းသွားသည်။ ဒုတိယရောက်ရှိလာသော တပ်ရင်းမှူးအသစ်မှာ ရမခမှ ရာထူးတိုးလာ သည့် **"ဗိုလ်မှူး ဒေးဗစ်အိုအေဘယ်"**ဖြစ်ပေသည်။ ဆရာရင်း၊ တပည့်ရင်းအဖြစ်သာမက ဖခင်နှင့်သားသမီး ပမာ ထိတွေ့ရင်းနှီးကြရသည်။ ဗိုလ်မှူးအေဘယ် သည် အင်္ဂလန်နိုင်ငံ ဆင်းဒဟတ်စ်ဗိုလ်သင်တန်းဆင်း အရာရှိဖြစ်လေသည်။ သူနှင့်အတူ ဗိုလ်လောင်းအေးပို၊ ဗိုလ်လောင်းအောင်ကြည်၊ ဗိုလ်လောင်းရွှေရိုးတို့ သွားခဲ့ကြရသည်။ ကျွန်တော်တို့ကို **စိတ်ဓာတ်၊ စည်းကမ်း** ကောင်းအောင် မိမိကိုယ်တိုင်တည်ဆောက် ပါ။ လက်အောက်ရဲဘော်ရဲဘက်များကိုလည်း စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းကောင်းနေ အောင်၊ ရပ်သူရွာသား ပြည်သူများနှင့် မိမိတပ်မတော်သားအချင်းချင်း **စေတနာထား၍** ပြုမူဆက်ဆံကူညီရန် လေ့ကျင့်ပျိုးထောင်ပါဟု သင်ကြားပါ၏။ သူကိုယ်တိုင်လည်း ရှေ့က စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာ၊ **"အကောင်းဆုံး စံနမူနာပြ"** ကျင့်ကြံပြောဆိုပြုမူ လုပ်ကိုင်ပြခဲ့၏။

**စံနမူနာပြ**

ဒုဗိုလ်ဘဝမှာ ဆရာကောင်းကြုံခဲ့ရသည်ဟုဆို ရပါမည်။ ကံကောင်းကြပေသည်။ သူတပည့်တွေထဲ က ဝန်ကြီး၊ တိုင်းမှူး စသည့် ပြည်ထောင်စုအဆင့်၊ ဒေသအဆင့်တာဝန်ယူနိုင်သော ပုဂ္ဂိုလ်များရှိလာ ခဲ့ပေသည်။ ဗိုလ်ချုပ်အေဘယ်သည် ကကဝယ် ညွှန်ကြားရေးမှူးအပြင် စီမံဘဏ္ဍာ၊ ကုန်သွယ်ရေး၊ ဟိုတယ်ခရီး စသည့် ဝန်ကြီးဌာန လေးခုလောက်ကို မည်းမည်းမည်း ကြိုးပမ်းထမ်းဆောင်သွားနိုင်သူဖြစ် လေသည်။ ဆရာသမားက မျှဝေပျိုးထောင်လေ့ကျင့် ပေးခဲ့သော စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာ သည် မိမိတို့ဘဝတစ်သက်တာ နာမည်ကောင်းရသူ တွေဖြစ်စေခဲ့ပါသည်။ ပေးအပ်သည့်တာဝန်ကို ကြီးကြီးငယ်ငယ်၊ ပူပူအေးအေး၊ မည်းမည်းမည်း ဦးလည်မသုန် စွမ်းဆောင်နိုင်သူများဖြစ်စေ ခဲ့ပါသည်။

**"မင်းတို့စိတ်ဓာတ်ကောင်းတယ်၊ စည်းကမ်း ကောင်းတယ်။ သူတစ်ပါးအပေါ် စေတနာကောင်း ထားတယ်။ သူ့အကျိုးအတွက် ကိုယ်က တတ်စွမ်း သမျှ ကူညီတယ်ဆိုရင် အခြားလူတွေကလည်း ကိုယ့်ကို ကူညီဖေးမစောင့်ရှောက်ကြတယ်။ ကိုယ့် ရည်ရွယ်ချက်အောင်မြင်အောင် အထောက်အကူပေး လေ့ရှိကြပါတယ်"**ဟု ဝန်ကြီး ဗိုလ်မှူးချုပ် အေဘယ် က တွေ့ဆုံကြတိုင်း ဆုံးမမှာကြားလေ့ရှိပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က မိမိတို့ဆရာ ကြည်း ၇၀၈၆ ဗိုလ်မှူး အေဘယ်သည် ဗုဒ္ဓဘာသာဝင် မဟုတ်သော်လည်း **"စိတ်ကောင်းရှိဖို့က ပထမ"** ဟူသော အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ(၁၉၀၀-၁၉၇၇)၏ ဩဝါဒကို သေတစ်ပန်သက်ဆုံး ကျင့်သုံးလိုက်နာသူဖြစ် ပါပေသည်။

အောင်မြင်လိုလျှင် လူတွေကို ကူညီပါဆိုသော သဘောတရားသည် အသစ်အဆန်းတော့လည်း မဟုတ်ပါ။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော် က ပုဂံပြည့်ရှင် ကျန်စစ်သားမင်းကြီးကျောက်စာတွင် ရေးထိုးထားသော **"ပြည်သူတို့၏ ဒုက္ခရောက်ရသဖြင့် ကျသောမျက်ရည်တို့ကို ငါ၏လက်ဖြင့် သုတ်ပေးအံ့ (နှစ်သိမ့်ကူညီအားပေးမှု)အဝတ်ပုဆိုး၊ ဆန်ရေစပါး စသည့် ဝတ်ဆင်စရာ စားသောက်စရာများကိုလည်း ငါ၏လက်ဖြင့် ကျွေးမွေးထောက်ပံ့အံ့"(ကူညီမှု)** စသည်ဖြင့် လူအများကို အကောင်းဆုံးကူညီပေးမည် ဟု စိတ်ကောင်းစေတနာထားတော်မူသော မင်းမြတ် မင်းကောင်းသည် ပြည်သူနှင့်တကွ စစ်သည်ဗိုလ်ပါ ဆင်၊ မြင်း၊ ရထား၊ စစ်အင်အားလည်း တောင့်တင်းခိုင်မာ သည့်အလျောက် မြန်မာနိုင်ငံတော်ကြီးကို နှစ်ပေါင်း များစွာ အေးချမ်းသာယာ လုံခြုံငြိမ်းချမ်းအောင် ထူထောင်နိုင်ခဲ့ပေသည်။ ခေါင်းဆောင်မင်းဘုရင်က စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကျင့်ဝတ်ခိုင်မာ ခြင်း၊ စေတနာမေတ္တာကြီးမားခြင်းနှင့် ဘုန်းလက်ရုံး တန်ခိုးရှိခြင်းတို့ကြောင့် နိုင်ငံတစ်ဝန်း တိုင်းသူပြည်သား များ နှလုံးစိတ်ဝမ်းကြည်လင်ပျော်ရွှင်ကြရလေသည်။ လူလူချင်း ကူညီစောင့်ရှောက်။

**နိဂုံး**

မိမိမျက်စိရှေ့မှောက်မှာပင် နယ်မြေဒေသအနှံ့ အပြားသို့ ကိုယ်တိုင်သွားရောက်ကာ ဒေသခံလူအများ နှင့်ထိတွေ့ပြောဆိုပြီး ပွင့်လင်းရင်းနှီးစွာ ဆွေးနွေး မေးမြန်းခြင်း၊ အခက်အခဲ၊ မကျေလည်သည်များကို အလေးထား၍ ဖြည့်ဆည်းပေးခြင်းတို့ပြုခဲ့ကြသော ခေါင်းဆောင်ကောင်းတို့ကို တွေ့မြင်ခဲ့ရပါသည်။ သူတစ်ပါးကို အောင်မြင်အောင် စိတ်ကောင်းစေတနာ အရင်းခံဖြင့် ကူညီခဲ့သူများသည် မတိမ်ကောပါ။ သူတို့ကိုယ်တိုင် စေတနာကံက အကျိုးပေးချီးမြှောက် လေ့ရှိသည့်အလျောက် အဆင့်အတန်း ကြီးမားသော ရာထူးတာဝန်များသို့ရောက်ကြရကြောင်း တွေ့မြင်ခဲ့ ရပါ၏။ ဆက်၍ရှုစားကြပါလေ။

အောင်မြင်လိုလျှင် အောင်မြင်အောင် လူတွေကို စေတနာရှေ့ထားကာ ကူညီပေးပါ။ မည်သူမဆို ကောင်းကျိုးမုချရရှိပါလိမ့်မည်။ မယုံမရှိကြလေနှင့်၊ ကိုယ်တွေ့သင်ခန်းစာများ ရှိထားခဲ့ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ ၂၆၃၅ ဧက စိုက်ပျိုးမည်



ပုသိမ် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၃၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ၂၆၃၅ ဧကကို နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲများ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၂၆၃၅ ဧကထိ စိုက်ပျိုးသွားဖို့ရှိပါတယ်။ မြေပဲအပါအဝင် ဆောင်းသီးနှံတွေကို လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက တောင်သူအသိပညာပေးလုပ်ငန်းတွေကို မြေပြင်ထိ ကွင်းဆင်းပို့ချ ဆောင်ရွက်ပေးနေပါတယ်။ သာပေါင်းမြို့နယ်က တောင်သူတွေက ဆီထွက်သီးနှံမြေပဲတွေကို စိုက်ဖူးတဲ့အတွေ့အကြုံရှိထားပြီးသားဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် တောင်သူများ မြေပဲအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာ၊ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့်အပြင် မြေပဲသီးနှံများ တစ်ဧကချင်းစီအလိုက် အထွက်နှုန်းကောင်းစေရန်၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေး အသုံးပြုသည့်နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် အသုံးပြုမှုများ၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန်အချက်များ စသည်တို့ကို အားဖြည့်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

## ချစ်ခြင်းမေတ္တာ ပွားများပါ

- လောကမှာ သူငါအများ
မေတ္တာပွား နေထိုင်မယ်၊
တစ်ဦးအပေါ် တစ်ဦးက
ဖေးမကူကွယ်၊
ဖြူစင်ခြင်း စိတ်ဓာတ်ရယ်
ရင်တွင်းဝယ် မွေးမြူလျက်၊
ရိုးသားစွာ ဘဝလမ်းကို
လျှောက်လှမ်းရှေ့ဆက်။

- ချစ်မေတ္တာ ရင်မှာဖက်လို့
အကြင်နာလက် ပေးကမ်းပါ၊
အတ္တမာန်တွေ မထောင်လွှား
ရှောင်ရှားဖယ်ခွာ၊
ပရအကျိုး သယ်ပိုးကာ
ကိုယ်ကျိုးငှာ စွန့်လွှတ်ပေး၊
စေတနာ ဖြူစင်နှလုံးကို
ကျင့်သုံးစို့လေး။

- မနာလို အမုန်းမမွေးနဲ့
နှလုံးသွေးတို့ ရှင်းသန့်စေ၊
ကတိသစ္စာ တည်အောင်ထိန်း
အေးငြိမ်းစည်ပေ၊
မွန်မြတ်ခြင်း ချစ်သဒ္ဓါဝေ
မေတ္တာတွေ ကိုယ်စီပွား၊
လူ့ပြည်ရွာ ဘေးမသန်းတယ်
အေးချမ်းစေသား။ ။

ရဲသွေးနီ(တက်ဝန်)

## ဘားအံမြို့နယ် နိုင်းကြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဘားအံ နိုဝင်ဘာ ၁၇

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှာကဒေါင်ကျေးရွာအုပ်စု နိုင်းကြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းမာအေးနှင့် တာဝန်ရှိသူများက နိုင်းကြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ဝင်းမာအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်းကြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၁၅ သိန်းထိ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လှ

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေး



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# ဟိုက်ပါဆိုးနစ် တာဝေးပစ်ဒုံးကျည် အိန္ဒိယနိုင်ငံ စမ်းသပ်

ဒေလီ နိုဝင်ဘာ ၁၇

အိန္ဒိယနိုင်ငံသည် ပြည်တွင်းထုတ်တာဝေးပစ် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း အိန္ဒိယမီဒီယာများက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်ကို အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩဒိသာပြည်နယ် အေပီဂျေအဗ္ဗဒူခါလမ်ကျွန်းမှတစ်ဆင့် နိုဝင်ဘာ ၁၆ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းတာဝေးပစ် ဟိုက်ပါဆိုးနစ်ဒုံးကျည်သည် စမ်းသပ်မှုအတွင်း ဟိုက်ပါဆိုးနစ်အမြန်နှုန်းဖြင့်ပျံသန်းခဲ့ပြီး ပစ်မှတ်ထိမှန်မှုလည်း တိကျကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ဟိုက်ပါဆိုးနစ်ဒုံးကျည်ကို အိန္ဒိယအစိုးရ၏ကာကွယ်ရေးသုတေသနနှင့်ဖွံ့ဖြိုးရေးဌာနက တည်ဆောက် ပေးထားခြင်းဖြစ်သည်။

ယင်း ဟိုက်ပါဆိုးနစ်တာဝေးပစ်ဒုံးကျည်သစ်သည် ခရီးအကွာအဝေးမိုင်ပေါင်း ၉၃၀ထိပျံသန်းနိုင်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၆ ရက် ဟိုက်ပါဆိုးနစ် ဒုံးကျည်စမ်းသပ်မှုကို သမိုင်းဝင် အောင်မြင်မှုတစ်ရပ်အဖြစ်အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာဂျနက်ဆင်းက ကြေညာထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# နီပေါတောင်ပေါ်လမ်း၌ ယာဉ်တစ်စီးလမ်းချော်၍ ချောက်ထဲထိုးကျမှုကြောင့် ရှစ်ဦး သေဆုံး

ခတ္တမန္ဒူ နိုဝင်ဘာ ၁၇

နီပေါနိုင်ငံ အနောက်ပိုင်း တောင်ပေါ်လမ်းတစ်လမ်း၌ နိုဝင်ဘာ ၁၅ ရက်က ခရီးသည်တင်ဗင်ကားတစ်စီးလမ်းချော်၍ ချောက်ထဲထိုးကျခဲ့ရာ လူပေါင်း ရှစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါခရီးသည်တင်ဗင်ကားသည်လမ်းချော်ခဲ့ပြီးနောက် အနက်မီတာ ၂၀၀ ခန့်ရှိသော လမ်းဘေးချောက်အတွင်းသို့ လိမ့်ဆင်းခဲ့ရကြောင်း နီပေါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၅ ရက် ယာဉ်မတော်တဆမှုသည် ခတ္တမန္ဒူမြို့နှင့် ၂၇၅ မိုင်ခန့်အကွာ ကျေးရွာတစ်ရွာအနီး တောင်ပေါ်လမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုတွင် ဒဏ်ရာရရှိသူ ခရီးသည်လေးဦးရှိခဲ့ရာ ၎င်းတို့ကို ရဟတ်ယာဉ်ဖြင့်ကယ်ထုတ်၍ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း နီပေါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို နီပေါတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

နီပေါနိုင်ငံ၏ တောင်ပေါ်လမ်းများသည် ကျဉ်းမြောင်းပြီး ပြုပြင်ထိန်းသိမ်းမှု ညံ့ဖျင်းသော တောင်ပေါ်လမ်းများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# နျူကလီးယားလက်နက်များသုံးစွဲရေး ဆုံးဖြတ်ချက်များကို လူသားများသာဆုံးဖြတ်သင့်ကြောင်း အမေရိကန်နှင့် တရုတ်ခေါင်းဆောင်တို့သဘောတူ



လီမာ နိုဝင်ဘာ ၁၇

နျူကလီးယားလက်နက်သုံးစွဲမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူ့ဉာဏ်ရည်တုနည်းပညာဖြင့် ဆုံးဖြတ်မည့်အစား လူသားများကသာ ဆုံးဖြတ်သင့်ကြောင်းကို တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့က နိုဝင်ဘာ ၁၆ ရက်တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပနေသည့် အေပက်ထိပ်သီးညီလာခံကာလ နိုဝင်ဘာ ၁၆ ရက်တွင် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နျူကလီးယားလက်နက်သုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို လူသားများကသာ ချမှတ်သင့်ကြောင်းကို သမ္မတ ဂျိုးဘိုင်ဒင်နှင့် သမ္မတ ရှီကျင့်ဖျင်တို့က သဘောတူခဲ့ကြကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် အအေးဆိုင်နည်းပညာကြောင့် ပေါ်ထွက်လာနိုင်သည့် ပြဿနာများကို ဆင်ခြင်သုံးသပ်ရန်လိုအပ်မှုကိုလည်း တရုတ်နှင့် အမေရိကန် ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

လီမာမြို့ထိပ်သီးဆွေးနွေးပွဲတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည်တရုတ်(ထိုင်ဝမ်)ပြဿနာ၊ ယူကရိန်းစစ်ပွဲပြဿနာနှင့် အခြားနိုင်ငံတကာပြဿနာများနှင့်ပတ်သတ်၍လည်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၆ ရက် လီမာမြို့ထိပ်သီးဆွေးနွေးပွဲသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အတွက် တာဝန်ထမ်းဆောင်ဆဲ အမေရိကန်သမ္မတတစ်ဦးအဖြစ် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် နောက်ဆုံးတွေ့ဆုံဆွေးနွေးမှု ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဩဂုတ်လနောက်ပိုင်း အပြင်းထန်ဆုံးလေကြောင်းတိုက်ခိုက်မှုအဖြစ် ယူကရိန်းပစ်မှတ်များကို ရုရှားတပ်များတိုက်ခိုက်

ကီယက်ဗ် နိုဝင်ဘာ ၁၇

ရုရှားနိုင်ငံသည် ယူကရိန်းပြည်တွင်းစွမ်းအင်ကဏ္ဍအခြေခံအဆောက်အအုံများကို ပစ်မှတ်ထား၍ ယနေ့တွင် ပြင်းထန်သည့်လေကြောင်း တိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း သိရသည်။



ယနေ့လေကြောင်းတိုက်ခိုက်မှုတွင် ရုရှားတပ်များက ဒုံးကျည်အစင်း ၁၂၀ နှင့် မောင်းသူမဲ့လေယာဉ်အစင်း ၉၀ကို အသုံးပြုခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် ယခုနှစ်ဩဂုတ်လနောက်ပိုင်းအပြင်းထန်ဆုံး ရုရှားလေကြောင်း တိုက်ခိုက်မှုဖြစ်ကြောင်း ယူကရိန်းတပ်မတော်၏ အဆိုအရသိရသည်။

ဆောင်းရာသီ မဝင်ရောက်မီ ယူကရိန်း၏စွမ်းအင်ကဏ္ဍအခြေခံအဆောက်အအုံများအား ရုရှားနိုင်ငံက လေကြောင်းတိုက်ခိုက်မှုများဖြင့်ဖျက်ဆီး၍ ကြိုးစားလာမည့်အရေးကို ယူကရိန်းအစိုးရက စိုးရိမ်လျက်ရှိသည်။

ရုရှားနိုင်ငံသည် ယခုနှစ် ဩဂုတ် ၂၆ ရက်တွင် ယူကရိန်းပစ်မှတ်များကို ဒုံးကျည်အများအပြားနှင့် နောက်ဆုံးတစ်ကြိမ်တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

ထိုစဉ်က ရုရှားနိုင်ငံသည် ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ်အစင်း ၂၀၀ ကျော် အသုံးပြု၍ ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ၂၀၃၀ ပြည့်နှစ် အေပက်ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ် စင်ကာပူလက်ခံကျင်းပမည်

လီမာ နိုဝင်ဘာ ၁၇

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)၏ ၂၀၃၀ ပြည့်နှစ် ထိပ်သီးညီလာခံကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း နိုဝင်ဘာ ၁၆ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၃၀ ပြည့်နှစ် အေပက်ထိပ်သီးညီလာခံအား စင်ကာပူ၌ ကျင်းပမည့်အစီအစဉ်ကို ပီရူးနိုင်ငံ လီမာမြို့၌ နိုဝင်ဘာ ၁၆ရက်တွင် ကျင်းပသည့် အေပက်ထိပ်သီးညီလာခံနောက်ဆုံးနေ့တွင် စင်ကာပူဝန်ကြီးချုပ် လောရင့်ဝေါင်က အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

အေပက်အဖွဲ့သည် ကမ္ဘာ့နိုင်ငံများကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးကြီးသည့် ကြားခံအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ်က အေပက်ထိပ်သီးညီလာခံ၌ ပြောကြားခဲ့သည်။

အေပက်အဖွဲ့တွင်အဖွဲ့ဝင် နိုင်ငံ ၂၁နိုင်ငံပါဝင်ပြီး ယင်းနိုင်ငံအားလုံး၏ စုစုပေါင်းစီးပွားရေးထုတ်လုပ်မှုတန်ဖိုးသည် တစ်ကမ္ဘာလုံးနစ်စဉ်စီးပွားရေးထုတ်လုပ်မှု တန်ဖိုး၏ ထက်ဝက်နီးပါးနှင့်ညီမျှသည်။

စင်ကာပူနိုင်ငံသည် အေပက်ထိပ်သီးညီလာခံကို ၂၀၀၉ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ်လက်ခံကျင်းပခဲ့သည်။

ပထဝီနိုင်ငံရေးအားပြိုင်မှုများပြင်းထန်လာမှုကြောင့် ကမ္ဘာ့နိုင်ငံများသည် ဖြစ်စဉ်ဖြစ်ရပ်များကို ရှုမြင်ရာတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ရှုထောင့်မှ ရှုမြင်ရမည့်အစား လုံခြုံရေးရှုထောင့်မှ ရှုမြင်လာကြကြောင်း စင်ကာပူဝန်ကြီးချုပ်က သုံးသပ်ထားသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## လကမ္ဘာအခြေစိုက်စခန်းတည်ဆောက်ရေးအတွက် လကမ္ဘာမြေစာများနှင့်ပြုလုပ်ထားသည့် အုတ်ခဲများကိုအသုံးပြုရန် တရုတ်အမျိုးသားအာကာသအေဂျင်စီ ကြိုးပမ်းနေ



ပေကျင်း နိုဝင်ဘာ ၁၇

လကမ္ဘာ အခြေစိုက်စခန်း တည်ဆောက်ရေးအတွက် လကမ္ဘာမြေစာများနှင့် ပြုလုပ်ထားသည့် အုတ်ခဲများကို အသုံးပြုရန် တရုတ် အမျိုးသားအာကာသ အေဂျင်စီက ကြိုးပမ်းနေကြောင်း နိုဝင်ဘာ ၁၆ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် တရုတ် အမျိုးသား အာကာသအေဂျင်စီသည် လကမ္ဘာမြေစာများဖြင့် အုတ်ခဲများပြုလုပ်၍ ရှ မရကို တီယန်ကောင်း အာကာသစခန်းပေါ်တွင် စမ်းသပ်ရန်စီစဉ်ထားကြောင်း သိရသည်။

တရုတ် အမျိုးသားအာကာသ အေဂျင်စီသည် နိုဝင်ဘာ ၁၅ ရက်တွင် လွှတ်တင်ခဲ့သည့် တီယန်ကျိုး အာကာသ ကုန်တင်ယာဉ်ဖြင့် လမြေစာ အုတ်ခဲနမူနာများကို တီယန်ကောင်း အာကာသစခန်းပေါ်သို့ ပို့ဆောင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် လကမ္ဘာပေါ်သို့ လူသားများပို့ဆောင်ရန်နှင့် ၂၀၃၅ ခုနှစ်တွင် လကမ္ဘာသုတေသနအခြေစိုက်စခန်း တည်ဆောက်ရန်စီစဉ်ထားကြောင်း သိရသည်။

လကမ္ဘာပေါ်၌ သုတေသနအခြေစိုက်စခန်းထားမည်ဆိုလျှင် တည်ဆောက်ရမည့် အဆောက်အအုံများသည် ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှုဒဏ်၊ အပူချိန်အပြောင်းအလဲ လွန်ကဲပြင်းထန်မှုဒဏ်၊ လလျင်များဒဏ်ကို ခံနိုင်ရည်ရှိရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်သိပ္ပံပညာရှင်များသည် ချန်အာ-၅ လဆင်းယာဉ်က ရယူထားသော လကမ္ဘာမြေစာများကို လေ့လာဆန်းစစ်ပြီး ရှေ့ပြေးပုံစံလမြေစာ အုတ်ခဲသုံးမျိုးစမ်းသပ်ဖန်တီးထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နော့သ်ရော့ဂရူးမင်းကုမ္ပဏီက MRV ခေါ် မျိုးဆက်သစ်ဂြိုဟ်တု ပြင်ဆင်ရေးယာဉ်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထား

ဝါရှင်တန် နိုဝင်ဘာ ၁၇

အမေရိကန်နိုင်ငံ အခြေစိုက် နော့သ်ရော့ဂရူးမင်း ကုမ္ပဏီသည် MRV ခေါ် မျိုးဆက်သစ်ဂြိုဟ်တု ပြင်ဆင်ရေးယာဉ်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

MRV ဂြိုဟ်တု ပြင်ဆင်ရေးယာဉ်တွင် အမေရိကန်ရေတပ် သုတေသနဌာနက တည်ဆောက်ပေးထားသည့် စက်ရုပ်လက်တံများကို တပ်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် MRV ယာဉ်သည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာ ပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများ၏ သက်တမ်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း နော့သ်ရော့ဂရူးမင်း ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။



လက်ရှိအချိန်တွင် နော့သ်ရော့ဂရူးမင်းကုမ္ပဏီသည် MRV ယာဉ်၏ စက်ရုပ်လက်တံများကို အရေးကြီးသည့် စမ်းသပ်မှုများပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

MRV ယာဉ်ဖြင့် ဂြိုဟ်တုများ၏ မစ်ရှင်သက်တမ်းကို တိုးပေးနိုင်မည်ဖြစ်ရာ ဂြိုဟ်တုကုမ္ပဏီများအတွက် ငွေကုန်ကြေးကျပိုနည်းလာမည်ဖြစ်ကြောင်း နော့သ်ရော့ဂရူးမင်းကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် MRV ယာဉ် ဝန်ဆောင်မှုရယူရန် ကမ်းလှမ်းထားသော ဂြိုဟ်တုကုမ္ပဏီ သုံးခုထိရှိပြီဖြစ်ကြောင်း နော့သ်ရော့ဂရူးမင်းကုမ္ပဏီတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## Starship ဒုံးပျံ ဆဋ္ဌမမြောက်စမ်းသပ်လွှတ်တင်မှုအတွက် စူပါဟဲဗီးပင်မဒုံးယာဉ်နှင့် Starship ထိပ်ဖူးယာဉ်ကို ပေါင်းစပ်တပ်ဆင်ပေးခဲ့

ဝါရှင်တန် နိုဝင်ဘာ ၁၇

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship ဒုံးပျံ ဆဋ္ဌမမြောက် စမ်းသပ်လွှတ်တင်မှုအစီအစဉ်အတွက် Starship ဒုံးပျံ၏ စူပါဟဲဗီး ပင်မဒုံးယာဉ်နှင့် Starship ထိပ်ဖူးယာဉ်ကို နိုဝင်ဘာ ၁၆ ရက်တွင် ပေါင်းစပ်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ်အာကာသစခန်းပစ်စင်၌ စူပါဟဲဗီးပင်မဒုံးယာဉ်နှင့် Starship ထိပ်ဖူးယာဉ်ကို ပေါင်းစပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ဆဋ္ဌမအကြိမ်မြောက် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်မှုကို နိုဝင်ဘာ ၁၉ ရက်တွင် ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ပဉ္စမအကြိမ်မြောက် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်မှုကို ယခုနှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့ရာ အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

Starship ဒုံးပျံ ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်မှုကို Space-X ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့် လပေါ်သို့ လူသားများ ပို့ဆောင်ရေးအတွက် Starship ဒုံးပျံများကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# H E A L T H

## သွားဖုံးရောင်ရောဂါနှင့်ဆီးချိုရောဂါတို့ကြား ဆက်စပ်မှုအခိုင်အမာရှိနေ

ဘန်း နိုဝင်ဘာ ၁၇

သွားဖုံးရောင်ရောဂါ (Gum Disease) နှင့် ဆီးချိုရောဂါတို့ကြားတွင် ဆက်စပ်မှုအခိုင်အမာရှိနေကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဆီးချိုရောဂါရှိနေသူများတွင် သွားဖုံးရောင်ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် သုံးဆမြင့်တက်နေတတ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဘန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် သွားဖုံးရောင်ရောဂါကြောင့် ဆီးချိုရောဂါအခြေအနေ ပိုမိုဆိုးရွားလာတတ်ကြောင်း ဆွစ်ဇာလန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဆီးချိုလူနာများ၌ သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့် ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့မှုကြောင့် သွားဖုံးရောင်ရောဂါ အခြေအနေမှာလည်း ပို၍ဆိုးရွားလာတတ်ကြောင်း ဆွစ်ဇာလန်သုတေသနပညာရှင်များက ပြောကြားသည်။

သွားဖုံးရောင်ရောဂါ အခြေအနေ ပိုဆိုးလာချိန်တွင် ရောင်ရမ်းမှုပြဿနာ ပေါ်လာတတ်ပြီး ကိုယ်တွင်းဆဲလ်များ အနေဖြင့် အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်းအား နည်းလာတတ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွားဖုံးရောင်ရောဂါနှင့် ဆီးချိုရောဂါတို့သည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့် ပျက်ပြားစေရေးအတွက် တစ်ခုနှင့်တစ်ခု အထောက်အပံ့ပေးတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အာတီမီဆီနင်(Artemisinin)ဆေးကို ငှက်ဖျားရောဂါပိုးက ယဉ်ပါးလာနိုင်ဖွယ်ရှိ

နယူးယောက် နိုဝင်ဘာ ၁၇

ငှက်ဖျားရောဂါပိုးသည် အာတီမီဆီနင် (Artemisinin) ဆေးကို ယဉ်ပါး လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

အာတီမီဆီနင်ဆေးသည် ငှက်ဖျားရောဂါလူနာ ကလေးများကို ကုသရာတွင်အသုံးအများဆုံးဆေးတစ်မျိုးဖြစ်သည်။

သို့ရာတွင် အာဖရိကတိုက်မှ ငှက်ဖျားလူနာ ကလေးများကို လေ့လာချက်အရ အချို့ရောဂါဖြစ်စဉ်များတွင် ငှက်ဖျားပိုးသည် အာတီမီဆီနင်ဆေးကို တစ်စိတ်တစ်ပိုင်း ယဉ်ပါးလာသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ အင်ဒီယာနာတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ငှက်ဖျားရောဂါကို ဖြစ်ပွားစေတတ်သည့် Plamodium Falci-parum အဏုဇီဝရောဂါပိုးသည် ပုံမှန်ကုထုံးများကို ယဉ်ပါးလာသည့် ရောဂါပိုးဖြစ်သော်လည်း အာတီမီဆီနင်ဆေးကမူ ငှက်ဖျားရောဂါကို ထိထိရောက်ရောက် ကုသပေးနိုင်ဆဲဖြစ်သည်။

သို့ရာတွင် ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် အချို့ငှက်ဖျားရောဂါဖြစ်စဉ်များ၌ အာတီမီဆီနင်ဆေးပင် မတိုးတော့သည့် အခြေအနေများ စတင်ပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ အာဖရိကတိုက်၌ ကလေးလူနာ ၁၀၀ လျှင် ၁၁ ဦးမှာ အာတီမီဆီနင်ဆေး တစ်စိတ်တစ်ပိုင်း ယဉ်ပါးမှုပြဿနာရှိနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဇန်နဝါရီအပြောင်းအရွှေ့တွင် ရိုးမားအသင်းမှ ထွက်ခွာနိုင်ကြောင်း ခံစစ်ကစားသမား ဟမ်းမဲလ် ပြောကြား

**ရောမ နိုဝင်ဘာ ၁၇**

ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းမှ ရိုးမားအသင်းသို့ အလွတ်ပြောင်းရွှေ့ခွင့်နှင့်ရောက်ရှိခဲ့သည့် ခံစစ်ကစားသမား ဟမ်းမဲလ်က ဇန်နဝါရီ အပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဝါရင့် ခံစစ်ကစားသမား ဟမ်းမဲလ်သည် ရိုးမားအသင်းသို့ ရောက်ရှိခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲစုံတွင် ပွဲထွက်ခွင့်တစ်ကြိမ်သာ ရရှိခဲ့ကာ ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသဖြင့် နည်းပြရာနီရေးရီ အသင်းသို့ ရောက်ရှိလာချိန်တွင် ပွဲကစားခွင့် ပျောက်ဆုံးနေပါက လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့တွင် ရိုးမားအသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရိုးမားအသင်းတာဝန်ရှိသူများက ဟမ်းမဲလ်အနေဖြင့် ကွင်းအတွင်းစွမ်းဆောင်ရည်တိုးတက်လာမှသာ ၎င်းအနေဖြင့် ပုံမှန်ပွဲကစားခွင့်ရရှိမည့် အခွင့်အရေးရနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက်ကစားသမား၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေသည်။

လက်ရှိတွင် ရိုးမားအသင်းသည် နည်းပြဒီရော့ဆီကို ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြဂျူရစ်ကို ခန့်အပ်ခဲ့ရာ ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိသောကြောင့် အသင်းနည်းပြဟောင်း ရာနီရေးရီကို နည်းပြသစ်အဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်။

ရိုးမားအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ၁၂ ပွဲကစားပြီးချိန်၌ သုံးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၃ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁၂)တွင် ရောက်ရှိနေကာ တန်းဆင်းဇုန်မှ အသင်းများနှင့် ရမှတ်လေးမှတ်သာကွာဟနေသဖြင့် တန်းဆင်းဇုန်ဖိအားအောက် ရောက်ရှိနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းက ဖူလ်ဟမ်အသင်း တောင်ပံခံစစ်ကစားသမား ရော်ဘင်ဆင်ကိုခေါ်ယူရန်အတွက် အသင်းမှခံစစ်ကစားသမား ဆီမီကက်စ်ကို ပြောင်းရွှေ့ကြေး တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက ဘရာဇီးကွင်းလယ်ကစားသမား ပါကွီတာကိုဆုံးရှုံးခဲ့ပါက မန်စီးတီးကွင်းလယ်ကစားသမား မက်အာတီးကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ကစားသမားမှတ်ပုံတင်နိုင်ခြင်းမရှိသေးသည့် ခံစစ်ကစားသမား ခရစ်စတန်ဆန်ကို ရောင်းချ၍ လေဗာကူဆင်အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာမည့် ဂျိုနသန်တက်နှင့် အစားထိုးရန်ကြိုးပမ်းလျက်ရှိသည်။
- ပြင်သစ်လက်ရွေးစင်အသင်း တောင်ပံကစားသမား ဒမ်ဘီလီက ၎င်းအနေဖြင့် အသက် ၃၆ နှစ်တွင် လက်ရွေးစင်အသင်းမှ အနားယူရန် ဆုံးဖြတ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲ၌ ဂိုးအများဆုံးသွင်းယူနိုင်သည့်အသင်းအဖြစ် ဂျာမနီမှတ်တမ်းဝင်



**ဘာလင် နိုဝင်ဘာ ၁၇**

ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်အဖြစ် ဂျာမနီအသင်းက ဘော့စနီးယားအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နေးရှင်းလိဂ်သမိုင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယခင်က ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲတွင် ၂၀၁၈ ခုနှစ်က ကစားခဲ့သည့် အုပ်စုပွဲစဉ်တွင် စပိန်အသင်းက ခရိုအေးရှားအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်သည် ဂိုးအများဆုံးသွင်းယူနိုင်သည့် ပွဲစဉ်အဖြစ်ရပ်တည်နေသော်လည်း ယခုအခါ ဂျာမနီအသင်းက ဘော့စနီးယားအသင်းကို ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် နေးရှင်းလိဂ်သမိုင်းတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျာမနီအသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲ စတင်ခဲ့သည့်အချိန်မှစ၍ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းပြန်လည်ရရှိခဲ့သောကြောင့် အုပ်စုပွဲ ငါးပွဲကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရရှိခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ပြီး တိုက်စစ်ပိုင်းအနေဖြင့် သွင်းဂိုး ၁၇ ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ယခုပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံး အသင်းအဖြစ်ရပ်တည်နိုင်ခဲ့သည်။

ဂျာမနီအသင်းအနေဖြင့် ဘော့ဇနီးယားအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် ယူအီးအက်ဖ်အေသမိုင်းတွင် ပေးဂိုးမရှိဘဲဂိုးအများဆုံးသွင်းယူနိုင်သည့် အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီး ခြောက်နှစ်တာကာလအတွင်း ပြိုင်ပွဲစုံတွင် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိ နေးရှင်းလိဂ်(A)အုပ်စုပွဲ ငါးပွဲကစားအပြီးတွင် ဂျာမနီအသင်းက ရမှတ် ၁၃ မှတ်ဖြင့် အဆင့်(၁)၊ နယ်သာလန်အသင်းက ရမှတ်ရှစ်မှတ်ဖြင့် အဆင့်(၂)၊ ဟန်ဂေရီက ရမှတ်ငါးမှတ်ဖြင့် အဆင့်(၃)၊ ဘော့ဇနီးယားအသင်းက ရမှတ် တစ်မှတ်ဖြင့် အဆင့်(၄)၌ရပ်တည်နေကြောင်း သိရသည်။

Ref : ESPN

Trs : ML

# လိုင်ယွန်တောင်ပံကစားသမား ချာကီကိုခေါ်ယူရန် လီဗာပူးအသင်းကြိုးပမ်း

**လန်ဒန် နိုဝင်ဘာ ၁၇**

လီဗာပူးအသင်းသည် တိုက်စစ်မှူး ဆာလာဟ်ကို စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းနေသော်လည်း သဘောတူညီမှု ရယူနိုင်ခြင်းမရှိခဲ့သောကြောင့် လိုင်ယွန်အသင်း တောင်ပံတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား ချာကီကိုခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

လိုင်ယွန်အသင်းသည် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် တန်းဆင်းရမည့်အရေးနှင့် ကြုံတွေ့နေရသောကြောင့် အသင်းမှခြေစွမ်းပြကစားသမားများကို ရောင်းချမှသာ ဘဏ္ဍာရေးအခက်အခဲမှလွတ်မြောက်နိုင်မည်ဖြစ်သဖြင့် ဥရောပထိပ်သီးအသင်းများက စိတ်ဝင်စားနေသည့် ချာကီကို ရောင်းချရန် စီစဉ်လျက်ရှိရာ လီဗာပူးအသင်းက ဆာလာဟ်၏နေရာတွင် အစားထိုးနိုင်ရန် ပစ်မှတ်ထားကြိုးပမ်းနေခြင်းဖြစ်သည်။

ဆာလာဟ်သည် နည်းပြစလော့လက်အောက်တွင် ပုံစံကောင်းရရှိနေသူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၇ ပွဲတွင် ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသောကြောင့် ၎င်း၏နေရာတွင် အစားထိုးနိုင်မည့် ချာကီကို ပီအက်စ်ဂျီအသင်းနှင့် အပြိုင်ခေါ်ယူသွားရန် လီဗာပူးအသင်းက ဆုံးဖြတ်ခဲ့သည်။

ချာကီသည် လိုင်ယွန်အသင်းနှင့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသည့်အပြင် စာချုပ်ကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့်ရှိနေသောကြောင့် ခေါ်ယူရန်ခက်ခဲမည်ဖြစ်သော်လည်း အသင်းအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းကို ဖြတ်ကျော်နိုင်ရန် ချာကီကို ရောင်းချသွားရမည့်အခြေအနေဖြစ်နေသောကြောင့် နည်းပြစလော့က ဆာလာဟ်၏နေရာတွင် အစားထိုးနိုင်မည့် ချာကီကို ဦးစားပေးခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

ချာကီသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲစလုံး ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်ပြီး နှစ်ဂိုးနှင့်ဂိုးဖန်တီးမှု သုံးကြိမ်ထိပြုလုပ်နိုင်ခဲ့ကာ ထိပ်တန်းအဆင့်ခြေစွမ်းပြသနေသည့်အတွက် ဥရောပထိပ်သီးအသင်းများက စိတ်ဝင်စားနေကြောင်း သိရသည်။

Ref : Goal.om

Trs : ML

# ဖရက်ရှ်မက်ကို အနိုင်ရသည့် ကိုလာဇို WBO မီနီဖလိုင်းဝိတ်တန်းချန်ပီယံကိုကာကွယ်၍ WBA(Super)မီနီဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်ထပ်မံဆွတ်ခူး

**ရီယာ့ဒ် နိုဝင်ဘာ ၁၇**

WBO မီနီဖလိုင်းဝိတ်တန်း ချန်ပီယံ ပွာတိုရီကိုလက်ဝှေ့သမား ကိုလာဇိုနှင့် WBA(Super) မီနီဖလိုင်းဝိတ်တန်း ချန်ပီယံ ထိုင်းလက်ဝှေ့သမား ဖရက်ရှ်မက်တို့ နိုဝင်ဘာ ၁၆ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ထိုးသတ်ခဲ့ရာ ကိုလာဇိုက ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ပြီး WBA(Super)မီနီဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကိုပါ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ကိုလာဇိုနှင့် ဖရက်ရှ်မက်တို့ ပွဲစဉ်တွင် ကိုလာဇိုသည် ခြောက်ချီမြောက်နှင့် ခုနစ်ချီမြောက်တို့တွင် တစ်ဖက်သတ်ဖိအားပေးနိုင်ခဲ့သလို သုံးကြိမ်တိုင်တိုင်လဲကျအောင် ထိုးသတ်နိုင်ခဲ့ကာ ခုနစ်ချီမြောက်တွင် တတိယအကြိမ် လဲကျခဲ့ပြီးနောက် ဖရက်ရှ်မက်က ဆက်လက်ထိုးသတ်နိုင်ခြင်း မရှိတော့သည့်အတွက် ကိုလာဇိုက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကိုလာဇိုအနေဖြင့် ဖရက်ရှ်မက်နှင့်မထိုးသတ်မီ WBO မီနီဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို လက်လွှတ်ရဖွယ်ရှိနေသည်ဟု ထင်ကြေးပေးခံခဲ့ရပြီး ၎င်း၏စွမ်းဆောင်ရည်အပေါ် ပရိသတ်အများစုက သံသယရှိနေခဲ့သည်။

သို့သော် ကိုလာဇိုက ထင်ကြေးများမှားယွင်းနေကြောင်းကို ပြသနိုင်ခဲ့ပြီး ချန်ပီယံခါးပတ်နှစ်ခုဖြင့် ထိုက်တန်ကြောင်းစွမ်းဆောင်ရည်ဖြင့် သက်သေပြနိုင်ခဲ့သည်။



ကိုလာဇိုက“တော်တော်များများက ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်အပေါ်မှာ သံသယရှိနေခဲ့တယ်။ ဒါပေမဲ့ ပြိုင်ဘက်ဖြစ်တဲ့ ဖရက်ရှ်မက်က ကျွန်တော့်အပေါ်မှာလေးစားမှုရှိခဲ့တယ်။ ကျွန်တော့်အနေနဲ့ မီနီဖလိုင်းဝိတ်တန်းက ခါးပတ်အားလုံးကိုပိုင်ဆိုင်ချင်တယ်။ အခု ကျွန်တော်ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ခါးပတ်နှစ်ခုဟာ ကျွန်တော်တို့ရဲ့ ကျွန်းနိုင်ငံလေးဖြစ်တဲ့ ပွာတိုရီကိုနိုင်ငံအတွက်ရည်ရွယ်တဲ့ ဆုတွေဖြစ်ပါတယ်။ပွာတိုရီကိုလက်ဝှေ့လောကအတွက် သမိုင်းဝင်မှတ်တမ်းကို ရယူနိုင်ခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို ရှုံးနိမ့်



**ရန်ကုန် နိုဝင်ဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိနေသည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းနှင့် ဗီယက်နမ်အသင်းတို့ ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းက ဗီယက်နမ်အသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ပြီး နမ်ဆိုင်းဘရမ်နှင့် နွယ်နီတို့၏ သွင်းဂိုးများနှင့်အတူ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ပထမပိုင်း၌ ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ချေပဂိုးလိုအပ်နေသည့် ဗီယက်နမ်အသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ဗီယက်နမ်အသင်းက လေးဂိုးထိ သွင်းယူနိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဗီယက်နမ်အသင်းက မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းအနေဖြင့် အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာ ဖိလစ်ပိုင်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ယခုပွဲစဉ်တွင် ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားကာ အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်းအသင်းနှင့်လည်းကောင်း၊နိုဝင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း အသီးသီးကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# နေမာကိုခေါ်ယူရန် အစီအစဉ်မရှိဟု ပါမီးယက်စ်အသင်းဥက္ကဋ္ဌ အတည်ပြု

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၇**

ဘရာဇီးကလပ် ပါမီးယက်စ်အသင်းဥက္ကဋ္ဌ လိုင်လာက အယ်ဟိုင်လာအသင်းမှ တိုက်စစ်မှူး နေမာကို ခေါ်ယူမည့်သတင်းများအား ငြင်းဆန်ခဲ့ပြီး ဆေးကုသမှုစရိတ်မရှိသည့်အတွက် ခေါ်ယူရန်အစီအစဉ်မရှိဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ နေမာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းသို့ ပြောင်းရွှေ့စဉ်ကတည်းက ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသည်။

ထို့နောက် နေမာသည် ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် အသင်း၏ ပွဲစဉ်အချို့ကို ကစားခဲ့သော်လည်း ပြီးခဲ့သည့် အာရှ ချန်ပီယံလိဂ်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီးနောက် ထပ်မံအနားယူခဲ့ရသည်။

နေမာအနေဖြင့် အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒဏ်ရာပြဿနာများနှင့်သာရုန်းကန်နေရပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ခုနစ်ပွဲသာပါဝင်ကစားကာ အယ်ဟိုင်လာအသင်းကလည်း နေမာကို အသင်းတွင် မထားလိုတော့သည့်အတွက် လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

နေမာအနေဖြင့် အယ်ဟိုင်လာအသင်းနှင့် စာချုပ်ဖျက်သိမ်းပြီးလျှင် ဇာတိဖြစ်သည့် ဘရာဇီးနိုင်ငံမှ ကလပ်အသင်းများသို့ ပြန်လည်ပြောင်းရွှေ့ကစားဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး ပါမီးယက်စ်အသင်းထံ ပြောင်းရွှေ့ကစားဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ပါမီးယက်စ်အသင်းဥက္ကဋ္ဌ လိုင်လာက နေမာကို ခေါ်ယူရန်အစီအစဉ်မရှိဟု ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# လင်ဒီလော့ ဒဏ်ရာရရှိခဲ့မှုကြောင့် မန်ယူအသင်း ခံစစ်ပိုင်းပြဿနာနှင့် ရင်ဆိုင်နေရ



**မန်ချက်စတာ နိုဝင်ဘာ ၁၇**

ဆွီဒင်အသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ ကစားခဲ့သည့် နေးရှင်းလိဂ်အုပ်စုပွဲစဉ်တွင် ဆွီဒင်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ခံစစ်ကစားသမား လင်ဒီလော့ဒဏ်ရာကြောင့်ထွက်ခွာခဲ့ရသဖြင့် မန်ယူအသင်းက ကစားသမား၏ ဒဏ်ရာနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိပြီး ခံစစ်ပိုင်းအခက်အခဲနှင့် ရင်ဆိုင်နေရသည်။

အသက်၃၀ရှိခံစစ်ကစားသမား လင်ဒီလော့သည် ဆွီဒင်အသင်းနှင့်အတူ ပွဲထွက်ကစားခွင့်ရရှိခဲ့သော်လည်း ပွဲချိန် ၂၆ မိနစ်တွင် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရသဖြင့် အသင်းဖော်ကစားသမား စတားဖက်တ်နှင့် လူစားလဲခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာအခြေအနေကို ဆွီဒင်အသင်းက ထုတ်ပြန်ခြင်းမရှိသေးသော်လည်း အသင်းဖော်ကစားသမား ကူလူဆက်စကီး၏ ပြောကြားချက်အရ ကာလရှည်အနားယူရဖွယ်ရှိကြောင်း သိရသည်။

လင်ဒီလော့သည်မန်ယူအသင်း ဗဟိုခံစစ်ပိုင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိနေသည့် ကစားသမားတစ်ဦးမဟုတ်သော်လည်း အသင်းမှ ခံစစ်ကစားသမား ယိုရို၊ မက်ဂွဲယားတို့ ဒဏ်ရာပြဿနာကြုံတွေ့ချိန်တွင် အသင်းခံစစ်ပိုင်းကို ပါဝင်ကစားခွင့်ရရှိနေသူဖြစ်ပြီး နည်းပြသစ် အာမိုရင်သည်လည်း ဗဟိုခံစစ်သုံးဦးထားကစားသည့် ၃-၄-၃ ကစားကွက်ကိုသာ အသုံးပြုနေသောကြောင့် မန်ယူအသင်းအနေဖြင့် ခံစစ်ပိုင်းအခက်အခဲရှိမည်ဖြစ်သည်။

လက်ရှိမန်ယူအသင်း ဗဟိုခံစစ်ပိုင်းတွင် အီဗန်နှင့် ဒီလိုက်တို့သာကြံ့ခိုင်မှုပြည့်ဝနေပြီး မာတီနက်ဇ်မှာလည်း အာဂျင်တီးနားအသင်းနှင့် ပူးပေါင်းချိန်တွင် တင်ပါးဒဏ်ရာကြောင့် အသင်းသို့ပြန်လည်ရောက်ရှိနေသော်လည်း လာမည့်ပွဲစဉ်များတွင်ပါဝင်ရန် သေချာမည်မဟုတ်ကြောင်း သိရသည်။

ထို့ပြင် မန်ယူအသင်းသည် လာမည့်ပွဲစဉ်တွင် ယိုရို၊ မာလာစီယာ၊မက်ဂွဲယား၊လုခ်ရှော၊လင်ဒီလော့၊ မာတီနက်ဇ်နှင့် ကွင်းလယ်ကစားသမားမိုင်နူးတို့ကို ဒဏ်ရာကြောင့် လက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : 90min

Trs : ML

# သွင်းဂိုး ၁၀၀၀ ရည်မှန်းချက် ပြည့်ဝမည်မဟုတ်ဟု စီရော်နယ်ဒိုပြောကြား

**လစ္စဘွန်း နိုဝင်ဘာ ၁၇**

ပေါ်တူဂီအသင်းနှင့် အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုက မိမိအနေဖြင့် သွင်းဂိုး ၁၀၀၀ပြည့်မြောက်ရန် ရည်မှန်းချက်မှာပြည့်ဝလိမ့်မည်မဟုတ်ဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိ စီရော်နယ်ဒိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်မြောက်ခဲ့ပြီးနောက် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်အောင် ကြိုးပမ်းသွားမည်ဟု ပြောကြားခဲ့သော်လည်း ယခုအခါ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် ရည်မှန်းချက်မှာပြည့်ဝရန်ခက်ခဲလိမ့်မည်ဟု ပြောကြားခဲ့သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ပေါ်တူဂီအသင်းနှင့် ပိုလန်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက်သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် သွင်းဂိုး ၉၁၀ထိရှိလာခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် သွင်းဂိုး ၉၀ လိုအပ်နေခြင်းဖြစ်သည်။

လက်ရှိတွင် စီရော်နယ်ဒိုသည် အသက် ၄၀ပြည့်မြောက်တော့မည်ဖြစ်သည့်အတွက် လာမည့် တစ်နှစ်နှစ်နှစ်ခန့်တွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရနိုင်သည်ဟု ပြောကြားခဲ့ပြီးနောက် သွင်းဂိုး ၁၀၀၀ ရည်မှန်းချက်မှာလည်း ပြည့်ဝရန်ခက်ခဲလိမ့်မည်ဟု ဝန်ခံပြောကြားခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုက "ကျွန်တော်ကစားသမားဘဝမှာ သွင်းဂိုး ၁၀၀၀ ပြည့်ချင်တယ်လို့ပြောခဲ့ဖူးပါတယ်။ သွင်းဂိုး ၉၀၀ ပြည့်မြောက်တော့ သွင်းဂိုး ၁၀၀၀ အတွက်လဲ လွယ်ကူမယ် လို့ထင် ခဲ့တာပါ။ ဒါပေမဲ့ သွင်းဂိုး ၁၀၀၀ပြည့်ဖို့အတွက်က လွယ်ကူတဲ့အရာ မဟုတ်ပါဘူး။ သွင်းဂိုး ၁၀၀၀ပြည့်ရည်မှန်းချက်က မဖြစ်နိုင်လောက်ပါဘူး"ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# ATP Finals ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဂျန်နစ်ခ်ဆင်နာနှင့် တေလာဖရစ်ဇ်တို့ တက်ရောက်

**ရောမ နိုဝင်ဘာ ၁၇**

အီတလီနိုင်ငံတွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်တို့ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်ခွင့်ရခဲ့သည့် ဂျန်နစ်ခ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်တွင် နော်ဝေ တင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တေလာဖရစ်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၆-၃၊ ၃-၆၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

တေလာဖရစ်ဇ်အတွက် ATP Finals တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဂျန်နစ်ခ်ဆင်နာသည် ၂၀၂၃ ခုနှစ်က ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့သော်လည်း ဂျိုကိုဗစ်ကိုရှုံးနိမ့်ခဲ့သည်။

တေလာဖရစ်ဇ်က "ကျွန်တော့်ရဲ့စွမ်းဆောင်ရည်က ဗိုလ်လုပွဲအဆင့်တက်ရောက်ဖို့ထိုက်တန်ခဲ့တယ်လို့မြင်ပါတယ်။ ဗိုလ်လုပွဲအဆင့်မှာ လက်ရှိကမ္ဘာ့အကောင်းဆုံးတင်းနစ်ကစားသမားနဲ့ ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် ခက်ခဲမယ်ဆိုတာသိပေမဲ့ အကောင်းဆုံးလုပ်ပြနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ထရန့်လက်ထက် အာရှဒေသကုန်သွယ်ရေးအပေါ် သက်ရောက်မှုအလားအလာ

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ထရန့်အနိုင်ရရှိမှုသည် အာရှဒေသတွင် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်ပြီး မသေချာမရေရာမှုများနှင့် မဟာဗျူဟာမြောက်အခွင့်အလမ်းများလည်း သယ်ဆောင်လာနိုင်သည်။

သမိုင်းကြောင်းအရ အမေရိကန်အကျိုးစီးပွားကိုသာ ဦးစားပေးလေ့ရှိသော ထရန့်၏မူဝါဒများသည် အာရှဈေးကွက်အပေါ် စိုးရိမ်ပူပန်မှုများမြင့်တက်စေခဲ့ပြီးဖြစ်သည်။ ထရန့်၏ သမ္မတဒုတိယသက်တမ်းတွင် အာရှဒေသရှိ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ တည်ငြိမ်မှုတို့အပေါ်တွင် ဆန့်ကျင်ဘက်သက်ရောက်မှုများရှိလာနိုင်ပေသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ထရန့်အနိုင်ရရှိခဲ့ခြင်းသည် ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုများ၊ အထူးသဖြင့် တရုတ်နိုင်ငံနှင့် တင်းမာမှုအလားအလာရှိနေသည်။ ၎င်း၏ ယခင်သမ္မတသက်တမ်း၌ ကုန်သွယ်ရေးမညီမျှမှုများနှင့် ဉာဏမူပိုင်ခွင့်ဆိုင်ရာစိုးရိမ်ပူပန်မှုများကြောင့် တရုတ်၏ ကုန်စည်များအပေါ် စည်းကြပ်ခွန်များ တိုးမြှင့်ကောက်ခံခဲ့သည်။ ကုန်သွယ်ရေးစစ်ပွဲကိုဖြစ်ပေါ်စေခဲ့သည့် အခွန်တိုးမြှင့်ကောက်ခံမှုများသည် ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက်ကို ကမောက်ကမဖြစ်စေခဲ့ပြီး တရုတ်–အမေရိကန် ကုန်သွယ်မှုအပေါ် လုံးလုံးလျားလျားမှီခိုနေရသည့်စက်မှုလုပ်ငန်းများကိုလည်း မတည်မငြိမ်ဖြစ်စေခဲ့သည်။

မည်သို့ပင်ဆိုစေ ထရန့်သည် ယခင်သက်တမ်းတွင် ကျင့်သုံးခဲ့သောချဉ်းကပ်မှုပုံစံကို ပြန်လည်ကျင့်သုံးခြင်း သို့တည်းမဟုတ် ထပ်မံတိုးမြှင့်ခြင်းတို့လုပ်ဆောင်လာဖွယ်ရာရှိကြောင်း မျှော်မှန်းရပေသည်။ ထရန့်သည် မဲဆွယ်စည်းရုံးမှုကာလတွင် တရုတ်ကုန်စည်များအပေါ် အခွန် ၆၀ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများမှ သွင်းကုန်များအပေါ် အခွန် ၂၀ ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောဆိုခဲ့သည်။ ထိုသို့ အကောင်အထည်ဖော်သွားမည်ဆိုလျှင် တရုတ်နိုင်ငံအပြင် အာရှနိုင်ငံများအပေါ်တွင်လည်း ခြိမ်းခြောက်မှုဖြစ်ပေါ်လာနိုင်ပေသည်။ အကြောင်းမှုကား တရုတ်နှင့် အာရှနိုင်ငံများသည် အပြန်အလှန် ကုန်သွယ်မှုလုပ်ဆောင်နေသောကြောင့်ပင်ဖြစ်သည်။

တရုတ်နိုင်ငံအတွက်မူ ကုန်သွယ်မှုစစ်ပွဲအသစ်သည် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ ထပ်လောင်းဖြစ်ပေါ်လာနိုင်ပေသည်။ အကြောင်းမှုကား တရုတ်နိုင်ငံသည် မြေယာပိုင်ဆိုင်မှုဆိုင်ရာပြဿနာများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်း တိုးတက်မှုနှေးကွေးလျက်ရှိသောကြောင့် ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ဖြစ်သည့် GDP ၅ရာခိုင်နှုန်းရရှိနိုင်မည်လားဆိုသည့်မေးခွန်းများ ထွက်ပေါ်လျက်ရှိသောကြောင့်ပင်ဖြစ်သည်။

ထရန့်၏ ယခင်သမ္မတသက်တမ်းတွင် ချမှတ်ခဲ့သည့် စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံမှုများသည် တရုတ်နိုင်ငံအပေါ် ၎င်း၏ ကုန်သွယ်မှုမဟာဗျူဟာများကိုပြန်လည်ဆန်းစစ်ခဲ့ရပြီး ဒေသတွင်း၌ ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများ တိုးမြှင့်ရှာဖွေခဲ့ရသည်။ ထရန့်အနေဖြင့် အခွန်စည်းကြပ်မှုများတိုးမြှင့်ခြင်း သို့တည်းမဟုတ် တင်းကျပ်သည့်မူဝါဒများကျင့်သုံးသွားမည်ဆိုလျှင် တရုတ်နိုင်ငံသည် အာရှဒေသတွင် ကုန်သွယ်မှုမဟာမိတ်များ ပိုမိုခိုင်မာအားကောင်းလာအောင် ကြိုးပမ်းသွားရဖွယ်ရှိပြီး ဒေသတွင်းဘက်စုံစီးပွားရေးမိတ်ဖက်(RCEP)လွတ်လပ်သောကုန်သွယ်မှုအဖွဲ့နှင့် ကုန်သွယ်မှုတိုးမြှင့်သွားဖွယ်ရှိကြောင်း မျှော်မှန်းရပေသည်။

တရုတ်နိုင်ငံသည် ထိုသို့ပြောင်းလဲလုပ်ဆောင်သွားမည်ဆိုလျှင် အမေရိကန်ဈေးကွက်များအပေါ် မှီခိုနေရမှုကို တဖြည်းဖြည်းလျှော့ချသွားနိုင်မည့်အပြင် အာရှကုန်သွယ်မှုအုပ်စုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့်ချိတ်ဆက်မှုများ ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ၎င်း၏အရေးပါသော ပြည်ပပို့ကုန်ကဏ္ဍအပေါ် ချမှတ်လာမည့် စည်းကြပ်ခွန်တိုးမြှင့်လာမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးဖိအားများကို ဖြေလျှော့သွားနိုင်မည်ဖြစ်သည်။ ထို့ပြင် ကုန်သွယ်မှုတွင်ကမ္ဘာ့အကြီးမား



ဆုံး စီးပွားရေးလုပ်ငန်းကြီးနှစ်ခုကြား ကြားခံနိုင်ငံများအဖြစ် ဆောင်ရွက်နေသော အာရှဒေသရှိ အသေးစားစီးပွားရေး လုပ်ငန်းများသည်လည်း ထရန့်လက်ထက်တွင် စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်သွားရဖွယ်ရှိနေသည်။

ထရန့်၏ယခင်သမ္မတသက်တမ်းတွင်ဖြစ်ပွားခဲ့သည့် ကုန်သွယ်မှုစစ်ပွဲ၌ တရုတ်နိုင်ငံမှရွှေ့ပြောင်းလာသော ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ အကျိုးများစွာဖြစ်ထွန်းခဲ့သော ဗီယက်နမ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့ကဲ့သို့သော နိုင်ငံများသည် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမှုကြောင့် အရောင်းကွင်းဆက် ကမောက်ကမဖြစ်လာမည်ဆိုလျှင် စီးပွားရေးဆိုင်ရာစွန့်စားရမှုများကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ ၎င်းတို့အနေဖြင့် အခြားနေရာတွင် ထုတ်လုပ်ထားသည့် တရုတ်တံဆိပ်ပါရှိသော ကုန်စည်များတင်သွင်းမှုကြောင့် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံရမည့်အန္တရာယ်နှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

အာရှနိုင်ငံများအနေဖြင့် ကုန်သွယ်ရေးတင်းမာမှုအပေါ်တုံ့ပြန်သောအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဆွဲဆောင်နေသော်လည်း ပုံမှန်ဝယ်လိုအား မသေချာမရေရာဖြစ်မှုများသည် ရင်းနှီးမြှုပ်နှံမှုစီးဝင်လာမှုကို အကန့်အသတ်ဖြစ်စေနိုင်သဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် ထိခိုက်နိုင်သည့်အလားအလာရှိနေသည်။ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အနေဖြင့်လည်း အမေရိကန်၊ တရုတ်တို့နှင့် လုပ်ဆောင်လျက်ရှိသော ကုန်သွယ်ရေးဆိုင်ရာဆက်ဆံရေးတို့အပေါ် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ချမှတ်သွားရဖွယ်ရှိနေသည်။ ၎င်းတို့နှစ်နိုင်ငံစလုံး၏ စီးပွားရေးလုပ်ငန်းများသည် အမေရိကန်၏ အဓိကမဟာမိတ်များဖြစ်နေပြီး ပြည်ပပို့ကုန်အပေါ် လုံးလုံးလျားလျားမှီခိုရလျက်ရှိသည်။ အထူးသဖြင့် တစ်ပိုင်းလျှပ်ကူးနှင့် မော်တော်ကားလုပ်ငန်းများကဲ့သို့သော အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ပြည်ပပို့ကုန်အပေါ် မှီခိုအားထားရလျက်ရှိသည်။ အမေရိကန်သို့ ပြည်ပပို့ကုန်တင်ပို့လျက်ရှိသော ဂျပန်နှင့် တောင်ကိုရီးယားကုမ္ပဏီများသည် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံရမှုများ သို့တည်းမဟုတ် အမေရိကရှိ အခြားစက်ရုံသစ်များသို့ရွှေ့ပြောင်းကာ ကုန်ထုတ်လုပ်မှုလုပ်ဆောင်ရသည့်အခြေအနေများနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ နှစ်နိုင်ငံစလုံးသည် အမေရိကန်နိုင်ငံကို အဓိကဈေးကွက်အဖြစ် ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရေး အပြိုင်အဆိုင်ကြိုးပမ်းနေရသောကြောင့် ၎င်းတို့၏ အကြီးမားဆုံးကုန်သွယ်ဖက်ဖြစ်သည့် တရုတ်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာ အရေးပါသော မဟာမိတ်ဖြစ်သည့် အမေရိကန်နှင့် ဆက်ဆံရေးကို ဟန်ချက်ထိန်းညှိရာ၌ စိန်ခေါ်မှုဖြစ်လာနိုင်ပေသည်။

**နည်းပညာဆိုင်ရာစိန်ခေါ်မှုများ**

နည်းပညာကဏ္ဍတွင် ထရန့်၏မူဝါဒများသည် အမေရိကန်၏ အဆင့်မြင့်နည်းပညာနယ်ပယ်တွင် တရုတ်ပစ္စည်းများတင်သွင်းမှုကို ကန့်သတ်သွားမည်ဟု မျှော်မှန်းရသောကြောင့် Huawei ကဲ့သို့သော တရုတ်နည်းပညာကုမ္ပဏီများအပေါ် သက်ရောက်မှုရှိလာနိုင်ပေသည်။ အဆိုပါကန့်သတ်ချက်များသည် တရုတ်ကုမ္ပဏီများအပေါ် ဖိအားဖြစ်စေလျက်ရှိသောကြောင့် အာရှတွင် ဈေးကွက်ရှာဖွေရလျက်ရှိသဖြင့် အာရှဒေသတွင် နည်းပညာဆိုင်ရာတီထွင်ဆန်းသစ်မှုများအရှိန်အဟုန်ဖြင့် တိုးတက်လာဖွယ်ရာရှိနေသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းတစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှုအပေါ် ရင်းနှီးမြှုပ်နှံမှုများစွာလုပ်ဆောင်ကာ တုံ့ပြန်ဆောင်ရွက်လျက်ရှိသဖြင့် နည်းပညာမျှဝေမှုအပေါ် ကန့်သတ်ချက်များရှိနေခြင်းသည် အင်အားကြီးနိုင်ငံများကြား သဘောထားကွဲလွဲမှုများပိုမိုနက်ရှိုင်းလာစေပြီး နည်းပညာပြိုင်ပွဲတွင် အာရှနိုင်ငံများကို ရပ်တည်ချက်ရွေးချယ်ရန် ဖိအားဖြစ်စေလျက်ရှိသည်။

တစ်ပိုင်းလျှပ်ကူးစက်မှုလုပ်ငန်းတွင် လွှမ်းမိုးမှုနေရာရရှိထားသည့် တရုတ်(တိုင်ပေ)ကဲ့သို့သော နိုင်ငံများသည် ပြည်ပပို့ကုန်ကန့်သတ်ခြင်း၊ သို့တည်းမဟုတ် တိုးချဲ့ခြင်းတို့အတွက် အင်အားကြီးနိုင်ငံများ၏ ဖိအားပေးမှုကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ ထိုသို့လုပ်ဆောင်လာမည်ဆိုလျှင် မဟာဗျူဟာမြောက်စက်မှုလုပ်ငန်းများသည် လွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုတို့အတွက် စစ်မြေပြင်များဖြစ်လာနိုင်ပေသည်။

ထရန့်လက်ထက်တွင် ရင်းနှီးမြှုပ်နှံသူများသည် ကုန်သွယ်မှုဆက်ဆံရေးအပေါ်မူတည်၍ ရွှေ့ပြောင်းမှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ စီးဆင်းခြင်းတို့ကြောင့် အာရှရှိ ငွေကြေးဈေးကွက်သည်လည်း အတက်အကျများ ရှိလာနိုင်ပေသည်။ တရုတ်ယွမ်သည် ဖိအားအသစ်များနှင့် ရင်ဆိုင်သွားရဖွယ်ရှိသဖြင့် တရုတ်နိုင်ငံသည် ငွေကြေးတည်ငြိမ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများထိန်းချုပ်ခြင်း၊ သို့တည်းမဟုတ် အခြားသောအစီအမံများ လုပ်ဆောင်သွားရဖွယ်ရှိနေသည်။

ထို့ပြင် စည်းကြပ်ခွန်များနှင့် ကုန်သွယ်မှုကန့်သတ်ချက်များသည် ပြည်ပပို့ကုန်တင်ပို့မှုအပေါ် သက်ရောက်မှုရှိလာမည်ဆိုလျှင် အာရှငွေကြေးများသည် ထိခိုက်လာဖွယ်ရာရှိနေပြီး အာရှစီးပွားရေးလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု၊ ထွက်ခွာမှုများဖြစ်ပေါ်လာနိုင်သည်။ ထရန့်၏မူဝါဒများသည် အမေရိကန်ကုမ္ပဏီများကို ပြည်တွင်း၌ လုပ်ငန်းပြန်လည်လည်ပတ်ရန် ဖိအားဖြစ်စေနိုင်သဖြင့် အာရှဒေသတွင် ရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်းအပေါ်တွင်လည်း သက်ရောက်မှုများရှိလာနိုင်သည်။ ထိုသို့ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ထွက်ခွာခြင်းသည် အာရှဒေသအတွက် စိန်ခေါ်မှုများဖြစ်ပေါ်လာနိုင်သည်။ အထူးသဖြင့် အမေရိကန်သည် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် အခွန်ဖြေလျှော့မှုများနှင့် အခြားသောအစီအစဉ်များလုပ်ဆောင်လာနိုင်သည်။

မည်သို့ပင်ဆိုစေ အာရှစီးပွားရေးလုပ်ငန်းများအနေဖြင့် စားသုံးသူအားပေးသည့်ပုံစံများ၊ ဒစ်ဂျစ်တယ်စီးပွားရေးပုံစံများနှင့် ကိုယ်ပိုင်အပြောင်းအလဲကို ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဆိုလျှင် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများနှင့် အနှောင်အဖွဲ့ကင်းလွတ်သည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်သွားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် လူလတ်တန်းစားများသော အာရှနိုင်ငံများစွာသည် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ တိုးတက်ပျံ့နှံ့လာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်သွားနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ထရန့်၏သမ္မတ ဒုတိယသက်တမ်းသည်အာရှပို့ကုန်များနှင့်ရင်းနှီးမြှုပ်နှံမှုအပေါ်မှီခိုနေသည့် စီးပွားရေးလုပ်ငန်းများအပေါ် အတားအဆီးသစ်များရှိလာနိုင်သည့်အချိန်တွင် ဒေသတွင်းလိုက်လျောညီထွေဆောင်ရွက်နိုင်မှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့သည် ကြံ့ကြံ့ခံနိုင်သည့် တုံ့ပြန်မှုများ လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အာရှဒေသ၏ကြီးမားသောကုန်သွယ်မှုကွန်ရက်များ၊ တိုးတက်လာသောနည်းပညာစွမ်းဆောင်ရည်များနှင့် မဟာမိတ်အပြောင်းအလဲတို့သည် အမေရိကန်ရှိ ကိုယ်ကျိုးစီးပွားကာကွယ်လိုသောအစိုးရကချမှတ်လာသော မူဝါဒအပြောင်းအလဲများကို အောင်မြင်စွာတုံ့ပြန်ကိုင်တွယ်နိုင်မည့် အခြေခံအုတ်မြစ်ကောင်းတစ်ရပ် ချမှတ်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- Trump's return will change Asia's trade game by The Asia Times.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မောင့်ဆိုမီယာ ရုပ်ရှင်ဇာတ်ကား Family Show ပြုလုပ်



**ရန်ကုန် နိုဝင်ဘာ ၁၇**

နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် မောင့်ဆိုမီယာ ရုပ်ရှင်ဇာတ်ကား Family Show ကို နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Time City ၊ Mega Ace ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြ၍ သိရသည်။

မောင့်ဆိုမီယာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားကာ ခတ္တိယရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝင်းလွင်ထက်က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"မိဘနဲ့သားသမီး၊ ချစ်သူရည်းစားမတူညီတဲ့ ချစ်ခြင်းမေတ္တာတရားတွေ ခံစားကြည့်ရှုရမှာပါ။ ဒီဇာတ်လေးကို အက်ရှ်ရွှဲရှိန်နဲ့ထုတ်လုပ်ရေးက ရိုက်မယ်ပြောခဲ့တာမို့ သူ့ရဲ့ Talent ကို သေချာလေ့လာပြီးမှ ဒီဇာတ်လမ်းလေးကို ရေးသားဖန်တီးခဲ့တာပါ။ အက်ရှ်ရွှဲရှိကလဲ အကပိုင်းတွေ အဆိုပိုင်းတွေ ကောင်းတယ်လို့လဲ သိထားရတယ်။ ဒီဇာတ်ကားက ပြုံးရယ်ရမဲ့ Romance Comedy ဇာတ်လေးပါ။ ပရိသတ်သဘောကျမယ်လို့ မျှော်လင့်ပါတယ်"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

မောင့်ဆိုမီယာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ရန်အောင်၊ ဟန်ဇာမိုးဝင်း၊ ဂျူကာ၊ အရိုင်း၊ ကေညီ၊ ကောင်းစျာန်ဟိန်း၊ ဖွဲ့၊ အောင်ကိုမိုး၊ Ashwarya Kumar၊ ခရစ္စတီးနား၊ မှူးထိပ်ထား၊ ဆွိ၊ အင်ကြင်းဖူး၊ Essential Crews & Other Dancer Group၊ ဧည့်သည်သရုပ်ဆောင် မေမီကိုကို နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Netflix ၏ Ladies First ဇာတ်ကား၌ ရစ်ချက်အီးဂရန်းနှင့် အမ်မလီမော်တီမာတို့ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၁၇**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Ladies First အမည်ရှိ အချစ်ဟာသဇာတ်ကားတွင် မင်းသား ရစ်ချက်အီးဂရန်းနှင့် မင်းသမီး အမ်မလီမော်တီမာတို့ ပါဝင်လာကြောင်း နိုဝင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

Ladies First ဇာတ်ကားတွင် မင်းသား ရစ်ချက်အီးဂရန်းနှင့် မင်းသမီး အမ်မလီမော်တီမာတို့သည် မင်းသား ဆာချာဘာဂွန်ကိုဟင်၊ မင်းသမီး ရိုဆာမန်ပိုက်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Ladies First ဇာတ်ကားသည် Je Ne Suis Pas un Homme Facile အမည်ရှိ ပြင်သစ်ရုပ်ရှင်ဇာတ်ကားကို ပြန်လည်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Ladies First ဇာတ်ကားသည် မိန်းမများသာ ကြီးစိုးသည့် ထူးဆန်းသော နေရာတစ်နေရာသို့ ရောက်ရှိသွားသော အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ သီရာရှားရော့က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# သူနိုင်ကိုယ်နိုင် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၂ ရက်တွင် ရုံတင်ပြသွားမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးက သူနိုင်ကိုယ်နိုင် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၂ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခင်လှိုင်က ပြောပြ၍ သိရသည်။

သူနိုင်ကိုယ်နိုင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကိုရွှေက ရေးသားထားပြီး မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားကာ အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူရိုက်ကူးပေးထားကြောင်းလည်း သိရသည်။




"ကျေးလက်သဘာဝ ဟာသဇာတ်မြူးလေးပါ။ တစ်မိသားစုနဲ့တစ်မိသားစု၊ တစ်ရွာနဲ့တစ်ရွာ အပြိုင်အဆိုင် အနိုင်ကြဲကြတဲ့ ကျေးရွာလေးတွေရဲ့ သဘာဝ၊ ဟာသနဲ့ ချစ်စရာပုံရိပ်တွေကို ဟာသရှုထောင့်ကနေ တင်ပြထားတာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခင်လှိုင်က ပြောပြသည်။

သူနိုင်ကိုယ်နိုင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရွှေထူး၊ ခင်လှိုင်၊ သွက်လက်၊ နေဆန်း(မွန်)၊ မိုးညို၊ ရန်ပြေ(ကျော်ကြီး)၊ သီဟ၊ သိန်းဇံ၊ ရွှေမှုန်ရတီ၊ ဝေလာရီ၊ တက္ကသိုလ်ဂွမ်းပုံနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Paramount ၏ Gladiator-2 ပွဲအတွက် နိုင်ငံတကာဝင်ငွေဒေါ်လာ သန်း ၈၀ နှင့်သန်း ၉၀ ကြားရရှိနိုင်

**နယူးယောက် နိုဝင်ဘာ ၁၇**

Paramount ကုမ္ပဏီ၏ Gladiator-2 ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်အတွင်း နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် သန်း ၉၀ ကြား ရရှိနိုင်ကြောင်း နိုဝင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

Paramount ကုမ္ပဏီ၏ Gladiator-2 ဇာတ်ကားကို နိုဝင်ဘာ ၁၄ ရက်မှစ၍ နိုင်ငံတကာရုပ်ရှင်ဈေးကွက်များ၌ စတင်ရုံတင်ပြသနေပြီဖြစ်သည်။


Gladiator-2 ဇာတ်ကားသည် အကောင်းဆုံးရုပ်ရှင်ဇာတ်ကား အော်စကာဆုရရှိခဲ့သော Gladiator (2000) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Paramount ကုမ္ပဏီသည် အဆိုပါဇာတ်ကားကို နိုင်ငံတကာရုပ်ရှင်ဈေးကွက် ခြောက်ခုတို့တွင် ရုံတင်ပြသလျက်ရှိကြောင်း သိရသည်။

Gladiator-2 ဇာတ်ကားကို ဒါရိုက်တာ ရစ်ဒလေစကော့က တာဝန်ယူ ရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသား ပေါမက်စကယ်၊ ပက်ဒရိုပက်စကယ်၊ ဒန်ဇယ်ဝါရှင်တန်နှင့် မင်းသမီး ကွန်နီအယ်ဆင်တို့ ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# တာတေနှင့် ဂူအောင်းကဝေ ဇာတ်လမ်းကို Shwe Stream Application က နိုဝင်ဘာလ စတုတ္ထပတ်တွင် ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် နိုဝင်ဘာ ၁၇**

တာတေနှင့် ဂူအောင်းကဝေ ဇာတ်လမ်းကို Shwe Stream Application က နိုဝင်ဘာလ စတုတ္ထပတ်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြ၍ သိရသည်။

တာတေနှင့် ဂူအောင်းကဝေ ဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ တာတေ၏ ဝတ္ထုကို(အေဝမ်း) ဦးလှဝင်းက ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ရွှေဇင်မင်းကျော်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ ပရိသတ်သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီယ ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ တာတေဇာတ်လမ်း တော်တော်များများကို Channel K ရုပ်သံလိုင်း၊ Skynet ရုပ်သံလိုင်း၊ Hey Pay Application ကနေ ပြသနေပါတယ်။ မောင်ပုံနဲ့ မသိန်းကြည်တို့ ချစ်သူရည်းစားတွေဖြစ်ကြပြီး တစ်နေ့ သူတို့ချိန်းတွေ့နေတုန်း မထင်မှတ်ထားတဲ့ ပြဿနာတွေ ဖြစ်သွားခဲ့တယ်။ သူတို့ကြုံခဲ့တာတွေက သာမာန်မဟုတ်ဘဲ ဂူအောင်းနေတဲ့ ကဝေသခင်ကြီးကြောင့်ဆိုတော့ တာတေတို့ ဘယ်လိုကူညီပေးကြမလဲဆိုတာ ရှုစားပေးကြပါ"ဟု ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြသည်။

အဆိုပါဇာတ်လမ်းတွင် သရုပ်ဆောင် နေခနဲ့၊ ခေးကို၊ ထူးသာ၊ ရွှင်ပျော်၊ ဟန်ဝင်းဇော်၊ ဆက်ထူးသစ်၊ မိုးစက်ချို့နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# 80,000 viss of dried snakehead fish sent to Yangon market in October


Dried snakehead fish.

**Mawlamyinegyun November 17**

Local businesspersons from Mawlamyinegyun Township of Ayeyawady Region sent 80,000 viss of dried snakehead fish to Yangon market in October, said Daw Tin Tin Nyo Myint, the owner of dried fish wholesale centre in Mawlamyinegyun Township.

Merchants in Mawlamyinegyun Township sold 55,000 viss of dried snakehead fish to Yangon in September, compared to 80,000 viss in October. At present, demand is high at Yangon market to purchase dried fish from Mawlamyinegyun Township.

Daw Tin Tin Nyo Myint explained: “Our township supplies various dried fish to Yangon and other regions. In October, we sold 80,000 viss of dried snakehead fish to Yangon. At present, demand is high for dried fish from our township. Prices depend on sizes and quality dried fish. Merchants and those who store dried fish are earning incomes.”

At present, dried snakehead fish fetches K17,500 per viss in Yangon market. Then, Yangonmarket distribute dried fish to domestic markets and Nay Pyi Taw as well as foreign markets in China, Singapore and Thailand.

Kyaw Kyaw Lin

# Plan underway to grow more than 2,000 acres of groundnut in Maubin Township

**Maubin November 17**

Arrangements are being made to grow 2,008 acres of groundnut in Maubin Township of Ayeyawady Region, said U Zaw Min Tun, Head of Maubin Township Agriculture Department.

Local farmers will start cultivation of groundnut in the third week of November this year. The Township Agriculture Department provides aid for local farmers to grow cold season crops including groundnut without difficulties and cooperates with relevant departments for enabling local farmers to purchase agricultural inputs at fair prices.

U Zaw Min Tun commented: “Maubin Township will grow 2,008 acres of groundnut as cold season crop. Our department helps local farmers grow all sown acreage of groundnut accounting for cent per cent and prevent pests.”

Township Agriculture Department, Township Administration Body, Agricultural Mechanization Department, and Irrigation and Water Utilization Management Department join hands in providing necessary assistance for local farmers to meet the target cultivation of cold season crops.

Kyaw Kyaw Lin


A groundnut plantation.

# Labutta distributes 70,000 viss of dried Swimbladder to Yangon market in October

**Labutta November 17**

Local fishermen and business people from Labutta Township of Ayeyawady Region sold 70,000 viss of dried Swimbladder to Yangon market in October, said Daw Khin Htay, the owner of dried fish wholesale centre in Labutta Township.

They sold 50,000 viss of dried Swimbladder to Yangon market in September but 70,000 viss in October this year.

Daw Khin Htay commented: “Swimbladders are obtained from various species of seawater fish. These were extracted from fish and then dried under sunray systematically. These dried Swimbladders were sold to Yangon market. Starting from the first week of October, the demand of the stock is higher and higher. Local merchants from Labutta Township sell domestic products including dried Swimbladder to Yangon market.”

In October, dried Swimbladder fetched K22,000 per viss of yellow pike-conger Swimbladder, K35,000 to K34,500 per viss of sea catfish Swimbladder, K80,000 per viss of crocker Swimbladder and others in Yangon market, depending on quality and size.

Kyaw Kyaw Lin

# Trump taps oil executive Chris Wright as energy secretary

**Washington November 17**

U.S. President-elect Donald Trump on Saturday selected Chris Wright, the CEO of an oilfield services company, as his pick for the next secretary of the Energy Department.

Wright is CEO of Liberty Energy, a Denver-based company that provides hydraulic fracturing services to the oil and gas industry.

The prominent Republican fundraiser has previously questioned the link between climate change and extreme weather events. He has also actively supported policies that promote the fossil fuel industry and energy independence.

In a post on Truth Social, Trump said that Wright will also be joining his administration as a member of the newly formed National Energy Council, which will "oversee the path to U.S. energy dominance by cutting red tape, enhancing private sector investments across all sectors of the economy, and by focusing on innovation over longstanding, but totally unnecessary, regulation."

Earlier this week, Trump announced his intention to appoint North Dakota Governor Doug Burgum to serve as both interior secretary and chairman of the Council of National Energy, a newly created role designed to orchestrate the administration's sweeping plans to repeal climate rules, scrap clean-energy subsidies, and boost oil and gas production nationwide, according to a report by The Washington Post.

Xinhua

# Ethiopian PM inaugurates China-supported forensic investigation, research center

**Addis Ababa November 17**

Ethiopian Prime Minister Abiy Ahmed inaugurated the Ethiopian Federal Police Forensic Investigation and Research Center of Excellence Saturday in Addis Ababa, the capital of Ethiopia.

Speaking at the event, Abiy said the center would help members of the federal police conduct digital forensic investigation and DNA testing as well as analyze complex crimes.

"Just a year and a half ago, when DNA testing was needed, we had to rely on external resources," the prime minister noted on his social media page after inaugurating the center.

Abiy said the center is the outcome of the government's commitment to modernizing law enforcement agencies and equipping them with the necessary technology and knowledge. He also underscored that the achievement reflects the significant reforms the East African country has undertaken in the security and safety sector over the past five years.

"Today, Ethiopia has established an institution capable of addressing DNA-related challenges domestically while also serving neighboring countries," said the prime minister, recalling that the country had been sending samples to South Africa for DNA testing until very recently.

The inauguration event was attended by senior government officials, members of the federal police, and diplomats from various countries.

Xinhua

# More than 2,000 acres of sunflower planted in Pwintbyu Township



A thriving sunflower plantation.

**Pwintbyu November 17**

Starting from October 2024, local farmers grow sunflower in Pwintbyu Township of Magway Region in order to ensure oil security, and they have planted 2,724 acres of sunflower so far, according to the Pwintbyu Township Agriculture Department.

Local authorities earmarked 12,805 acres of sunflower for cultivation in cold season this year but local growers have so far planted 2,724 acres of sunflower against the target.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department, said: "Farmers have grown more than 2,700 acres of sunflower against the target of 12,805 acres. We helped local farmers increase per-acre yield of sunflower and select quality strains of crops for cultivation. Farmers grow sunflower the plantations of other crops as a mixed crop. As irrigation facilities contribute to the farmlands, sunflower plantations are thriving in the township."

Local farmers prefer to grow sunflower the whole year due to lesser cost of labour charge and increase incomes.

This year, the Agriculture Department provides necessary aid such as quality strains of sunflower seeds, agricultural techniques and inputs to local farmers.

Ye Win Naing (NyaungU)

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kalay Township grows more than 1,300 acres of vegetables this year

**Kalay November 17**

Kalay Township Agriculture Department of Sagaing Region stated that local farmers have planted 1,360 acres of vegetables this cold season.

Local authorities earmarked 9,121 acres of vegetables in Kalay Township this winter but local farmers have planted 1,360 acres of vegetables against the target cultivation.

U Naing Win Tun, Head of Kalay Township Agriculture Department, said: "We planned to grow more than 9,000 acres of vegetables this cold season but local farmers have planted more than 1,000 acres of vegetables. They emphasize cultivation of mustard, chilli, spicy, potato, cabbage, cauliflower and Chinese cabbage. We urge local farmers to use GAP system for production of quality vegetables with least chemical residues."

This year, the department raised farmer awareness to grow crops with least chemical residue for healthy products and expand their sown acreage.

Moreover, officials of Township Agriculture Department disseminate agricultural knowledge to local farmers to use correct agricultural techniques, prevent pests and make natural fertilizers and pests for reducing farming charges. 206



A vegetable patch in Kalay Township.

# Ayadaw Township completes cultivation of black gram

**Ayadaw November 17**

Statistics of Monywa District Agriculture Department stated that a total of 2,309 acres of black gram has been planted in Ayadaw Township of Sagaing Region this cold season.

In 2024-25 financial year, the township planned to grow 3,050 acres of black gram but local farmers have so far planted 2,309 acres of black gram.

Daw San San Myint, Head of Monywa District Agriculture Department disclosed: "We planned to grow more than 3,000 acres of black gram, more than 2,000 acres of which has been planted in Ayadaw Township. Local farmers and departmental officials are striving to meet the target cultivation. We helped local farmers with necessary technologies, quality seeds, pesticides and fertilizers."

The department arranges provision of suitable quality strains of crops, agricultural techniques, prevention of pests, systematic use of fertilizers and pests for boosting per-acre yield.

This year, relevant officials from the Township Agriculture Department distribute quality seeds of crops, agricultural inputs, and post-harvest technology to local farmers in order to increase per-acre yield of crops.

206



A black gram plantation.

# Farmers finish cultivation of sunflower on more than 2,000 acres of croplands

**Monywa November 17**

According to the statistics of Monywa Township Agriculture Department, a total of 2,310 acres of sunflower has been planted this cold season in Monywa Township of Sagaing Region.

Local authorities earmarked 7,755 acres of sunflower acres in Monywa Township in 2024-25 cold season but local farmers have planted 2,310 acres of crops against the target.

U Soe Thet Aung, Head of Monywa Township Agriculture Department commented: "This year, local authorities earmarked cultivation of more than 7,000 acres of sunflower in Monywa Township but local farmers have planted more than 2,000 acres of crops against the target cultivation. They are trying hard to meet the target with the plans to expand sown acreage of sunflower to reduce import of cooking oil abroad. Yield of oil from sunflower is more than groundnut and sesame. Local farmers prefer to grow sunflower in cold season."

Monywa Township Agriculture Department conducted the training course to enhance capacity of staff and farmers in order to grow sunflower systematically.

This year, officials arrange provisions of quality seeds of sunflower to local farmers in Monywa Township with distribution of urea fertilizers at fair prices.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှား Kalashnikov ကုမ္ပဏီက ဒရုန်းအော်ပရေတာစစ်သည်များကို လေ့ကျင့်သင်တန်းပေး



ရုရှားနိုင်ငံ Kalashnikov ကုမ္ပဏီသည် ယူကရိန်းအထူးစစ်ဆင်ရေးအတွက် စစ်ဆင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဒရုန်းအော်ပရေတာစစ်သည်များကို တစ်သုတ်ပြီးတစ်သုတ် လေ့ကျင့်သင်တန်းပေးလျက်ရှိကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းလုပ်ဆောင်ချက်သည် ရုရှားတပ်မတော်ကို ခေတ်သစ်စစ်မြေပြင်အတွက် လိုအပ်သော အဆင့်မြင့်ဒရုန်းအော်ပရေတာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးရန် ကုမ္ပဏီ၏ကတိကဝတ်ကို ထင်ဟပ်စေလျက်ရှိသည်။

ယူကရိန်းပဋိပက္ခအတွင်း မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ ဖောဖောသီသီ အသုံးပြု စစ်ဆင်လာခြင်းသည် ယနေ့ခေတ် စစ်ဆင်ရေးများတွင် ၎င်းတို့၏ အဓိကအခန်းကဏ္ဍကို မီးမောင်းထိုးပြနေပြီး ခေတ်သစ်စစ်ပွဲသမိုင်းတွင် သိသာထင်ရှားသော အချိုးအကွေ့၊ မှတ်တိုင်တစ်ခုလည်းဖြစ်သည်။ မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများသည် ထောက်လှမ်းခြင်း၊ ပစ်မှတ်ဖော်ထုတ်ခြင်းနှင့် တိုက်ရိုက် တိုက်ခိုက်ခြင်းများအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည့် မရှိမဖြစ် မဟာဗျူဟာမြောက် စစ်ရေးစွမ်းအားစုများ ဖြစ်လာခဲ့သည်။

ထို့ပြင် စစ်ဘက်အသုံးချရန် ရည်ရွယ်ချက်အတွက် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားသော အရပ်ဘက်သုံး မောင်းသူမဲ့လေယာဉ်များ(UAV)၊ ဒရုန်းများ (Drone) ကြီးထွားလာခြင်းသည် ကုန်ကျစရိတ်သက်သာသော အရပ်ဘက်နည်းပညာများကို ကြောက်မက်ဖွယ်ကောင်းသော စစ်လက်နက်များအဖြစ် ပြောင်းလဲပေးနိုင်သည့် ပေါင်းစပ်စစ်ပွဲအတွက် နည်းဗျူဟာမြောက် ချဉ်းကပ်လုပ်ဆောင်လျက်ရှိသည်ကို ဖော်ညွှန်းပြသခဲ့သည်။ ယူကရိန်းပဋိပက္ခသည် ဒရုန်းရန်တိုက်ဖျက်ရေးအစီအမံများကို အရှိန်မြှင့်လုပ်ဆောင်လာကာ အနာဂတ်စစ်ပွဲများတွင် နည်းပညာလွှမ်းမိုးကြီးထွားလာမှု၏ အရေးပါမှုကို မီးမောင်းထိုးပြနေသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအစောပိုင်းတွင် ရုရှားနိုင်ငံ BARS-Sarmat တပ်ရင်းမှ တပ်မတော်သားများသည် အမြောက်တပ်မ နှစ်ခုမှ အမြောက်တပ်ဖွဲ့ဝင်များနှင့်အတူ UAV ထိန်းကျောင်းပျံသန်းရေးသင်တန်းများတွင် အပြင်းအထန် တက်ရောက်လေ့ကျင့်ခဲ့ကြသည်။Kalashnikov ကုမ္ပဏီက ဦးဆောင်၍ ပုံမှန်စီစဉ်ဖွင့်လှစ်လျက်ရှိသော ၎င်း UAV၊ Drone သင်တန်းများသည် တိုက်ပွဲအခြေအနေများတွင် ထိထိရောက်ရောက် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်သော ကျွမ်းကျင်တပ်ဖွဲ့ဝင်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်စေရေးအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

လေယာဉ်ကွင်းတွင် လက်တွေ့လေ့ကျင့်မှုများကိုပြုလုပ်ခဲ့ကြပြီး သင်တန်းသားစစ်သည်များသည် UAV၊ Drone စနစ်များကို လျင်မြန်စွာအသုံးချတတ်စေရန်၊ UAV၊ Drone ကိုပစ်လွှတ်ခြင်း၊ ထိန်းကျောင်းပျံသန်းခြင်းနှင့် ပစ်မှတ်ထံချဉ်းကပ်၍ လှုပ်ရှားစစ်ကစားပျံသန်း၊ တိုက်ခိုက်ခြင်းများကို သဏ္ဌာန်တူပစ်မှတ်များဖြင့် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ ၎င်းလေ့ကျင့်မှုများသည် တာဝန်ထမ်းဆောင်စဉ်အတွင်း အော်ပရေတာစစ်သည်များ ကြုံတွေ့ရဖွယ်ရှိသော လက်တွေ့စစ်မြေပြင်အခြေအနေများနှင့် တူညီစွာ လေ့ကျင့်ပေးခြင်းဖြင့် အသားကျ ဖြစ်စေရန် ရည်ရွယ်သည်။

Kalashnikov ကုမ္ပဏီ ဦးဆောင်၍ UAV၊ Drone လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်ပေးနေခြင်းသည် ရုရှားတပ်မတော် ခြေလျင်တပ်ဖွဲ့ဝင်စစ်သည်များ၏ စစ်ဆင်ရေးစွမ်းရည်များကို မြှင့်တင်ပေးရုံသာမက အန္တရာယ်များသော ပတ်ဝန်းကျင်များတွင် ရှေ့တန်းကျကျ တိုက်ပွဲဝင်နေသော တပ်ရင်း၊ တပ်ဖွဲ့များ၏ ဘက်စုံတိုက်ပွဲဝင်ထိရောက်မှုကိုလည်း တိုးတက်ကောင်းမွန်စေနိုင်သည်။ ရုရှားနိုင်ငံ Kalashnikov ကုမ္ပဏီသည် ၎င်း၏လေ့ကျင့်ရေးနည်းစနစ်များကို စဉ်ဆက်မပြတ် လိုက်လျောညီထွေဖြစ်ပြီး UAV၊ Drone စွမ်းအားစုများကိုတိုးချဲ့ခြင်းဖြင့် စစ်ဘက်နည်းပညာများကိုအဆင့်မြှင့်တင်ရန်နှင့် ရှေ့တန်းစစ်ဆင်ရေးများကိုပံ့ပိုးရာတွင် အရေးပါသော အခန်းကဏ္ဍကို အတည်ပြုပေးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

**Kalashnikov Trains Drone Operators to Improve Russia's Air Defense Capabilities** ကို ဘာသာပြန်ဆိုထားပါသည်။

## တရုတ် NORINCO ကုမ္ပဏီက လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်ကို ထုတ်ဖော်ပြသ

တရုတ်နိုင်ငံ လေကြောင်းပြပွဲတွင် တရုတ်နိုင်ငံ ကာကွယ်ရေးကုမ္ပဏီ NORINCO (China North Industries Group Corporation Limited)က ၎င်း၏ နောက်ဆုံးပေါ် Counter-Drone လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစနစ်သစ်သည် ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီထုတ် Skynex လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်နှင့် ဆင်တူသည်။ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလက်နက်အဖြစ် ဒီဇိုင်းထုတ်ထားသော တရုတ်နိုင်ငံထုတ် Counter-Drone လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်သည် လှုပ်ရှားစစ်ကစားမှုမြင့်မားကောင်းမွန်သော နည်းဗျူဟာမြောက်ယာဉ်တင်အမျိုးအစားဖြစ်ကာ အဆင့်မြင့်ရှာဖွေထောက်လှမ်းခြင်း၊ ပစ်မှတ်စိစစ်ဖော်ထုတ်ခြင်းနှင့် တိုက်ခိုက်ချေမှုန်းခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံထုတ် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်ကို ခြောက်ဘီးယက် Mengshi အပေါ့စားနည်းဗျူဟာမြောက်ယာဉ်ပေါ်တွင်တပ်ဆင်ထားပြီး လိုက်လျောညီထွေရှိမှုနှင့် လမ်းကြမ်းများတွင် ချီတက်မောင်းနှင်တိုက်ပွဲဝင်နိုင်မှု စွမ်းဆောင်ရည်ပိုင်ဆိုင်ထားသည်။ ယာဉ်ရှေ့ဘက်၊ ဘေးတစ်ဖက်တစ်ချက်၌ တံခါးနှစ်ပေါက်ပါရှိပြီး တပ်ဖွဲ့ဝင်များအတွက် နေရာလွတ်ရှိကာ နောက်ဘက်ပိုင်းတွင် လက်နက်တပ်ဆင်ခန်းပါရှိသည်။ ထိုလက်နက်တပ်ဆင်ခန်းတွင် ၃၀ မမ လေယာဉ်ပစ်အမြောက်နှင့် ဒုံးပစ်လောင်ချာ တစ်လက်တို့ ပါဝင်ဖွဲ့စည်းထားသည်။

လက်နက်စနစ်၏ အဓိကအင်္ဂါရပ်မှာ အဆင့်မြင့် ရှာဖွေထောက်လှမ်းခြင်းနှင့် ပစ်မှတ်ဖော်ထုတ်ခြင်းစနစ်ဖြစ်သည်။ ယာဉ်နောက်ပိုင်းရှိ လက်နက်တပ်ဆင်ခန်းတွင် Optical အာရုံခံစနစ်များနှင့် ရေဒါတို့ပါရှိသော ဆုံလည်တစ်ခုတပ်ဆင်ထားကာ ပစ်မှတ်အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၍ တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ လက်နက်စနစ်၏ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းသည် ဒရုန်းများမှသည် အနိမ့်ပျံလေယာဉ်များထိ လေကြောင်းခြိမ်းခြောက်မှု အမျိုးမျိုးကို တန်ပြန်တိုက်ခိုက်ချေမှုန်းနိုင်ရန် အာရုံစိုက်ထားခြင်းဖြစ်ပြီး တန်ပြန်ဒရုန်းတိုက်ဖျက်ရေး အခန်းကဏ္ဍတွင် အဓိကထားအသုံးပြုရန် အလေးပေးထားခြင်းဖြစ်သည်။



တရုတ်နိုင်ငံထုတ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်၏ ဒီဇိုင်းနှင့် စွမ်းဆောင်ရည်များသည် ဂျာမနီနိုင်ငံထုတ် Rheinmetall Skynexအဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်နှင့် တူညီနေသည်ကို တွေ့ရှိရသည်။ ဂျာမနီထုတ်စနစ်ကဲ့သို့ပင် တရုတ်နိုင်ငံ NORINCO ကုမ္ပဏီထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်သည် အထူးသဖြင့် မြို့ပြစစ်ဆင်ရေးအခြေအနေများ သို့မဟုတ် ပြင်းထန်သော တိုက်ပွဲအခြေအနေများတွင် တိုက်ပွဲဝင်ထိရောက်မှုရှိစေရန် လျင်မြန်စွာ တုံ့ပြန်နိုင်စွမ်းနှင့် လှုပ်ရှားစစ်ကစားနိုင်စွမ်းတို့ မြင့်မားကောင်းမွန်စေရေးကို အာရုံစိုက်လုပ်ဆောင်ထားကြောင်း တွေ့ရှိရသည်။

ယခုလို တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ခဲ့မှုများသည် တရုတ်နိုင်ငံ၏ တန်ပြန်ဒရုန်းတိုက်ဖျက်ရေး နည်းပညာများပေါ်တွင် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်အာရုံစိုက်ထားမှုကို မီးမောင်းထိုးပြလျက်ရှိကြောင်း သိရသည်။

**China Unveils Skynex-Inspired Counter-Drone Weapon Drawing Comparisons to Germany's Rheinmetall System** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၃၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မင်းကင်း နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၂၃၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် မြေပဲ ၂၄၅၅၈ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၅၉ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မြေပဲကေ ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၈၅ကေ စိုက်ပျိုးမည်

မြောင်းမြ နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၈၅ ကေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၄၈၈၅ကေကို နိုဝင်ဘာလ တတိယပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊အဆိုပါစားဖိုဆောင်သီးနှံ ၄၈၈၅ ကေ အပါအဝင် ဆောင်းသီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊စီမံအုပ်ချုပ်ရေးအဖွဲ့၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်သည့် ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အနေနဲ့ စားဖို ဆောင်သီးနှံ၄၈၈၅ ကေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများထိ သွားရောက်ပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေ ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ စားဖိုဆောင်သီးနှံစိုက်ပျိုးမှုအနေနဲ့ ကြက်ဟင်းခါးသီး၊ ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သခွား၊ ပဲပုစွန်၊ တိုင်ထောင်ပဲစတဲ့ သီးနှံတွေကို အဓိက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။



ယခင်နှစ်က ကြက်ဟင်းခါးစိုက်ခင်းကို တွေ့ရစဉ်။

ဒါ့အပြင် တောင်သူတွေ စိုက်ပျိုးတဲ့ စားဖိုဆောင်သီးနှံတွေကို ဓာတုဓာတ်ကြွင်းနည်းပါးအောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ပညာပေး လုပ်ငန်းတွေကို သီးနှံတွေ မစိုက်မီ အချိန်ကတည်းက ဆောင်ရွက် ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ထံမှ သိရသည်။

ကျော်ကျော်လင်း

# စလင်းမြို့နယ် မင်းတဲကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စလင်း နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မင်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာလ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ကတက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ် ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်းကို မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းတဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ငွေကျပ် ၄၅ ဒသမ ၁သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန်းသန်းစိုး


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဖီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၄၃ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၈၅ |
| (သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်) | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်မုန်းလပြည့်နေ့တွင် ခရီးသွားများဖြင့် အထူးစည်ကားခဲ့





**နေပြည်တော် နိုဝင်ဘာ ၁၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးခရီးသွားပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ပုဂံဒေသ၏ခရီးသွားဝန်ဆောင်မှုကဏ္ဍသည် ပုဂံဒေသခံပြည်သူများ၏ လူမှုစီးပွားနှင့် အလုပ်အကိုင်အခွင့်အလမ်းကိုများစွာ အထောက်အကူပြုလျက်ရှိသည်။

"တန်ဆောင်တိုင် ပွဲတော်ကာလမှာ လပြည့်နေ့ဟာ ဘုရားဖူးခရီးသွားတွေနဲ့ အထူးစည်ကားခဲ့ပါတယ်။ ပုဂံကိုပြည်တွင်းခရီးသွားတွေသာမက ပြည်ပခရီးသွားတွေလည်း အခုလကစပြီး အုပ်စုလိုက်စဝင်နေပါပြီ။ ပုဂံယဉ်ကျေးမှုဒေသဟာ အေးချမ်းသာယာပါတယ်။ ဒေသခံတွေကလည်း ပြည်တွင်းပြည်ပခရီးသွားတွေကို အမြဲတမ်း နွေးထွေးလှိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်နေပါတယ်"ဟု ထီးလိုမင်းလိုဘုရား အတွင်းရေးမှူး ဦးတင်လှဦးက ပြောပြသည်။

"ဒီနှစ်တန်ဆောင်တိုင်ပွဲတော်ကာလမှာ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရှိတယ်။ ပြီးတော့ နေပြည်တော်၊ ပဲခူးစသည်ဖြင့် နေရာဒေသတော်တော်များများမှာ ပွဲတော်တွေစည်စည်ကားကားကျင်းပခဲ့တဲ့အတွက် ပုဂံကိုလာတဲ့ ခရီးသည်ကပျံ့ဝင်တဲ့ သဘောတော့ရှိတယ်။ ဒါပေမယ့် တန်ဆောင်မုန်း လပြည့်နေ့မှာတော့ စည်ကားခဲ့တယ်။ ဒေသခံတွေအရောင်းအဝယ်တွေ အဆင်ပြေကြတယ်။ ကျွန်တော်တို့လိုလက်ပန်းချီဆွဲတဲ့ ဆိုင်တွေအားလုံး ခရီးသွားတွေအပြည့်ရတယ်။ ပြီးတော့ ပြည်ပခရီးသွားတွေ ဝင်ရောက်လည်ပတ်တာမြင်ရတော့ ပိုပြီး ဝမ်းသာရပါတယ်။ ခရီးသွားဝန်ဆောင်မှုနဲ့ ရပ်တည်နေရတဲ့ ဒေသဖြစ်တဲ့အတွက် ခရီးသည်တွေလာရင် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု လက်ပန်းချီရေးဆွဲသူ ကိုဇေယျာသန်းက ပြောပြသည်။

ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်း၊ပြည်ပခရီးသွားများသည် အမှတ်တရပစ္စည်း ဝယ်ယူခြင်းအပြင် လက်ပန်းချီဆွဲခြင်း၊ မြင်းလှည်းစီးခြင်းတို့ကို အများဆုံးပြုလုပ်လေ့ရှိပြီး လူငယ်များကပို၍ လက်ပန်းချီရေးဆွဲလေ့ရှိကြောင်းသိရသည်။

ပုဂံယဉ်ကျေးမှုဒေသတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ကာလသည် ခရီးသွားဝင်ရောက်မှုများသော အချိန်ကာလဖြစ်ပြီး လာမည့် နတ်တော်လတွင်ကျင်းပသည့် အလိုတော်ပြည့် ဘုရားပွဲတော်ကာလနှင့် ပြာသိုလတွင်ကျင်းပသည့် အာနန္ဒာဘုရားပွဲတော်ကာလများတွင်လည်း ရပ်နီးရပ်ဝေး ခရီးသွားများဖြင့် အထူးစည်ကားလေ့ရှိကြောင်း သတင်းရရှိသည်။

**ညီမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ-ကနူး**









**ရှေ့ဖုံးမှအဆက်**

ထိုသို့ကျင်းပလျက်ရှိရာ ပွဲတော်တို့ လာရောက်လည်ပတ်သည့် ဧည့်ပရိသတ်များဖြင့်စည်ကားလျက်ရှိပြီး ရင်တွင်းစကားသံများကို ယခုလိုကြားသိရပါသည်-

"ကျွန်မကမအေးချမ်းမိုးပါ၊ တောင်ကြီးမြို့နယ်ကပါ မီးပုံးပျံလာကြည့်တာပါ။ မီးပုံးက နေ့ဆိုရင် နေ့လွှတ်အရုပ်လေးတွေရှိတယ်၊ညဆိုရင်တော့ ညမီးကြီးနဲ့ စိန်နားပန်စတဲ့မီးပုံးပျံတွေကိုတွေ့ရပါတယ်ရှင့်။ နေ့အရုပ်တွေဆိုရင် ခြေနှစ်ချောင်း၊ ခြေလေးချောင်းပါအရုပ်အစုံပေါ့နော်၊ မီးပုံးပျံတွေကတော့ ကာလအချိန်ကြာမြင့်စွာအချိန်ယူပြီးလုပ်ရတယ်ဆိုတော့ အလွန်လည်းလှ၊ အလွန်လည်း ကြည့်လို့ကောင်းပြီးစိတ်ထဲ အလွန်ပျော်ရွှင်ရပါတယ်။ ပွဲဈေးတန်းတွေလည်းရှိပြီးတော့ နေ့အရုပ်မှာဆိုရင် ဒေါင်း၊ ကြက်တူရွေး၊ ကြက်၊ ခို၊ ဘဲ၊ တောဝက်၊ ဆင်၊ မြင်းစတဲ့ အရုပ်အစုံကို လှလှပပမြင်တွေ့ရပါတယ်"ဟု ပြောပြသည်။

ပွဲလာရောက်ကြည့်ရှုသူ အမျိုးသားတစ်ဦးက " ဒီတန်ဆောင်တိုင်ပွဲမှာ နေ့လွှတ်အရုပ်တွေကို လှလှပပစည်စည်ကားကားနဲ့ လွှတ်တင်နေတာတွေ့ရပါတယ်။ နေ့လွှတ်အရုပ်တွေကိုမြင်တွေ့ရတာ ရင်သပ်ရှုမောဖွယ်ကောင်းလှပါတယ်။ လွှတ်တဲ့နေရာမှာ ကျွန်တော်အားပေးနေတာ ခြေနှစ်ချောင်း၊ ခြေလေးချောင်းစတဲ့ တစ်ရုပ်ထဲ၊ အတွဲလိုက်ဆိုရင် နှစ်ကောင်တွဲ၊ သုံးကောင်တွဲနဲ့ မြင်တွေ့ရပါတယ်။ ပရိသတ်များလည်း စည်စည်ကားကားနဲ့ အားရဝမ်းသာစွာ ကြည့်ရှုအားပေးနေကြတာကို တွေ့မြင်ရပါတယ်"ဟု ပြောပြသည်။

အဆိုပါ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက်ထိ ခြောက်ရက်အတွင်း စိန်နားပန်မီးပုံးပျံ ၁၉ လုံး၊ ညမီးကြီး မီးပုံးပျံ ၂၂ လုံး၊ နေ့လွှတ်အရုပ် မီးပုံးပျံ ၁၇၄ လုံး စုစုပေါင်းမီးပုံးပျံ ၂၁၅ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်ခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်တွင်ကျန်ရှိသည့် စိန်နားပန်မီးပုံးပျံ သုံးလုံး၊ ညမီးကြီးမီးပုံးပျံ လေးလုံး၊ နေ့လွှတ်အရုပ် မီးပုံးပျံ ၃၅ လုံး စုစုပေါင်း မီးပုံးပျံ ၄၂ လုံးအား လွှတ်တင်ပူဇော် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်သံဝေဇနီယလေးဌာန(ဖွားပွင့်၊ဟောစံ)စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၇**

နေပြည်တော် သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟောစံ)စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သံဝေဇနီယလေးဌာနအားဘက်စုံပြုပြင်မွမ်းမံရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊စေတီတော်အားလုံးသို့ ရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် အသုံးပြုရေး၊အမြဲသန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်မှတ်တမ်းဓာတ်ပုံပြခန်းနှင့် ဓမ္မာရုံအတွင်းသို့လည်းကောင်း၊ နေပြည်တော်-တပ်ကုန်းသွား အမှတ်(၁) လမ်းမကြီးပေါ်ရှိ တောင်ကျချောင်းရေကျော်တွင် ရေစီးရေလာကောင်းမွန်ရေးထိန်းသိမ်းဆောင်ရွက်မှုအခြေအနေများနှင့် ဓမ္မာရုံမျက်နှာကြက်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊မိဂဒါဝုန်ဘေးမဲ့ဥယျာဉ်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံဝေဇနီယလေးဌာန (ပွင့်)စေတီတော်တွင် ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးထွန်းညှိပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မကွေးတိုင်းဒေသကြီး မင်းဘူး၊ မင်းလှမြို့နယ်တို့မှ ဝါးနေကြာစိုက်တောင်သူများနှင့် ဒုတိယဝန်ကြီးဦးမြင့်စိုး တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့်အတူ ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးမင်းဘူးမြို့ရှိ မြန်မာနိုင်ငံဝါလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ကြိုင်၏ ဝါကြိတ်စက်သို့ သွားရောက်၍ မင်းဘူး၊ မင်းလှမြို့နယ်တို့မှ ဝါ၊ နေကြာစိုက် သမဝါယမအသင်းသားတောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ လုပ်ငန်းလိုအပ်ချက်များဖြစ်သော ဝါမျိုးကောင်းမျိုးသန့်များ အချိန်မီရရှိရေး၊ စိုက်ဧကတိုင်းအတွက် လုံလောက်စွာရရှိရေး၊ ပိုးသတ်ဆေးများအသုံးပြုနိုင်ရေး တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝါကြိတ်ဝါဖိစက်များ၊ ဆီကြိတ်စက်များဖြင့် ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်များထုတ်လုပ်နေမှုကို ကြည့်ရှုခဲ့ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာသို့ သွားရောက်ပြီး ဆင်ခေါင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူဦးထွန်းငြိမ်း၏ လယ်မြေ ၁၀ ဧကတွင် ရှုရှားရွက်ဖျန်းမြေဩဇာကို မျိုးစေ့စိမ်သည့်အဆင့်မှစ၍ အသုံးပြုစိုက်ပျိုးထားသော ၂၁ ရက်သား ရှစ်ဧကစိုက်ခင်းနှင့် ၁၅ ရက်သား နှစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဓမ္မာရုံတွင် နေကြာနှင့် ဝါစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များမှာကြားသည်။

ယင်းနောက်အသင်းသား တောင်သူများထံ ရေဆင်းနေကြာစပ်မျိုးများပေးအပ်ပြီး တောင်သူဒေါ်သန်းသန်းဌေး၏ ယာမြေမှ လယ်မြေသို့ကူးပြောင်းထားသော ကိုင်းတောလေးအရှေ့ကွင်း ကွင်းအမှတ် ၁၂၈၄ တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ တောင်သူ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စက်ရေတွင်း လေးတွင်းတူးဖော်၍



ဆိုလာရေတင်စနစ် အသုံးပြုစိုက်ပျိုးထားသော ရောပဒေသာစပါးမျိုး ၁၂၀ ရက်သား ၁၀ ဧကကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ထိုမှတစ်ဆင့် မကွေးမြို့နယ် အိုင်ကြီးကုန်းကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းအရှည် တစ်မိုင်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကုန်ထုတ်လမ်းဖောက်လုပ်ပေးပြီးဖြစ်၍ ကျေးရွာရှိ မြေဧက ၁၃၀ တွင် နှမ်း၊ မြေပဲများ အောင်မြင်စွာစိုက်ပျိုးကြရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ပေးရေး မှာကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပေပင်ရိုး-ပုဂံမျှော် ကျေးရွာချင်းဆက်လမ်း အရှည် သုံးဖာလုံကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများအားလုံး နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၁၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**


# ၂၀၂၄ ခုနှစ် တရုတ်အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေး ညီလာခံတက်ရောက်ရန် ရန်ကုန်မြို့တော်ဝန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကူမင်းမြို့သို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်ထိကျင်းပမည့် ၂၀၂၄ ခုနှစ် တရုတ်အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရေးညီလာခံသို့တက်ရောက်ရန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီ မိနစ် ၂၀ က ရန်ကုန်မြို့မှ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ်တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# (၁၉)ကြိမ်မြောက် ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

ကလော နိုဝင်ဘာ ၁၇

(၁၉)ကြိမ်မြောက် ကလောမြို့ မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီခွဲက ကလောမြို့ မောမြေဦးပန်းခြံ မီးရှော်တိုင်ကွင်း၌ ကျင်းပသည်။

ကလောမြို့ မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ကလောမြို့ ကိုးမြို့ရှင်နတ်နန်းတွင် စုရပ်ပြုလုပ်၍ ကလော-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအတိုင်း ကလောနာရီစင်မှ မီးရှော်တိုင်ကွင်းသို့ လှည့်လည်ကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက (၁၉)ကြိမ်မြောက် ကလောမြို့ ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ကလောမြို့ မီးရှော်တိုင်နှင့် မီးကြာစံ အလှုပဒေသာထွန်းညှိပူဇော်ပွဲကို သာမညဖလအခါတော်နေ့အထိမ်းအမှတ်အဖြစ် မြတ်ဗုဒ္ဓဘုရားရှင်အား တန်ဆောင်တိုင်မီးရှော်တိုင်နှင့် မီးကြာစံ အလှုပဒေသာများဖြင့် နှစ်စဉ်ပူဇော်နိုင်ရန်၊ ကလောမြို့နယ်၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ပြီး ရေရှည်တည်တံ့အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်စေရန်၊ ကလောမြို့၏ သဘာဝရာသီဥတုနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို မြန်မာသာမက ကမ္ဘာကပါသိရှိပြီး ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကာ မြို့နယ်၏စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်၊ ကလောမြို့ နယ် လူငယ်ထုတစ်ရပ်လုံးက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ရာတွင် စုပေါင်းညီညာစွာ ဆောင်ရွက်နိုင်မှု၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းစနစ်ကျနစွာ ဆောင်ရွက်နိုင်မှု အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားကာ ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို စက်ခလုတ်နှိပ်၍ မီးပုံးပျံယဉ်အလုံး ၂၀၀ ကို လွှတ်တင်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် ကလောမြို့ ရပ်ကွက်(၃) ကိုယ်စားပြု Kalaw-Net မီးရှော်တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော်ယှဉ်ပြိုင်ကြသည်။ အဆိုပါ မီးရှော်တိုင်ပြိုင်ပွဲတွင် ကလောမြို့ပေါ်ရှိ ၁၁ ရပ်ကွက်နှင့် ရပ်ကွက်ကျေးရွာတို့မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခဲ့ကြောင်းနှင့် ပြိုင်ပွဲတွင် မီးရှော်တိုင် ၁၅ တိုင်ကို ညစဉ် ငါးတိုင်နှုန်းဖြင့် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်ထိ သုံးရက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၀၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၀၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး Bagan Plastic Campaign အဖွဲ့မှ ပလတ်စတစ်ကောက်ယူရှင်းလင်း



**နေပြည်တော် နိုဝင်ဘာ ၁၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို ယမန်နေ့ နံနက် ၇ နာရီအချိန် ဆာကူရာ မီးပွိုင့်မှစတင်၍ ပုဂံမြို့သစ်သွားကားလမ်းမှ စိမ်းညက်ညီမဘုရားထိ လမ်းဘေးဝဲယာတစ်လျှောက် ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများ ကောက်ယူသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား၊ အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများ ပါဝင်ခဲ့ကြပြီး လမ်းဘေးဝဲယာတစ်လျှောက်နှင့် လျှိုမြောင်များအတွင်းမှ ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများကို စုပေါင်းအားဖြင့် လိုက်လံကောက်ယူခဲ့ကြောင်း သတင်းရရှိသည်။ **ဒီပါလင်း**

## အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

☆ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

☆ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၅-၁၁-၂၀၂၄)

**❖ နေရှင်နယ်လိဂ်ပြိုင်ပွဲမှအဆက်**

ပွဲချိန် ၄၃ မိနစ်တွင် နိုင်လင်းထက်တို့က သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို မြင့်နိုင်သူက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃နာရီက စလင်းအားကစားကွင်းတွင် ချင်းလန်းအသင်းနှင့် Glory Goal အသင်းတို့ ကစားခဲ့ရာ ချင်းလန်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချင်းလန်းအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် ဝေယံထွေးက သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို ချင်းလန်းအသင်းမှ ကျော်စွာထက်က ဆွတ်ခူးနိုင်ခဲ့သည်။



University အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ် (၁၂)ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၈ ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ် အားကစားကွင်းတွင် ကချင်ယူနိုက်တက် အသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်း၊ ညနေ ၃နာရီတွင် ဧရာဝတီရိန်းဂျားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

**❑ ဂေါက်သီးရိုက်ပြိုင်ပွဲမှအဆက်**

အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့သော်လည်း နောက်ဆုံးနေ့တွင် ရလဒ်ကျဆင်းခဲ့ပြီး ဒုတိယနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့သည့် ဟာဘက်က ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မိတ်ဆွေများ၊ မိသားစုဝင်များရှေ့တွင် ဩစတြေးလျဂေါက်သီးရိုက်လောက၏ အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ကင်မရွန်းစမစ်အား ကျော်ဖြတ်ကာ ချန်ပီယံဆုကိုင်မြှောက်ခွင့်ရခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မိကြောင်း ဟာဘက်က ပြောကြားခဲ့သည်။

ဟာဘက်က "ကျွန်တော့်အတွက် နေ့ထူးနေ့မြတ်လေး တစ်ရက်ပါပဲ။ ကျွန်တော့်မိသားစုဝင်တွေ၊ မိတ်ဆွေအပေါင်းအသင်းတွေရှေ့မှောက်မှာ ကင်မရွန်းစမစ်လိုကစားသမားကိုကျော်ဖြတ်ပြီး ချန်ပီယံဖြစ်ခွင့်ရခဲ့တာ ပိုပြီးတော့ ဂုဏ်ယူမိပါတယ်။ ဩစတြေးလျနိုင်ငံမှာ ကျင်းပတဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပထမဆုံးရရှိခဲ့တဲ့ ချန်ပီယံဆုဖြစ်တဲ့အတွက်ကြောင့်လဲ ပျော်ရွှင်ရပါတယ်"ဟု ပြောကြားခဲ့သည်။

ဟာဘက်အနေဖြင့် လာမည့်ရက်သတ္တပတ်တွင် ကွင်းစလန်းပြည်နယ်၌ကျင်းပသွားမည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သလို ထပ်မံအောင်ပွဲခံနိုင်ရန် မျှော်လင့်နေကြောင်းလည်း ပြောကြားခဲ့သည်။

Ref : Xinhua
Trs : AZL

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ကျောက်ဆည်မြို့နယ် ဝမ်းကာဆိပ်ကျေးရွာ၌ (VDP)စီမံကိန်းဖြင့် ရွာတွင်းလမ်းများကို ကွန်ကရစ်ခင်းပေးမည်



**ကျောက်ဆည် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများကို မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေး လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝမ်းကာဆိပ်ကျေးရွာတွင် (VDP) စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်ခင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းပေးရာတွင် စီမံကိန်းရန်ပုံငွေများအပြင် ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် ကွန်ကရစ်လမ်းများကို ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်လာတတ်မည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းသည့်လမ်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ စနစ်တကျကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ လူနေမှုစနစ်များလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောပြ၍ သိရသည်။

ဝမ်းကာဆိပ်ကျေးရွာအတွင်းရှိ လမ်းများသည် မိုးတွင်းကာလတွင် ရွှံ့မြေများဖြစ်သဖြင့် သွားလာရာ၌ အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ ယခုအခါ (VDP)စီမံကိန်းဖြင့် ရွာတွင်းမြေသားလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**




(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၄၅၉ ဧကထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၄၅၉ ဧကထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၂၃၂ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားစိုက်ကေပြည့်မီအောင် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲလွမ်း ၄၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲလွမ်းသီးနှံ ၃၂၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲလွမ်းသီးနှံ ၄၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ကေပြည့်မီဖို့နဲ့ သီးနှံအထွက်နှုန်းတိုးတက်စေဖို့အတွက် တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်။ ပဲလွမ်းသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်လို့ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင်၊ စိုက်နည်းစနစ် တွေမှန်ကန်ပြီး သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးပါတယ်။ ဒီဒေသက စိုက်ပျိုးမြေကောင်းမွန်ပြီး စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီများတွင် ဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် ပဲလွမ်း စိုက်ပျိုးရေးကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဈေးကွက်ရှိသော ပဲလွမ်းကို ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်နှင့် ဝင်ငွေတိုးပွားရေးအတွက် သတ်မှတ်လျာထားစိုက်ကေပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်စေရန် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စစ်တွေ | ပုသိမ် | မြစ်ကြီးနား | စစ်ကွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၀၉၀ | ၃၀၆၅ | ၃၀၂၀ | ၃၀၉၀ | ၃၁၀၅ | ၃၁၁၅ | ၃၀၇၀ | ၄၅၀၅ | ၃၂၂၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၂၅ | ၃၁၁၅ | ၃၁၃၀ | ၃၅၃၀ | ၄၀၀၀ |
| 95 Ron | ၃၂၀၀ | ၃၂၈၅ | ၃၂၆၀ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၅ | ၄၅၆၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၄၁၅၀ |
| HSD (500 ppm) | ၂၆၆၅ | ၂၇၄၅ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၅ | ၂၇၅၅ | ၂၇၇၀ | ၂၇၂၅ | - | ၂၈၈၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၀၈၅ | ၄၀၀၀ |
| HSD (50 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | ၄၈၃၀ | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |
| HSD (10 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | - | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၃ | ၂၉၄၃ |
| 95 Ron | ၃၀၁၉ | ၃၁၃၃ |
| HSD (500 ppm) | ၂၅၁၆ | ၂၅၉၆ |
| HSD (50 ppm) | ၃၁၄၄ | ၃၂၃၇ |
| HSD (10 ppm) | ၃၁၄၄ | ၃၂၃၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

လင်းလက်

# ယနေ့လူငယ်နှင့် စာရိတ္တဗလဖွံ့ဖြိုးရေး

**ကိုယ်ကျင့်တရား**

ဘဝတွင် မိမိ၏လုပ်ဆောင်ချက်တိုင်းကို ထိန်းကျောင်းတည့်မတ်လမ်းမှန်ပြပေးသည်မှာ ကိုယ်ကျင့်တရားပင်ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းသူသည် အတွေးအခေါ်ကောင်းများရှိနိုင်မည်ဖြစ်ပြီး မိမိ၏ ကိုယ်ကျိုးစီးပွားတိုးတက်အောင်ဆောင်ရွက်ရာတွင် တစ်ပါးသူအကျိုးစီးပွားကို ထိခိုက်စေသည့် အပြုအမူများကိုလည်းဆောင်ရွက်လိမ့်မည်မဟုတ်ပေ။ အတ္တပရမ္မတစ္စာဖြင့် နေ့စဉ်ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် လူမှုပတ်ဝန်းကျင်ကို ကောင်းကျိုးသက်ရောက်စေမည့်လုပ်ရပ်များကိုသာ ဆောင်ရွက်တတ်သည်။

ကိုယ်ကျိုးစီးပွားအလေးထားသည့် ပြုမူဆောင်ရွက်မှုများကိုရှောင်ရှားပြီး အများအကျိုးအတွက်ကိုသာ ဆောင်ရွက်တတ်သူများသည် ကိုယ်ကျင့်တရားကောင်းသူများသာဖြစ်သည်။ တိုတောင်းလှသည့် လူ့ဘဝအချိန်ခဏကို ရလာသည့်အခိုက်အတန့်တွင် လောဘရမ္မက်ကြီးပြီး မိမိကိုယ်ကျိုးစီးပွားအတွက် တစ်ပါးသူများ၏ ဘဝများကို ထိခိုက်နစ်နာစေသည့် အပြုအမူများဖြင့် ရပ်တည်ကြသူများကို လူမှုပတ်ဝန်းကျင်က လက်ခံလိမ့်မည်မဟုတ်ပေ။ ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်စံတန်ဖိုးများကို အလေးထား၍ လုပ်ငန်းဆောင်တာများ ဆောင်ရွက်တတ်သူသည် မည်သည့်ပတ်ဝန်းကျင်တွင်မဆို ဝင်ဆံ့နိုင်သည်။ လူတိုင်းသည် အတ္တနှင့်မကင်းကြသဖြင့် မိမိ၏ကိုယ်ကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့်သူများကို ပတ်သက်ဆက်နွှယ်လိုခြင်းမရှိကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

"ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်းဆောင်"ဆိုသည့်စကားနှင့်အညီ ကိုယ်ကျင့်သိက္ခာနှင့် ကိုယ်ကျင့်တရားများကို တန်ဖိုးထားသူများ၏ဂုဏ်သတင်းသည် လူမှုပတ်ဝန်းကျင်အတွင်း ထာဝစဉ်တည်တံ့မွှေးပျံ့နေလိမ့်မည်ဖြစ်သည်။ ကိုယ်ကျင့်တရားဆိုသောအရာသည် လူတစ်ဦး၏ ပင်ကိုဗီဇနှင့်ပတ်သက်ဆက်နွှယ်မှုရှိနိုင်သည်။ ဗီဇဆိုသောအရာကို ပြုပြင်နိုင်ရေးအတွက် ငယ်စဉ်ကတည်းက စာရိတ္တကောင်းမွန်သောသူများဖြစ်စေရေး လေ့ကျင့်ပေးရသည်။ ငယ်စဉ်ကတည်းက စိတ်ဓာတ်ခံယူချက်ကောင်းသူများဖြစ်စေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်ဆိုပါက အရွယ်ရောက်၍ သက်ဆိုင်ရာလုပ်ငန်းခွင်သို့ဝင်ရောက်သည့်အခါ လူ့ကျင့်ဝတ်နှင့် သက်ဆိုင်ရာ လူမှုပတ်ဝန်းကျင်က သတ်မှတ်ပြဋ္ဌာန်းထားသည့်ကျင့်ဝတ်များကို လေးစားလိုက်နာကြမည်ဖြစ်သည်။

**စာသင်ကျောင်းများကစ၍ လေ့ကျင့်ပေးနေ**

ဘာသာတရားအဆုံးအမများဖြင့် ကြီးပြင်းလာကြသော မြန်မာ့လူ့ဘောင်အတွင်းမှ လူငယ်မျိုးဆက်သစ်များသည်ကား ဘာသာတရားအဆုံးအမများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများဖြင့် ကောင်းမွန်စွာလေ့ကျင့်ပျိုးထောင်ခြင်းကိုရရှိထားသူများဖြစ်သည်။ "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စာရိတ္တနှင့်ကိုယ်ကျင့်တရားပြုပြင်ရေးကို အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များက လေ့ကျင့်သင်ကြားရသည်။ ကျောင်းစည်းကမ်း၊ အိမ်စည်းကမ်း၊ လမ်းစည်းကမ်း စသည့် လူ့ဘဝတွင် စည်းကမ်းတကျနေထိုင်နိုင်ရေးတို့ကိုလည်း လေ့ကျင့်သင်ကြားပေးနေသည်။

စာရိတ္တကောင်း၍ ကိုယ်ကျင့်တရားစံနှုန်းများကို တန်ဖိုးထားတတ်ကြသူများ ဖြစ်စေရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများကိုလည်း အခြေခံပညာကျောင်းများတွင် လေ့ကျင့်သင်ကြားပေးနေပြီဖြစ်သည်။ အများအကျိုးနှင့် ကိုယ်ကျိုးကြား မှန်ကန်စွာခွဲခြားတတ်သူများ၊ ကိုယ်ကျိုးထက် အများအကျိုးကို အလေးထားတတ်သူများ၊ လူမှုပတ်ဝန်းကျင်ကို ကောင်းမွန်စွာအကျိုးပြုသူများ၊ နိုင်ငံ့သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးကို အစဉ်သယ်ပိုးတတ်သူများဖြစ်လာစေရေး ဦးတည်သင်ကြားပေးနေသည့် သင်ခန်းစာများသည် မျိုးဆက်သစ်လူငယ်များကို အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်လာစေရေးအတွက် လေ့ကျင့်ပေးနေခြင်းပင်ဖြစ်သည်။

**မင်္ဂလာတရားတော်နှင့်အညီနေထိုင်နိုင်ရေး**

၃၈ ဖြာမင်္ဂလာ တရားတော်များအပါအဝင် တပည့်ကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ် စသည့်ကျင့်ဝတ်များကို ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည့် မြန်မာလူငယ်များသည် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံ့သားကောင်းပီသစွာဖြင့် ပါဝင်နေကြပြီဖြစ်သည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး"ဆိုသည့် စကားနှင့်အညီ နောင်တစ်ချိန်တွင် လူမှုပတ်ဝန်းကျင်ကို ဦးဆောင်ရမည့်လူငယ်များအတွက် ကိုယ်ကျင့်တရားကောင်း၍ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဆိုသည့် တရားဓမ္မများနှင့်မွေ့လျော်နိုင်ရေးအတွက် ဓမ္မစကူးကျောင်းများကလည်း နိုင်ငံ့သားကောင်းမျိုးဆက်သစ်လူငယ်များကို လေ့ကျင့်သင်ကြားပေးနေသည်။

ကိုယ်ကျင့်တရားကောင်းမွန်ပြီး စာရိတ္တဗလကို လက်ကိုင်ထားကြသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေးအတွက် အမှန်အမှား၊ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ပိုင်းခြားတတ်ရန်လိုအပ်သည်။ စာအုပ်စာစောင်များမှရရှိသော ဗဟုသုတများသည် လူငယ်များအတွက် ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူကောင်းများကို လေ့ကျင့်သင်ကြားပေးနိုင်သဖြင့် ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးပြီး စာပေကို မြတ်နိုးသူများဖြစ်လာစေရေးလေ့ကျင့်ပေးရမည်ဖြစ်သည်။ ကလေးစာပေပွဲတော်များက အစပြု၍ လူငယ်စာပေပွဲတော်၊ လူငယ်စကားဝိုင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စသည့် စာပေပွဲတော်များကျင်းပခြင်းနှင့် စာကြည့်တိုက်များစနစ်တကျတည်ဆောက်ခြင်းတို့ကိုဆောင်ရွက်ခြင်းဖြင့် စာပေ၏တန်ဖိုးကို နားလည်လာပြီး စာပေကပေးသောအသိကြောင့် စာရိတ္တကောင်းမွန်သူများဖြစ်လာမည်ဖြစ်သည်။

**အဂတိလိုက်စားမှုကင်းစေသည်**

ကိုယ်ကျင့်တရားဆိုသည်မှာ လူ့ဘဝအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံလိုအပ်ချက်တစ်ခုပင်ဖြစ်ပြီး ကမ္ဘာကြီးကိုငြိမ်းချမ်းစေသောတရားပင်ဖြစ်သည်။ ကိုယ်ကျင့်တရား ပျက်ယွင်းသွားသည့်အခါ လူတို့သည် မကောင်းမှုဒုစရိုက်လုပ်ငန်းများတွင် မွေ့လျော်လာတတ်ပြီး လိမ်လည်လှည့်ဖြားခြင်း၊ တစ်ပါးသူ၏ပစ္စည်းကို ခိုးယူခြင်းနှင့် မတရားရယူခြင်း၊ အဂတိလိုက်စားခြင်း စသည့်အပြုအမူများကို ကျူးလွန်လာတတ်သည်။ အများပြည်သူဆိုင်ရာ လုပ်ငန်းဌာနများတွင် တာဝန်ထမ်းဆောင်နေသူများ အနေဖြင့် ကိုယ်ကျိုးစီးပွားကိုအလေးထား၍ အများပြည်သူပိုင်ပစ္စည်းများကို အလွဲသုံးစားမှုမရှိစေရေး ကျင့်ဝတ်များဖြင့် ထိန်းသိမ်းတည့်မတ်ပေးရသည်။ ငယ်စဉ်ကတည်းက ကျင့်ဝတ်စံတန်ဖိုးများကို အလေးထားထိန်းသိမ်းကြသူများအနေဖြင့် အခြားသူများ၏ပစ္စည်းဥစ္စာကို မတရားရယူသည့် အဂတိလိုက်စားမှုများကို ကျူးလွန်လိမ့်မည်မဟုတ်ပေ။

❖ စာရိတ္တမဏ္ဍိုင်ခိုင်မြဲသော မျိုးဆက်သစ်လူငယ်များသည် မကောင်းမှုဒုစရိုက်များကိုရှောင်ရှား၍ ကောင်းမှုသုစရိုက်များဖြင့် ရှင်သန်ကြသူများသာဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်သောသူ တစ်ဦးဖြစ်လာစေရေးအတွက် ကိုယ်၊ နှုတ်၊ နှလုံးတို့ကို စောင့်စည်းရမည်ဖြစ်သည်။ အများအကျိုးအတွက်ကိုယ်ကျိုးကို စွန့်လွှတ်ဝံ့သည့် စိတ်ဓာတ်များရှိရန် လိုအပ်သည်။ ကိုယ်ကျင့်တရားများကို တန်ဖိုးထားလိုက်နာကာ စာရိတ္တဗလအားကောင်းသည့် မျိုးဆက်သစ်လူငယ်များသည် လိုအပ်သည့်အခါ ကိုယ်ကျိုးကို စွန့်လွှတ်စွန့်စားဝံ့သည့် ခေါင်းဆောင်ကောင်းစိတ်ဓာတ်ရှိကြသူများဖြစ်သည်။ ❖

မြတ်စွာဘုရားရှင်က သောဏဒဏ္ဍပုဏ္ဏားနှင့် တွေ့ဆုံစဉ်တွင် မြင့်မြတ်သောလူသားတစ်ဦးဖြစ်လာစေရေးအတွက် လိုအပ်သည့်အဓိကအရည်အချင်းနှစ်ခုမှာ "ကိုယ်ကျင့်တရားနှင့် ပညာ"ဖြစ်သည်ဟု ဟောကြားခဲ့သည်။ လက်တစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဆေးကြောရသကဲ့သို့ ခြေတစ်ဖက်ကို ခြေတစ်ဖက်ဖြင့်ဆေးကြောရသည်။ ထို့အတူ သီလကို ပညာဖြင့် ဆေးကြောရာ၏။ ပညာကို သီလဖြင့် ဆေးကြောရာ၏။ ကိုယ်ကျင့်တရားနှင့် ပညာသည် ကမ္ဘာကြီးကို ငြိမ်းချမ်းစေသော တရားနှစ်ပါးပင်ဖြစ်ပြီး မကောင်းမှုဒုစရိုက်များနှင့် အဂတိလိုက်စားမှုများကိုလျော့နည်းစေသည့် တရားနှစ်ပါးပင်ဖြစ်သည်ဟု ဟောကြားခဲ့သည်။

**စာရိတ္တမဏ္ဍိုင်ခိုင်မြဲရေး**

လက်ရှိတွင် မြန်မာနိုင်ငံအခြေခံပညာကျောင်းများ၌ လေ့ကျင့်သင်ကြားပေးနေသည့် စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများသည် မျိုးဆက်သစ်လူငယ်များကို ကျောင်းနေစဉ်အရွယ်ကတည်းက အများအကျိုးကို တန်ဖိုးထားကာ ကိုယ်ကျင့်တရားကောင်းမွန်သူများဖြစ်လာစေရေး လေ့ကျင့်ပေးသည်။ စာရိတ္တမဏ္ဍိုင်ခိုင်မြဲသော မျိုးဆက်သစ်လူငယ်များသည် မကောင်းမှုဒုစရိုက်များကို ရှောင်ရှား၍ ကောင်းမှုသုစရိုက်များဖြင့် ရှင်သန်ကြသူများသာဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်သောသူ တစ်ဦးဖြစ်လာစေရေးအတွက် ကိုယ်၊ နှုတ်၊ နှလုံးတို့ကို စောင့်စည်းရမည်ဖြစ်သည်။ အများအကျိုးအတွက်ကိုယ်ကျိုးကို စွန့်လွှတ်ဝံ့သည့်စိတ်ဓာတ်များ ရှိရန်လိုအပ်သည်။ ကိုယ်ကျင့်တရားများကို တန်ဖိုးထားလိုက်နာကာ စာရိတ္တဗလအားကောင်းသည့် မျိုးဆက်သစ်လူငယ်များသည် လိုအပ်သည့်အခါ ကိုယ်ကျိုးကို စွန့်လွှတ်စွန့်စားဝံ့သည့် ခေါင်းဆောင်ကောင်းစိတ်ဓာတ်ရှိကြသူများဖြစ်သည်။ ရန်သူ့လက်အတွင်းမှ လွတ်မြောက်နိုင်ရေးအတွက် တစ်ဖက်ကမ်းသို့ကူးနိုင်မည့်နွယ်ကြိုးက တိုနေသည့်အချိန်တွင် မိမိကျောကိုတံတားပြု၍ မျောက်အပေါင်းကိုလမ်းပြခဲ့သည့် ဘုရားလောင်းမျောက်မင်း၏စိတ်ဓာတ်မျိုး လူငယ်များတွင်ထားရှိသင့်သည်။

**စာရိတ္တဗလကောင်းစေဖို့ရာ**

ငယ်စဉ်ကသင်ကြားခဲ့ရသည့် ကျေးညီနောင်ပုံပြင်တွင် အရောင်တူ၊ အသွေးတူ၊ အရွယ်အစားတူ၊ မျိုးရိုးတူသည့်မိဘနှစ်ပါးမှ ပေါက်ဖွားလာသည့် ကျေးညီနောင်သည် လေပြင်းမုန်တိုင်း တိုက်ခတ်သည့်အခါ တစ်ကောင်နှင့်တစ်ကောင် ကွဲ၍သွားခဲ့သည်။ လေပြင်းမုန်တိုင်းနှင့်အတူ လွင့်ပါသွားသည့် ကျေးသားတစ်ကောင်သည် ခိုးသားဓားပြတို့နေထိုင်ရာအရပ်သို့ရောက်ခဲ့၍ ခိုးသားတို့က မွေးမြူထားကြလေသည်။ ထိုကျေးသားသည် ယုတ်မာကြမ်းတမ်းသည့်စကားများကိုသာ ပြောဆိုတတ်လာလေသည်။ ကျန်ကျေးသားတစ်ကောင်သည် ရသေ့ရဟန်းတို့သီတင်းသုံးရာအရပ်သို့ကျရောက်သွားခဲ့ပြီး လိမ္မာယဉ်ကျေးသော ကျေးသားလေးတစ်ကောင်အဖြစ်သို့ ရောက်ရှိသွားခဲ့ရသည်။ တစ်အူထုံ့ဆင်း ညီအစ်ကိုအရင်းဖြစ်ခဲ့သော်လည်း ကျင်လည်ရာပတ်ဝန်းကျင်၏ လွှမ်းမိုးမှုဒဏ်ကြောင့် ကျေးသားတစ်ကောင်နှင့် တစ်ကောင်သည် နှိုင်းဆ၍မရအောင် ကွာခြားသွားခဲ့သည်။

မြန်မာ့မြေမှ မြန်မာလူငယ်များသည် ငယ်စဉ်ကတည်းက မင်္ဂလာတရားတော်များနှင့် နေထိုင်လာခဲ့ကြသဖြင့် ယဉ်ကျေးသိမ်မွေ့သော အမျိုးဂုဏ်ဇာတိဂုဏ်တို့ကို တန်ဖိုးထားထိန်းသိမ်းတတ်သောသူများသာဖြစ်သည်။ ထိုလူငယ်များအနက်မှ စာရိတ္တမဏ္ဍိုင်ပျက်စီး၍ ကိုယ်ကျင့်တရားအားနည်းသွားသဖြင့် မသမာသူများ၏ စည်းရုံးသိမ်းသွင်းမှုနောက်သို့ လိုက်ပါမိသောလူငယ်များသည် ခိုးသားဓားပြတို့ထံသို့ကျရောက်သွားသော ကျေးသားကဲ့သို့ပင် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းကိုကြံစည်၍ အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ကိုင်ကြသူများသည် လက်ရှိတွင် အမှန်တရားနှင့်သွေဖည်သောလုပ်ရပ်များကို လုပ်မိနေကြဦးမည်ဖြစ်သည်။ စာဖတ်အားနည်းခဲ့ပြီး အသိအလိမ္မာနည်းခဲ့ရသူတို့၏ လုပ်ရပ်သည် ပျက်စီးမှုများကိုသာ ဦးတည်တတ်သည်ကို လူငယ်များသတိချပ်သင့်ပေသည်။

**စာပေမြတ်နိုး၍ ပြည်သူ့အကျိုးကိုသယ်ပိုး**

တစ်ဖက်တွင်လည်း စာရိတ္တဗလခိုင်မြဲထားပြီးဖြစ်သည့် မျိုးဆက်သစ်လူငယ်များသည် တပ်မတော်နှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို ဖြည့်တင်းကာ တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးရန်အသင့်ရှိနေကြသဖြင့် အားတက်ဖွယ် မြင်တွေ့ရသည်။ အမှန်အမှားကိုပိုင်းခြားဝေဖန်နိုင်သည့်အသိပညာကို ပေးအပ်နိုင်စွမ်းရှိသည်မှာ စာပေပင်ဖြစ်သည်။ စာပေသည် လူငယ်များကို ကောင်းမွန်သည့်လမ်းကြောင်းသို့ ရောက်အောင် လမ်းပြပေးနိုင်သည့် လမ်းပြကြယ်ပင်ဖြစ်သည်။ စာရိတ္တဆိုသည့်အရာမှာ ငယ်စဉ်ကတည်းက လေ့ကျင့်ရယူရမည်ဖြစ်သည်။ စာပေမြတ်နိုး၍ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်လိုသည့် ကျင့်ဝတ်စံတန်ဖိုးများကို အလေးထားသည့်လူငယ်များဖြစ်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စာရိတ္တဗလကောင်းမွန်သည့်လူငယ်များဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရသည်။

**ကိုးကား**

- **နေ့စဉ်ထုတ် သတင်းစာများ**

# တရားမဝင်သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်ဖမ်းဆီးရမိ









**နေပြည်တော် နိုဝင်ဘာ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၇၄၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု နဝဒေးတံတားစစ်ဆေးရေးဂိတ်၌ ပြည်မြို့မှ ပန်းတောင်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ရေနံစိမ်းအနှစ် ဂါလန် ၃၂၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၈၈၈၀၀ နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် Nissan Diesel ဆီသယ်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၁၂ တန်၊ သစ်မာ ၈ ဒသမ ၇၀၉ တန် ခန့်မှန်းတန်ဖိုးငွေ ၂၆၂၄၀၅၆ ကျပ်ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၇၆၁၂၈၅၆ ကျပ်ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်နှင့် ယနေ့ထိ ဖမ်းဆီးရမိမှုမှ စုစုပေါင်း အမှုတွဲ ငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၃၀၂၅၆ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများနှင့် တရားမဝင်သယ်ဆောင်မှုများကြောင့် ပြည်တွင်းဈေးကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ အရည်အသွေးမပြည့်ဝသည့် ကုန်စည်များကြောင့် စားသုံးသူပြည်သူများအတွက် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်ပစ္စည်းတင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ညောင်ဦးမြို့နယ်၌မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောစိုက်ပျိုးမှုများလာ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ကျေးရွာအုပ်စုအတွင်း မြေအောက်ရေတူးဖော်ကာ မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောများ ဈေးနှုန်းကောင်းခြင်းနှင့်အတူ ဖီးကြမ်းငှက်ပျောစိုက်ပျိုးတောင်သူ များလာကြောင်း ဖီးကြမ်းငှက်ပျောစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ညောင်ဦးမြို့နယ်မှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် ငှက်ပျောစိုက်ပျိုးခြင်းကို တပေါင်းလ၊ တန်ခူးလတို့တွင် စတင်စိုက်ပျိုးကြကြောင်း၊ ငှက်ပျောစိုက်တောင်သူများသည် ငှက်ပျောစိုက်ပျိုးကြရာတွင် ဖီးကြမ်းငှက်ပျောတစ်မျိုးထဲသာ စိုက်ပျိုးကြပြီး ငှက်ပျောပေါ်ချိန်တွင် ဖီးကြမ်းငှက်ပျောသာ ရောင်းအားကောင်းပြီး ဈေးနှုန်းလည်းရရှိခြင်းကြောင့် ရခိုင်ငှက်ပျောစိုက်ပျိုးမှု မရှိသလောက်ဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူ ဦးအောင်ဌေးက ပြောသည်။ ဖီးကြမ်းငှက်ပျောစိုက်ပျိုးရာတွင် တစ်ပင်တစ်ကျင်းစိုက်ပျိုးခြင်း၊ တစ်ကျင်း နှစ်ပင်စိုက်ပျိုးခြင်းနှင့် ကွက်စိပ်ချစိုက်ပျိုးကြပြီး တစ်ပင်တစ်ကျင်းစိုက်ပျိုးသည့်သူများက ငှက်ပျောသားတက်မထားကြပဲ အပင်အားလုံး အသီးသီးပြီးလျှင် အသစ်ပြန်စိုက်ကြကြောင်း၊ တစ်ကျင်း နှစ်ပင်စိုက်တောင်သူများမှာမူ ငှက်ပျောသားတက်တစ်ပင်တစ်တက်ထားပြီး စိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောပေါ်ချိန်သည် စိုက်ပြီး ၁၀ လ၊ ၁၁ လတွင် ထွက်ရှိကြောင်း၊ ဖီးကြမ်းငှက်ပျောများအား ညောင်ဦး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းပွဲစားများက ငှက်ပျောခြံထိ လာရောက်ဝယ်ယူကြကြောင်းနှင့် လက်ပံခြေပေါ်အုပ်စုအတွင်းရှိ ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေအောက်ရေအသုံးပြု၍ စိုက်ပျိုးသူများလာကြောင်း၊ ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၂၀၀၀ မှ ငွေကျပ် ၂၅၀၀ ထိရောင်းချရခြင်းကြောင့် ငှက်ပျောစိုက်ပျိုးတောင်သူများအနေဖြင့် ဈေးကောင်းရရှိလျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်းစနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမာန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# အမျိုးသားအောင်ပွဲနေ့

အောင်ကြည်ညွန့်(တက္ကသိုလ်)

အမျိုးသားအောင်ပွဲနေ့သည် သူ့ကျွန်ဘဝတွင် သခင်စိတ်ပြခဲ့သောနေ့ဖြစ်ကြောင်း အမျိုးသားပညာဝန် စာရေးဆရာကြီး ဦးဖိုးကျား က မိန့်ဆိုခဲ့သည်။

အမျိုးသားစိတ်ဓာတ်သည် အရေးကြီးသည်။ အထူးသဖြင့် မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံငယ်ကလေးတစ်ခုအတွက် ပို၍အရေးကြီးပေသည်။ မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည်ဖြင့် တိုင်းရင်းသားလူမျိုးစုများသည် သမိုင်းတစ်လျှောက်တွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ ဥမကွဲသိုက်မပျက် နေလာခဲ့ကြပေသည်။ အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံကြားတွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟူ၍ နှစ်ပေါင်းထောင်ချီသည်ထိ ရပ်တည်နိုင်စွမ်းရှိခဲ့သည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံရှိ၏။ အရှေ့ဘက်တွင် တရုတ်နိုင်ငံရှိ၏။ ထိုနိုင်ငံကြီးနှစ်နိုင်ငံသည် လူဦးရေ သန်းပေါင်း ၁၀၀၀ ကျော်စီ ရှိသောနိုင်ငံကြီးများဖြစ်သည်။

အဆိုပါနိုင်ငံကြီးနှစ်နိုင်ငံသည် ယဉ်ကျေးမှုသြဇာလည်း အလွန်ကြီးသည်။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသောသဘောအရ လူဦးရေအချိုးနှင့်ကြည့်လျှင် မိမိတို့နိုင်ငံသည် ထိုအင်အားကြီးနှစ်နိုင်ငံကြားတွင် ညပ်ပြီးပျောက်သွားနိုင်သည်။ ထိုနိုင်ငံကြီးများက ဝါးမျိုသွားနိုင်သည်။ သို့သော် ပျောက်ပျက်မသွားခဲ့ပါ။ ဝါးမျိုခြင်းမခံခဲ့ရပါ။ ဤသို့ဖြင့် နှစ်ပေါင်းရာထောင်ချီ၍ တည်တံ့ရပ်တည်နိုင်အောင် အမျိုးသားစိတ်ဖြင့် ကာကွယ်ခဲ့သည်။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟူ၍ အရှည်သဖြင့် ရပ်တည်နိုင်ခဲ့သည်မှာ လူအင်အားကြောင့်ကားမည်သို့မျှ မဖြစ်နိုင်ပါ။ အကြောင်းမှာ မြန်မာနိုင်ငံသည် လူဦးရေနည်းပါးသော နိုင်ငံငယ်လေးမျှသာဖြစ်သော်လည်း မျိုးချစ်စိတ်ဓာတ် တည်းဟူသော အမျိုးသားစိတ်ဓာတ်ဖြင့် ခုခံခဲ့ခြင်းဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပေ။ ထိုအမျိုးသားစိတ်ဓာတ်ဖြင့် မြန်မာနိုင်ငံကို မည်သို့မည်ပုံကာကွယ်ခဲ့သည်ကို မြန်မာတိုင်းသိရှိကာ အလေးအနက်ထားရှိခဲ့ကြပေသည်။

မြန်မာနိုင်ငံ နယ်ချဲ့လက်အောက် ကိုလိုနီဘဝကျရောက်ခဲ့ရသောကာလတွင် နယ်ချဲ့တို့က ကျွန်သက်ရှည်စေရန် ပညာရေးစနစ်ကို လက်နက်တစ်ခုအဖြစ် အသုံးချပြီး မြန်မာတို့ကို အသိဉာဏ်ပညာနိမ့်ပါးအောင် ဖိနှိပ်လုပ်ဆောင်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုကို ပေါင်းစည်းကာ ရန်ကုန်တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ရက်တွင် ပြဋ္ဌာန်းဖွဲ့စည်းခဲ့သည်။ ထိုအက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့်မရစေဘဲ ပညာတတ်နည်းပါးစေရန် အကန့်အသတ်ဖြင့်သာ တက်ရောက်ခွင့်ရသော ဥပဒေဖြစ်သဖြင့် တက္ကသိုလ်ကျောင်းသားများက ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ဂျူဗလီဟောဲ၌ ကျင်းပခဲ့သော ဂျီစီဘီအေ အထူးကွန်ဖရင့်က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြသည်။

ထိုနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ဖိနှိပ်မှုကို တော်လှန်အောင်ပွဲခံသောနေ့ ဖြစ်သောကြောင့် အမျိုးသားအောင်ပွဲနေ့ဟုလည်း သတ်မှတ်ခေါ်ဆိုခဲ့ကြသည်။ ထိုကဲ့သို့ နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားပညာရေးတက္ကသိုလ်ပညာရေး လွတ်လပ်ရေးကြိုးပမ်းမှုတို့နှင့်ယှဉ်တွဲပေါ်ပေါက်လာသော အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၀၄ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့သမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် ပုဂံခေတ်မှသည် ယနေ့ခေတ်ထိ မြန်မာပြည်ဖွားတိုင်းရင်းသားတို့သည် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်စွာနေလာခဲ့ကြ၏။ တိုင်းတစ်ပါးက ကျူးကျော်ရန်စလာလျှင်လည်း ရွပ်ရွပ်ချွံချွံကာကွယ်ခုခံခဲ့ကြ၏။

ကုန်းဘောင်ခေတ်ဦးပိုင်း ဆင်ဖြူရှင်မင်းလက်ထက်တွင် နယ်စပ်မှကျူးကျော်လာခဲ့သော လူမျိုးခြားနယ်ချဲ့သမားတို့ကို သုံးလေးကြိမ်မျှ ဆက်လက်တွန်းလှန်ခဲ့ရ၏။ အင်အားနည်းသူတို့က အင်အားကြီးသူတို့ကို တွန်းလှန်နိုင်ခဲ့သည်မှာ မျိုးချစ်စိတ်အရင်းခံကြောင့်ပင်ဖြစ်သည်။

**❖၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ဂျူဗလီဟောဲ၌ ကျင်းပခဲ့သော ဂျီစီဘီအေ အထူးကွန်ဖရင့်က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြပါသည်။ ထိုနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ဖိနှိပ်မှုကို တော်လှန်အောင်ပွဲခံသောနေ့ ဖြစ်သောကြောင့် အမျိုးသားအောင်ပွဲနေ့ဟုလည်း သတ်မှတ်ခေါ်ဆိုခဲ့ကြသည်။ ❖**

မြန်မာတို့သည် ကိုယ့်မင်းကိုယ့်ချင်းဖြင့် လွတ်လပ်စွာနေလာခဲ့ရာမှ ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် မြန်မာလူမျိုးတို့ ကံဆိုးမိုးမှောင်ကျခဲ့လေသည်။ မြန်မာနိုင်ငံသည် တောင်တန်းများကာရံထားကာ ပင်လယ်ကြီးများဆီးတားလျက်ရှိသော ပထဝီအနေအထားကြောင့် ကမ္ဘာကြီးနှင့် အဆက်ပြတ်သွားကာ ကမ္ဘာကြီးတိုးတက်ပြောင်းလဲသွားပြီး အနောက်နိုင်ငံများတွင် စက်မှုတော်လှန်ရေးကြီးဖြစ်ပျက်ပြောင်းလဲသွားသည်ကို သတိမမူမိချေ။ ကမ္ဘာ့စက်မှုအရင်းရှင် နိုင်ငံများသည် ခေတ်ပေါ်ယမ်းသေနတ်၊ အမြောက်များကို အသုံးပြုလျက် နိုင်ငံငယ်လေးများကို ကိုလိုနီနယ်ပယ်ချဲ့ထွင်၍ နိုင်ငံအများကို သိမ်းပိုက်အုပ်ချုပ်နေကြောင်း အသိနောက်ကျခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ၁၈၂၄၊ ၁၈၅၂ နှင့် ၁၈၈၅ ခုနှစ်တို့တွင် သုံးကြိမ်ကျူးကျော်ခဲ့ပြီး နောက်ဆုံး ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံကို အတင်းအဓမ္မသိမ်းပိုက်ခဲ့သည်။ မြန်မာဘုရင်သီပေါမင်းကို အလွယ်တကူဖမ်းဆီးခေါ်ဆောင်ပြီး အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ပို့လိုက်၏။ အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးကြိမ်စလုံးတွင် မြန်မာမျိုးချစ်တို့သည် ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့ကြသော်လည်း လက်နက်အင်အားမမျှသဖြင့် မြန်မာတို့စစ်ရှုံးကြရသည်။ ဤသို့ဖြင့် မြန်မာလူမျိုးတို့သည် "ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့်၊ ကြုံရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်-ဩော်ကောင်း၏"ဟူ၍ ငိုချင်းချခဲ့ရလေတော့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့၏ တောတောင်ရေမြေကိုသာ သိမ်းပိုက်နိုင်ခဲ့ကြပြီး မြန်မာတို့၏ အမျိုးသားစိတ်ဓာတ်ကိုကား မသိမ်းပိုက်နိုင်ခဲ့ကြပေ။ အင်္ဂလိပ်တို့သည် ကျွန်ပညာရေးဖြင့် ကျွန်စိတ်မွေးပေးသော်လည်း မရခဲ့ပေ။

၁၈၈၅ ခုနှစ်တွင် မြန်မာဘုရင်ပါတော်မူခဲ့၏။ သိပ်မကြာလိုက်ပါ။ ၁၉၀၁ ခုနှစ် မီးခဲပြာဖုံးနေသော မြန်မာတို့၏ မျိုးချစ်စိတ်သည် ပြန်လည်နိုးကြားလာခဲ့၏။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ပေါ်ပေါက်လာသည်။ အဆိုပါအသင်းကို ဝိုင်အမ်ဘီအေအသင်းဟုခေါ်၏။ ပထမတွင် ဘာသာရေးကို ဦးစားပေးလှုပ်ရှားခဲ့ပြီး နောက်ပိုင်းတွင် "အမျိုးဘာသာ၊ သာသနာ၊ ပညာ"ဟူသောကြွေးကြော်သံဖြင့် ဝံသာနုရက္ခိတတရားကို ရှေ့တန်းတင်လာကြသည်။

ဝံသာနုရက္ခိတဆိုသည်မှာ ပါဠိစကားဖြစ်၏။ မြန်မာပြန်လိုက်လျှင် "အမျိုးကိုစောင့်ရှောက်သောတရား"ဟူ၍ အဓိပ္ပာယ်ရ၏။ ၎င်းသည် အမျိုးသားရေးတရားပင်တည်း။ လူပုဂ္ဂိုလ်များက ဝံသာနုအသင်းများထူထောင်ကြသောအခါ ရဟန်းသံဃာတော်များက သံဃာ့သမဂ္ဂီများဖွဲ့စည်းကြလေသည်။ အမျိုးသမီးများကလည်း ကုမ္မာရီအသင်းများတည်ထောင်ကြ၏။ အဝတ်အစားကိုပင် ပင်နီချောနှင့် ယောလုံချည်၊ တိုင်းရင်းဖြစ်ကို ဝတ်ဆင်ကြ၏။ နိုင်ငံခြားအင်္ဂလိပ်ကုန်ပစ္စည်းများကို သပိတ်မှောက်ကြ၏။ ဘူးအသင်းခေါ် အင်္ဂလိပ်ကိုမဆက်ဆံဘူး၊ အင်္ဂလိပ်ပစ္စည်းမသုံးဘူးဟုအဓိပ္ပာယ်ဆောင်သည့် အမျိုးသားအသင်းများ ပေါ်ပေါက်ခဲ့လေသည်။

၁၉၂၀ ပြည့်နှစ်သည်ကား မြန်မာခေတ်သစ်သမိုင်းတွင် ထူးခြားသောနှစ်သစ်ဖြစ်၏။ မြန်မာတစ်နိုင်ငံလုံးရှိ ဝံသာနုအသင်းများကို စုပေါင်းကာ မြန်မာအသင်းချုပ်ကြီးဖော်ထုတ်လိုက်ပြီး အမျိုးသားရေးကို ဆောင်ရွက်ခဲ့သည်။ ထိုအသင်းချုပ်ကြီးသည် မြန်မာ့သမိုင်းတွင် ဂျီစီဘီအေဟု ထင်ရှားခဲ့သည်။

ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ရန် ဥပဒေများရေးဆွဲခဲ့သည်။ တက္ကသိုလ်ပညာကို အိန္ဒိယနိုင်ငံသို့သွားရောက်သင်စရာမလိုဘဲ မြန်မာနိုင်ငံ၌သာ သင်ရတော့မည်ဆို၍ မြန်မာကျောင်းသားတို့ ဝမ်းသာစရာဖြစ်သော်လည်း တက္ကသိုလ်အက်ဥပဒေမှာ သူတို့ကျွန်ပြုနိုင်ရေးအတွက်အထောက်အကူပြုရန်သာဖြစ်ပြီး အများပြည်သူအတွက် ကန့်သတ်ချက်များနေ၏။ မြန်မာတို့သည် ချုပ်ချယ်မှုကို မလိုလား လွတ်လပ်မှုကို လိုလားကြသည်။

တက္ကသိုလ်ကျောင်းသားကြီးများသည် တက္ကသိုလ်အက်ဥပဒေကို သဘောမကျ။ အထူးသဖြင့် ရန်ကုန်တွင်နေသော ကျောင်းသားဖြစ်ပါလျက် အဆောင်တွင်သာ လာနေရမည်ဆိုသည့် အဆောင်နေဥပဒေကို သဘောမကျ၍ ကန့်ကွက်ကြတော့သည်။ အင်္ဂလိပ်အစိုးရက မလိုက်လျောသောအခါ ကျောင်းသားတို့က ဘွိုင်းကောက်လုပ်ကြသည်။ ထိုစဉ်က သပိတ်မှောက်သည်ကို ဘွိုင်းကောက်လုပ်သည်ဟု ခေါ်သည်။ ကျောင်းသားများ ဘွိုင်းကောက်လုပ်သောနေ့မှာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)ဖြစ်လေသည်။

သပိတ်မှောက်ကျောင်းသားတချို့မှာ နောက်ဆုံးနှစ်ကျောင်းသားများဖြစ်ကြသည်။ ထိုစဉ်က ဘွဲ့တစ်ခုရရန် ခက်ခဲလှ၏။ ဘွဲ့ရလျှင်လည်း ဂုဏ်ကြီးလှသော မြို့အုပ်၊ မြို့အုပ်ချုပ်ရေးရာထူးများကို တန်းရသည်။ ကျောင်းသားခေါင်းဆောင်တို့ကား အရာရာကို စွန့်လွှတ်ခဲ့ကြလေပြီ။

တက္ကသိုလ်ကျောင်းသားကြီးများ သပိတ်မှောက်ကြသောအခါ ညီငယ်၊ ညီမငယ်ကျောင်းသားများကလည်း သပိတ်မှောက်လိုက်ကြ၏။ တက္ကသိုလ်ပညာရေးသည် ၎င်းတို့၏နောင်ရေးပင် မဟုတ်ပါလား။ အင်္ဂလိပ်အစိုးရက တင်းခံနေသောအခါ ဆန္ဒပြရုံသာမကဘဲ အင်္ဂလိပ်တို့၏ စာသင်ကျောင်းများကို လုံးဝကျောခိုင်းလိုက်ကြလေသည်။

ထို့နောက် ဝံသာနုအသင်းများ၏ အကူအညီ၊ ဆရာတော်သံဃာတော်များအကူအညီဖြင့် တစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများကို တည်ထောင်ဖွင့်လှစ်လိုက်ကြလေသည်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူကြီးများသည် ညီငယ်၊ ညီမငယ်များကို စာသင်ပေးကြသည်။ အမျိုးသားကျောင်းများသည် မြန်မာစာပေနှင့်မြန်မာ့သမိုင်းကို ဦးစားပေးသင်ခဲ့ပြီး မြန်မာ့မျိုးချစ်လူငယ်များကို မွေးထုတ်ပေးခဲ့သည်။ အမျိုးသားကောလိပ်တွင်ကား သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချိုတို့က မြန်မာစာပေကို ဝိုင်းဝန်းသင်ကြားပေးကြ၏။ ဦးဘဝင်း၊ ဦးဘချိုတို့က အမျိုးသားကျောင်းအုပ်တာဝန်ယူခဲ့ကြ၏။

အမျိုးသားကျောင်းများသည် မျိုးချစ်အာဇာနည်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။ အမျိုးသားစာပေ၊ အမျိုးသားစိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက်အောင် မြေတောင်မြှောက်ပေးခဲ့သည်။ ကျွန်စိတ်ဓာတ်မပေါ်စေဘဲ သခင်စိတ်ဓာတ်ကို ဖော်ဆောင်ပေးခဲ့သည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတိုးတက်ရေးအတွက် အသက်၊ သွေး၊ ချွေးစွန့်ရန် စိတ်ဓာတ်ထက်သန်ခဲ့ကြသည်။

အမျိုးသားအောင်ပွဲနေ့မှသည် အမျိုးသားကျောင်းများ ပေါ်ပေါက်စေခဲ့၍ မျိုးချစ်ဇာနည်များ မွေးထုတ်ပေးသောနေ့ကို ဂုဏ်ယူရမည်။ မော်ကွန်းထိုးစေရမည်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားသပိတ်နှစ်ပတ်လည်အခမ်းအနားများသည် ယခုအခါ အမျိုးသားအောင်ပွဲနေ့ဟူ၍ သတ်မှတ်ခြင်းခံရပြီး နှစ်စဉ် အမျိုးသားစိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သည်။ အမျိုးသားစိတ်ဓာတ်ဖြင့်ပင် စဉ်ဆက်မပြတ် ကြိုးပမ်းလှုပ်ရှားလာခဲ့ရာ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ပါတော့သည်။

အမျိုးသားရေးစိတ်ဓာတ်သည် ယနေ့ထိလည်း အရေးကြီးပေသည်။ အမျိုးသားစိတ်ဓာတ်သည် ကိုယ့်လူမျိုးကိုသာချစ်ပြီး အခြားလူမျိုးများကို မုန်းတီးရန်မဟုတ်သည်ကို သတိပြုရပေမည်။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းသည် အချင်းချင်းချစ်ကြည်စွာဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြပြီး အနာဂတ်ကာလတွင် ကြွယ်ဝချမ်းသာသော ကမ္ဘာကြီးကို တည်ဆောက်ကြရမည်ဖြစ်သည်။ ကျဉ်းမြောင်းသော အမျိုးသားစိတ်ကိုပယ်၍ အချင်းချင်း သိက္ခာမထိပါးစေဘဲ ကိုယ့်နိုင်ငံငြိမ်းချမ်းရေးကို လိုလားသော၊ လွတ်လပ်ရေးကို တန်ဖိုးထားသောလူမျိုးအဖြစ် လူငယ်များ၏ဘဝကို မြှင့်တင်သွားရမည်ဖြစ်သည်။ လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကိုရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်မှု၊ ညီညွတ်မျှတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကိုအခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။



ဝတ္ထုတိုကဏ္ဍ

# ငိုရင်ပုလဲ ရယ်ရင်ရွဲ

ယဉ်အောင်ဟိန်း

မနက်လေးနာရီထိုးတာနဲ့ အိပ်ရာကထ တစ်နေ့လုံး မနားမနေ အလုပ်လုပ်ရလို့ ပင်ပန်းပေမဲ့ ည(၁၂) နာရီထိုးလောက်အထိ စိုးဦးအိပ်မပျော်နိုင်သေး။ မနက်က အဖြစ်အပျက်က မျက်စိထဲက မထွက် ရင်ထဲမှာလဲ နာကျင်နေတယ်။ မေ့ပျောက်ပစ်ဖို့ ဖွတ်ကြိုးစားပေမဲ့ မေ့မရ။ မှိတ်ထားတဲ့ မျက်လုံးအိမ်ထဲက မျက်ရည်တွေသာ စီးကျလာနေတယ်။ မနက်က ဆိုင်မှာ လူကျနေတဲ့အချိန် စိုးဦးလက်ဖက်ရည်ခွက်တွေ၊ မုန့်တွေ ရေးကြီးသုတ်ပျာ သယ်ယူလာစဉ် ရှေ့ကသွားနေတဲ့ ညှော့်သည် အမျိုးသမီးတစ်ယောက်က ပိုက်ဆံအိတ်ထွက်ကျလို့ ရုတ်တရက်ကုန်းကောက်နောက်ကကပ်ပါလာတဲ့ စိုးဦး အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိသွားတယ်။

"ခွမ်း"

"အဲဒါ ဘယ်လိုဖြစ်တာလဲ ဟိုငေး ဒီငေးနဲ့ "

"ဖြောင်း"

လက်ထဲပါလာတဲ့ လက်ဖက်ရည်ခွက် ကျကွဲသွားလို့ အနီးရှိတဲ့ ဆိုင်ရှင်ဦးမင်းနိုင်က စိုးဦးဇက်ပိုးကို လက်ဝါးနဲ့ အားကုန်လွှဲရိုက်လိုက်တယ်။ စိုးဦး ရှေ့စိုက်သွားတယ်။ထပ်ရိုက်ဖို့ချိန်ရွယ်နေပြန်လို့ စိုးဦး ကြောက်လန့်လန့်နဲ့ သူ့လက်ကလေးနဲ့ကာ မျက်စိစုံမှိတ်ပြီး ခေါင်းငုံထားလိုက်တယ်။ နောက်ထပ် တစ်ချက်ခပ်ပြင်းပြင်း ဇက်ပိုးပေါ်ကျရောက်လာတယ်။

"ဖြောင်း"

"သွား ပန်းကန်ကွဲတွေ ကောက်တံမြက်စည်းလှည်း"

စိုးဦးမငိုရဲ ကျလာတဲ့မျက်ရည် လက်ခုံနဲ့သုတ်ပြီး ပူထူသွားတဲ့ဇက်ကလေးကို အသာပွတ်လိုက်တယ်။ ဘေးစားပွဲရှိတဲ့ လူတွေက စိတ်မကောင်းတဲ့ မျက်နှာတွေနဲ့ ကြည့်နေကြတယ်။ ဦးမင်းနိုင်က စိုးဦးရိုက်ပြီး သူရဲ့ဝဖြိုးတဲ့ ခန္ဓာကိုယ်ကြီးကို အိပဲ့အိပဲ့သယ်ဆောင်ကာ ကောင်တာဆီသွားပြီး ပန်းကန်တန်ဖိုးကို စိုးဦးလစာစာရင်းထဲ ထည့်မှတ်ဖြတ်လိုက်တယ်။ ဦးမင်းနိုင်က အလုပ်သမားတွေအပေါ် ဒီလိုပဲ ဆက်ဆံတတ်တယ်။ ထစ်ခနဲဆို လက်ပါတတ်တယ်။ လက်ကလဲမြန် အရိုက်ကလဲသန် အဆဲကလဲကြမ်းတော့ ဆိုင်ရှိတဲ့ အလုပ်သမား၊ တီးဆရာ၊ မုန့်ဆရာတွေက အစ သူ့ကို ကြောက်ကြတယ်။ ဆိုင်ကို သူကိုယ်တိုင် အုပ်ချုပ်တယ်။ မန်နေဂျာ၊ အလုပ်သမားခေါင်း ဆောင်မထားဘူး။ ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင်လဲ အပွန်းတီးမခံဘူး။ အလုပ်သမားတွေကို မယုံသင်္ကာစိတ်နဲ့ အမြဲဆက်ဆံတယ်။ ဘယ်အလုပ်သမားမှ အယုံအကြည်မရှိဘူး။ လူရင်းမထားဘူး။ အလုပ်သမားတွေကို ကျွန်လိုသဘောထားတယ်။ မနားမနေခိုင်းတယ်။ ဆိုင်ထဲမှာ ညှော့်သည်မရှိတာတောင် မတ်တတ်ရပ်နေရတယ်။ မထိုင်ရဘူး။ စကားမပြောရဘူး။ အလုပ်သမားခိုင်းတဲ့နေရာမှာ စံတင်လောက်တယ်။ နေမကောင်းတာတောင် မနားရဘူး။

မနက်လေးနာရီ ဆိုင်ဖွင့် အလုပ်လုပ်ရပေမဲ့ မနက်အစောစာကို ကိုးနာရီထိုးလောက် ညှော့်သည်ရှင်းမှ ကျွေးတယ်။ ဦးမင်းနိုင်ဆိုင် မနက်စားကျွေးတာကလဲ ညက ပိုချက်ထားတဲ့ ထမင်းကြမ်းကို ပဲပြုတ်နဲ့ နယ် ပလာတာ ဒယ်အိုးထဲ အိုးဆီပူတိုက်ပြီး ကျွေးတာများတယ်။ စိုးဦးတို့လို ကလေးအလုပ်သမားလေးတွေ ဆိုင်လုပ်တဲ့ ပလာတာ၊ ထပ်တစ်ရာ၊ အီကြာကွေးလို မုန့်တွေ၊ လက်ဖက်ရည်တွေကို သွားရည်ယိုအောင် စားချင်သောက်ချင်လာပေမဲ့ မစားကြရဘူး။ "မြင်တာမြင်ရ မကြင်ရ" ဆိုသလို ဖြစ်ကြရတယ်။ ထမင်းကျွေးတော့လဲ သူ့မိန်းမက ဟင်းရယ်လို့ကောင်းကောင်း မွန်မွန် ချက်ကျွေးတာမရှိဘူး။ ကြက်ဥပြုတ်ကို ခရမ်းချဉ်သီးနဲ့ချက်။ မနက်တစ်ခြမ်း၊ ညတစ်ခြမ်း၊ဟင်းရည် တစ်ခွက် ဒီလိုကျွေးတာများတယ်။ အသားဟင်းကျွေးတာ မရှိသလောက် နည်းတယ်။ အသားဟင်း တစ်ခါတစ်ရံ ကျွေးရင်းလဲ ဈေးသည်တွေ မရောင်းရလို့ အရင်ရက်ကကျန်တဲ့ ဈေးပေါပေါရတဲ့ ရေခဲရိုက်ရက်လွန် အသား၊ ငါးနဲ့ ဒိတ်လွန်ငါးခြောက်တွေကို အသီးအနှံတွေရော ငရုတ်သီးတွေ နိုင်းချင်းနဲ့ ချက်တတ်တယ်။ ရက်လွန်အသားတွေဆိုတော့ အနံ့က ပုပ်အဲ့အဲ့နဲ့ အရသာက မရှိဘူး။ စိုးဦးတို့လို အသက်ငယ်တဲ့ ကလေးတွေနဲ့ အချို့အလုပ်သမားတွေ ဒီလိုနေ့ ထမင်းမဝကြဘူး။

စိုးဦးဒီဆိုင်ရောက်တော့ ဆယ်နှစ်သားပဲ ရှိသေးတယ်။ ဒီဆိုင်ရောက်တဲ့နေ့က အဖြစ်အပျက်ကိုလဲ ပြန်သတိရနေတယ်။ သူ့အဖေငွေထုတ်ပြီး ပြန်မယ်လုပ်တော့ အဖေ့ကိုဖက်ပြီး ငိုတယ်။ စိုးဦးက မိဘနဲ့ တစ်ညအိပ်တောင် မခွဲခဲ့ဘူးတော့ ပိုခံစားရတာပေါ့။ ဒီအဖေ၊ ဒီအမေ၊ ညီမလေး၊ ညီလေးတွေ၊ ဒီမိသားစုနဲ့ အတူ ပျော်ပျော်ရွှင်ရွှင် မခွဲမခွာနေရတဲ့ ဘဝက အခုလို အစိမ်းသက်သက် နှစ်ရှည်လများ ခွဲရတော့မယ်သိလိုက်ရတော့ မခံစားရဘဲ ဘယ်နေမလဲ ထွန့်ထွန့်လူးအောင် ခံစားရပြီပေါ့။

"အဖေသားကို ဒီဆိုင်မှာ အကြာကြီး မထားပါနဲ့ အဖေရယ်။ ကျုပ်အဖေတို့နဲ့ မခွဲနိုင်ဘူး။ အမြန်ပြန်လာခေါ်ပါနော် အဖေ"

"အေး အေး ဒီငွေကျေရင် ထွက်တာပေါ့။ အဖေ ပြန်လာခေါ်မှာပေါ့"

စိုးဦးကို သူ့အဖေက ချော့မော့ထားခဲ့ပြီး ပြန်သွားတယ်။

စိုးဦးက စာတော်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်ခဲ့ဖူးတယ်။ ကျောင်းမှာစာတော်ပါလျက်နဲ့ သူ့မိဘက ဆင်းရဲတော့ ကျောင်းဆက်မထားတော့ဘဲ လေးတန်းနဲ့ ကျောင်းထုတ် ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီဆိုင်ကိုရောက်လာတယ်။ ထမ်းပိုးမတက်ခင် လယ်ထွန်ရတဲ့ နွားလို၊ အရွယ်မရောက်ခင်ခိုင်းစားတဲ့ အဖြစ်ပါပဲ။ စိုးဦးကတောင်သာနယ်မှာ နေတာ မိသားစု ခြောက်ယောက်ရှိတယ်။ အဖေ၊အမေနဲ့ စိုးဦးအောက်နှစ်နှစ်ငယ်တဲ့ ညီမလေးကတစ်ယောက်ရယ်၊ ထော့တီတော့နဲ့ သွားတတ်ခါစ ညီလေးတစ်ယောက်ရယ်၊ နို့စို့အရွယ် ညီမလေးတစ်ယောက်ရှိတယ်။ စိုးဦး အဖေနဲ့အမေကတော့ လက်လုပ်၊ လက်စား နေ့စားအလုပ်သမား၊ အမေက အလုပ်ကို ဇယ်ခုပ်သလို လုပ်သလောက် အဖေက လက်ကြောတင်းအောင်အလုပ်လုပ်ချင်တဲ့ လူမဟုတ်တော့ မိသားစုစားဝတ်နေရေးဟာ အလွန်ကျပ်တည်းဆင်းရဲတယ်။ အဖေက အလုပ်ကျတော့ လက်ကြောတင်းအောင် မလုပ်ချင်ပေမဲ့ ညနေရောက်ရင် အရက်ကလေး တမြမြနဲ့ စည်းစိမ်ခံစားတတ်တော့ ပိုဆိုးတယ်။ သူရတဲ့ နေ့စားခက မိသားစုအတွက်မဖြစ်ဘဲ သူသောက်ဖို့တောင် မလောက်အောင် ဖြစ်နေတတ်တယ်။ အမူးလွန်တဲ့နေ့တွေဆို နောက်ရက်အလုပ်မသွားတော့ဘဲညနေသောက်ချိန်ရောက်တော့ အမေရှာဖွေထားတဲ့ နေ့တွက်ထဲက သူ့အရက်ဖိုးတောင်းတဲ့အခါ တောင်းသေးတယ်။ အမေကတော့ ဒီမိသားစု မငတ်အောင် နို့စို့ကလေး အိမ်မှာပစ်ထားခဲ့ပြီး တောထဲ၊ တောင်ထဲ ကောက်စိုက်၊ ပေါင်းနှုတ်၊ စပါးရိတ်၊ မြက်ရိတ် အကုန်လိုက်လုပ်တယ်။ ရွာထဲ ရပ်ထဲက အိမ်တွေမှာ အဝတ်လျှော်စရာရှိလို့ လျှော်ပေးပါအုံးခိုင်းလဲ လျှော်ပေးတယ်။ အနင်းအနှိပ်ခေါ်လဲ လိုက်လုပ်တာပဲ။ အမေ့ကို ဒီလို ခေါ်ခိုင်းပြီး အချို့အိမ်တွေက လုပ်အားခကြတော့ ပိုက်ဆံရယ်လို့ ဟုတ်တိပတ်တိ မပေးချင်ကြဘူး။ ဆန်၊ ဆီ ပေးတဲ့ အိမ်က ပေးကြတယ်။ တစ်ခါတစ်လေ ထမင်းကျန်၊ ဟင်းကျန်ပေးတာလောက်နဲ့ပြီးတဲ့အိမ်ပြီးတယ်။ အမေကတော့ ပေးသမျှကို ကျေကျေနပ်နပ်နဲ့ယူလာတာပဲ။ သားသမီးတွေမငတ်ဖို့ကအမေ့အရေးလေ။ ဒီမိသားစုကို ဒီလိုလုပ်ကိုင်ကျွေးမှလဲ နပ်မှန်မယ် မဟုတ်လား။ ဒီလို လုပ်ကိုင်ကျွေးရင်း အမေတစ်ယောက်ထဲ မနိုင်တော့တဲ့အဆုံး စိုးဦး ကျောင်းထွက်လိုက်ရတာပဲ။

စိုးဦးဒီဆိုင်ရောက်တော့ အမေ့အတွက် တစ်ထောင့်တစ်နေရာတော့ အထောက်အကူရလာတယ်။ စိုးဦးလစာကို အဖေလာလာထုတ်တယ်။ တစ်လစာကြိုထုတ်သွားတဲ့ ငွေကျေရင်ပြန်လာခေါ်မယ်ဆိုတဲ့ အဖေက ကြိုထုတ်သွားတဲ့ ငွေကျေတော့လဲ အကြောင်းအမျိုးပျိုးပြ နောက်ထပ် ကြိုငွေလာထုတ်ပြန်တာပဲ။ ဒီလိုပဲ မကြာမကြာ လာထုတ်နေတော့ စိုးဦးက သူ့အဖေလာမှာ ကြောက်နေတယ်။ သူ့အဖေလာရင် နောက်ထပ်ငွေမယူဖို့ မျက်ရည်ဖြိုင်ဖြိုင်ကျ တားရှာတယ်။

"အဖေရယ် လစာမထုတ်ပါနဲ့တော့နော်။ သား ဒီဆိုင်မှာ မနေပါရစေနဲ့တော့။ သားဒီဆိုင်မှာ မပျော်ဘူး အဖေရာ။ ဒီဆိုင်က သားထွက်ပါရစေတော့။ သားကို ပြန်ခေါ်ပါနော်၊ မထားခဲ့ပါနဲ့တော့။ ဒီတစ်ခေါက် အဖေနဲ့ ပြန်လိုက်ခဲ့ပါရစေတော့။ သား အဖေတို့နဲ့ အတူနေချင်လှပါပြီဗျာ"

စိုးဦး ဒီဆိုင်က ထွက်ပါရစေလို့ ဘယ်လိုပင်ပူဆာပေမဲ့ မျက်ရည်ကျရတာပဲ အဖတ်တင်တယ်။ အဖေကတော့ အေးအေးဆေးဆေး ငွေထုတ်ပြီး ဦးထုပ်ကလေးကောက်ဆောင်း၊ လွယ်အိတ်ကလေးလွယ် စိုးဦးကို ဥပေက္ခာပြုပြီး ကျော့ကျော့မော့မော့ ပြန်မြဲပါပဲ။

စိုးဦး ဒီဆိုင်ရောက်တာ တစ်နှစ်ကျော်လာတော့ ရိုးသားတာရယ်၊ သွက်လက်ချက်ချာ လုပ်ရည်ကိုင်ရည်ရှိတာရယ်ကြောင့် အဖေလိုတဲ့ ငွေကို လိုသလောက်ကြိုထုတ်လို့ရလာတယ်။ ကြိုထုတ်လို့ရမှန်းသိတော့ သူ့အဖေ နှုတ်ရဲလာတယ်။ ငွေထုတ်ရဲလာတယ်။ အဖေငွေထုတ်လာတိုင်း ကြိုငွေတွေမထုတ်ဖို့ စိုးဦးရဲ့ မရိုးနိုင်တဲ့ ခတ်ပြားဟောင်းကြီး အပ်ကြောင်းထပ်အောင် ဖွင့်မိပြန်တယ်။

" အဖေ ငွေတွေကြိုမထုတ်ပါနဲ့တော့ အဖေရယ်။ ကျုပ်ဒီဆိုင်မှာ အကြာကြီး မနေပါရစေနဲ့"

"မင်းအိမ်အခြေအနေဘာသိတုံး။ အိမ်မှာ ကလေးတွေ တစ်ပြုံတစ်ခေါင်းနဲ့ တို့လုပ်စာနဲ့တင် မလောက်ဘူး။ အဲဒါ မင်းသိလား"

ကလေးတွေနဲ့ အိမ်သုံးစရိတ်မလောက်ဘူး ပြောတဲ့ အဖေက ဟိုတစ်ခါသုံးလစာငွေ ကြိုထုတ်ပြီး ဖုန်းဝယ်တယ်တဲ့။ ဒီတစ်ခါလဲ အဖေငွေတွေကိုထုတ်ပြန်ပြီ၊ ရွာကလူတွေ ပြောတာတော့ ရွာမှာအပေါင်ခံငွေ

စာမျက်နှာ ၂၅ သို့ ➤

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၄၆၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၄၆၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၀၈၂ ကေနှင့် ဖူးစားပြောင်းကေ ၇၉၄၀ စုစုပေါင်း ၉၀၂၂ ကေစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၇၁၂ ကေနှင့် ဖူးစားပြောင်း ကေ ၄၇၅၀ စုစုပေါင်း ၅၄၆၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ဒီနေ့ထိကေ ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေတယ်" ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

တိုးပေးတဲ့ ကိုမြတ်သာဆီက အပေါင်ဆုံးလိုင်စင်မဲ့ဆိုင်ကယ်တစ်စီး ဝယ်မလို့တဲ့။ ကိုမြတ်သာကအဖေ့ကို တစ်ဝက်ဆိုင်း တစ်ဝက် လက်ငင်းချေနဲ့ပေးနေတယ်တဲ့။ ဒီဆိုင်ကယ်မဝယ်ဖို့အဖေ့ကို အခွန်းပေါင်းမရေမတွက်နိုင်အောင် စိုးဦး တောင်းပန်တဲ့ကြားက အဖေဇွတ်ဝယ်တယ်။ အဖေလို တစ်နေ့လုပ်၊ တစ်နေ့စားနေ့စားအလုပ်သမား တစ်ယောက်အတွက်ဖုန်းတွေ ဆိုင်ကယ်တွေ ဘာမှအသုံးမဝင်ဘူးဆိုတာ သိသိကြီးနဲ့ အဖေ့ကို မြှောက်ထိုးပင့်ကော်လုပ်ပြီး သူ့ပစ္စည်းငွေဖြစ်ရေး ကိုမြတ်သာက အစွံထုတ်ရောင်းတယ်။ ကိုမြတ်သာလိုလူကရမယ်ဆိုရင် ဘနဖူးတောင် သိုက်တူးမယ်ဆိုတဲ့လူစား အဖေကလဲ အကြွေးရလို့ ဆင်ဝယ်စီး တယ်ဆိုတာမျိုး။ အဲဒီတော့လဲ သူ့အရပ်နဲ့ သူ့ဇာတ်ဟုတ်နေတာပဲ။

ကိုမြတ်သာက ရွာကဆင်းရဲသားတွေအပေါ် တစ်ကွက်မှကောင်းတဲ့လူ မဟုတ်ဘူး။ ပြန်ရမဲ့လူမျိုး ဆိုရင်အတိုးကြီး ကြီးနဲ့ ငွေချေးတယ်။ သူ့အိမ်မှာ ရောင်းတဲ့ ဆန်၊ ဆီ၊ ဆားနဲ့ လူသုံးကုန်ပစ္စည်းတွေကို လက်ရှိပေါက်ဈေးထက် ဈေးတင်ပြီး အကြွေးပေးတယ်။ အရင်က အဖေတို့ဆိုရင် ဆန်တစ်ပြည်၊ ဆီ တစ်ဆယ်သားတောင် အကြွေးမပေးတဲ့ ကိုမြတ်သာကြီးက အခုစိုးဦးမြို့ကိုရောက်လို့ လစာရလာတော့ အဖေတို့အပေါ် ဆက်ဆံတာ အရင်နဲ့မတူတော့ဘဲ အချိုးပြောင်းလာတယ်။ အချိန်တန်လို့ စိုးဦး လစာထုတ်လို့ရတယ်ဆိုတာ သိထားတော့ ချစ်တီးတွေ အတိုးပေးသလို အဖေတို့က ပြောစရာမလိုဘဲ သူက လိုလိုချင်ချင်ခေါ်ပြီး ဘာပစ္စည်းယူမလဲ အကြွေးပေးတယ်။ အဖေတို့ကလဲ ပေးသလောက် ယူတယ်။

စိုးဦးလက်ဖက်ရည်ဆိုင်မှာ ငယ်ငယ်ရွယ်ရွယ် စားပွဲထိုးဘဝနဲ့ အစားဆင်းရဲ၊ အနေဆင်းရဲ ပင်ပင်ပန်းပန်း လုပ်ကိုင်မှရတဲ့ ပိုက်ဆံကို ပုံမှန်ဈေးမဟုတ်တဲ့ မတန်တဆ အတိုးအမြတ်တွေ ပေးရတဲ့ ပစ္စည်းတွေ အဖေတို့က အကြွေးရလို့ဝယ်သုံးတော့ သဲထဲရေသွန်သလို စိုးဦးလုပ်သမျှ အရာမထင်ဖြစ်နေတော့တယ်။ ဒီထက် ပိုဆိုးတာက လစာငွေများများ ကြိုထုတ်လို့ ရလာတော့ အဖေရောဂါနောက်တစ်မျိုး တိုးနေတယ်လို့ လဲကြားရတယ်။ နှစ်လုံး၊ သုံးလုံးတွေ ထိုးနေတယ်တဲ့။ တွေးရင်း၊ တွေးရင်း အဖေရုပ်သွင် အဖေလုပ်ရပ်တွေ စိုးဦး မျက်စိထဲ တရိပ်ရိပ်ပေါ်လာတယ်။ ဒီအချိန်ရွာမှာ သီးနှံပေါ်တဲ့အချိန် အလုပ်ကလေးပေါ် ငွေလေးရွှင်တော့ အဖေ အရက်ကလေး ပိုသောက်ပိုမူးပြီး ရွာရိုးကိုးပေါက်လှည့်လည်လမ်းသလား၊ သီချင်းအော်ဆို လုပ်နေပေအုံးတော့မယ်။ အခုဆို ဆိုင်ကယ်ကလေးလဲရှိနေတော့ ရွာတွင်မက ရွာနီးချုပ်စပ်ရွာတွေပါ ဆိုင်ကယ်စီးပြီး လျှောက်သွားပေတော့မယ်။ ဆိုင်ကယ်စီးတာ မကျွမ်းကျင်သေးတဲ့အဖေ မူးမူးရူးရူးနဲ့ ဆိုင်ကယ်မှောက်လေမလား၊ သူများကိုတိုက်လေမလားလို့လဲ စိုးဦး တွေးပူမိလာပြန်တယ်။ အဖေ့အကြောင်းတွေ မေ့ပျောက်ပစ်လိုက်ပြီး အိပ်ပျော်ဖို့ ကြိုးစားပေမဲ့ စိုးဦး အိပ်မရဘဲ ဟိုဘက်လူးလိုက် ဒီဘက်လှိမ့်လိုက်နဲ့ မှိတ်ထားတဲ့ မျက်လုံးထဲက မျက်ရည်တွေသာ တောက် လျှောက်လျှံကျလာနေတယ်။

အပြင်မှာတော့ လမင်းကထိန်ထိန်သာနေတယ်။ ဒီလိုလသာညတွေမှာ ရွာကကစားဖော်တွေ ရွာလယ်လမ်းမပေါ်ပြေးလွှားဆော့ကစားပျော်မြူးနေကြမှာကိုလဲ မြင်ယောင်လာတယ်။ စိုးဦးမှာတော့ အပျော်ဆိုတဲ့ စကားတောင် မေ့နေပြီလို့ ပြောရတော့မယ်။ ဒီဆိုင်ရောက်ပါပြီဆိုကတည်းက အဖေ၊အမေတွေကို သတိရလွန်းလို့ မျက်ရည်ကျခဲ့ရတဲ့နေ့တွေ၊ ကျိတ်ငိုခဲ့ရတဲ့ညတွေကလဲနေ့ပေါင်း၊ ညပေါင်းများစွာပါပဲ။ အလုပ်လုပ်တဲ့အခါ အလုပ်စိတ်မဝင်စားနိုင်ဘဲ မှိုင်မှိုင်ငေးငေးဖြစ်နေလို့ ဆိုင်ရှင်ဦးမင်းနိုင်ရဲ့ အဆဲအဆို အရိုက်အပုတ်ခံရတာလဲ အကြိမ်ကြိမ်အခါခါ။

အခုတော့ စိုးဦးအသည်းတွေ မာစပြုပြီ။ ကိုယ့်ဘဝပေး အခြေအနေနဲ့ တစ်သားတည်းကျအောင် နေတတ်နေပြီ။ ဒီအတိုင်းသာဆို သူ့အဖေ၊ အမေ၊ မိသားစုနဲ့ ရွာပြန်နေရဖို့ ဘယ်နေ့ဘယ်ရက်ဆိုတာ မမျှော်လင့်တော့ဘူး။ ဦးမင်းနိုင်က မိဘတွေလိုသမျှငွေကို ကြိုထုတ်ပေးပြီး အလုပ်သမားမြဲအောင် ချည်တုပ်ထားသမျှတော့ စိုးဦးမှမဟုတ်ပါဘူး ဒီဆိုင်က မျိုးအောင်၊ ကျော်မျိုး၊ အေးချမ်းခင်၊ မပြည့်စုံ၊ မေဇင်ဦး အစရှိတဲ့ ကြိုငွေယူတဲ့ မိဘတွေရဲ့ သား၊ သမီးအလုပ်သမားတွေ ထွက်ရဖို့ လမ်းမမြင်။ စိုးဦး ဦးနှောက်နဲ့ဉာဏ်မှီသလောက်တွေးမိတယ်။ လူရယ်လို့ဖြစ်လာရင် ကြီးကြီးငယ်ငယ် ပညာသင်တာ၊ အလုပ်လုပ်တာ တစ်ခုခုတော့ မဖြစ်မနေ လုပ်ကြရမယ်ဆိုတာလောက်တော့သိတယ်။ ပင်ပန်းချင်လဲ ပင်ပန်းပါစေ။ ဒီလို ဖိနှိပ်ချုပ်နှောင်တာမရှိဘဲ လွတ်လွတ်လပ်လပ် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာလုပ်ရဖို့တော့လိုမယ် လို့ထင်တယ်။ အခုဒီဆိုင်မှာ လုပ်နေကြရတာက ရွာမှာတုန်းက ကြည့်ခဲ့ဖူးတဲ့ ဇာတ်ပွဲတစ်ခုထဲက "ငိုရင်ပုလဲရယ်ရင်ရွှဲ" ဆိုတဲ့ပြဇာတ် ထဲကမင်းသားကလေးကို ပုဏ္ဏားကြီးက ပုလဲတွေ၊ ရွှဲတွေ လိုချင်လို့ ရိုက်နှက်ပြီး အငိုခိုင်းလိုက်၊ အရယ်ခိုင်းလိုက်လုပ်သလိုမျိုး၊ မိဘတွေ လို့တဲ့ ငွေကိုပေးပြီး၊ စိုးဦးတို့ကိုဆဲဆိုရိုက်နှက်ပြီး၊ အခိုင်းခံနေရတာက အတူတူပါပဲ။ ဇာတ်ထဲက မင်းသားလေးနဲ့ ဒီဆိုင်က အလုပ်သမားတွေ မတူတာ တစ်ခုတော့ရှိတယ်။ ဇာတ်ထဲက မင်းသားကလေးက ပုလဲ တစ်လှည့်၊ ရွှဲတစ်လှည့် ဖြစ်တယ်။ ဦးမင်းနိုင်ဆိုင်က အလုပ်သမား တွေကတော့ ပုလဲတစ်မျိုးကလွဲလို့ ဘယ်သောအခါမှ ရွှဲဖြစ်လာမှာ မဟုတ်ဘူးဆိုတာကတော့ အသေအချာပါပဲ။

## အတ္တဝတ်ရုံ

- ရလေလေ ဇောရမ္မက်
  ရတာထက် ပိုရလို
  "လောဘ" ကို အရောင်ဆိုး၊
  အတ္တနံ့ နစ်မဆုံး
  ညစ်ဖုံး နွမ်းညှိုး။

- ရှိလေလေ ဇောရမ္မက်
  ရှိတာထက် ပိုရှိလို
  "ဒေါသ"ကို အရောင်ဆိုး၊
  အတ္တနံ့ နစ်မဆုံး
  ညစ်ဖုံး နွမ်းညှိုး။

- မြင့်လေလေ ဇောရမ္မက်
  မြင့်တာထက် ပိုမြင့်လို
  "မောဟ" ကို အရောင်ဆိုး၊
  အတ္တနံ့ နစ်မဆုံး
  ညစ်ဖုံး နွမ်းညှိုး။

- လိုမြဲလို ဘဝရေး
  ကြံစည်တွေး အဖုံဖုံ၊
  ဟန်ရေးပြိုင် တိမ်းညွတ်ကြ
  အတ္တဝတ်ရုံ၊
  ဇောမာန်ဖွင့် ကိုယ့်ရိပ်မြုံ
  ရမ္မက်ဟုန် အနည်ထ၊
  အစွဲတွေ တင်ငင်နဲ့
  ခွဲမမြင် လောကလမ်းမှာ
  စိတ်ရောင်စုံ ညှို့ဖမ်းနေသမျှ
  ခြုံဝတ်ရုံ ညစ်ပေနွမ်းကာဖြင့်
  မလန်းဖြာ အလှယွင်းပေလိမ့်
  စွန်းထင်းရာ တိုက်ချွတ်ပစ်နိုင်မှ
  ဖြူသစ်လွင် ရင်ဝယ်သန့်လို့
  ခြေဆန့်နှင် ဘဝတစ်ကွေ့
  ချမ်းမြေ့လှပ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ခရီးသွားဆောင်းပါး

# ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းမှအပြန်

သက်နိုင်(ပြင်ဦးလွင်)

တာချီလိတ်မြို့ကနေတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ခရီးစဉ်မှာ မယ်ဆိုင်ဈေးအတွင်းကို ဝင်ရောက်လေ့လာကြည့်ရှုပြီး မျက်နှာချင်းဆိုင် လမ်းမကြီးတစ်ဖက်မှာရှိတဲ့ အဆင့်မြင့်ကုန်တိုက်ကြီးရှိရာကို ဆက်လက်ထွက်ခွာလာခဲ့တယ်။ ကုန်တိုက်ကြီးက အဆင့်မြင့်ကုန်တိုက်ကြီးတစ်ခုဖြစ်နေသလို ရှေ့မျက်နှာစာမှာ ကျယ်ဝန်းသပ်ရပ် စနစ်ကျလှတဲ့ အိမ်စီးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ရပ်နားစရာနေရာတွေ၊ အငှားမော်တော်ယာဉ်ရပ်နားစရာနေရာတွေ၊ ဈေးဝယ်သူတွေ နားနေစရာနေရာတွေကို အဆင့်မြင့်မြင့် ပြုလုပ်ပေးထားတာကို တွေ့နေရတယ်။ ကုန်တိုက်အတွင်းမှာ သူ့အမျိုးအစားနဲ့သူ ခင်းကျင်းပြသထားတဲ့ ကုန်ပစ္စည်းတွေ တွေ့ရတယ်။

မိမိအလိုရှိတာက စာရေးစက္ကူစာအုပ်ဖြစ်နေတာကြောင့် စာရေးကိရိယာတွေရှိတဲ့အတန်းကို လိုက်လံရှာဖွေပြီးမှ အတွင်းကို ထပ်မံဝင်ရောက်လာခဲ့ရတယ်။ အလွန်ရှည်လျားပြီး အမျိုးအစားစုံလင်စွာရှိနေတဲ့ စာရေးကိရိယာတန်းထဲမှာ မိမိလိုချင်တဲ့စာအုပ်တွေကို ရှာဖွေနေရတာမလွယ်ကူပါဘူး။ ညီမဖြစ်သူက စာအုပ်တွေရှိတဲ့နေရာကိုသိရှိလို့ စာအုပ်တွေကိုဝယ်ယူပြီး ကုန်တိုက်အတွင်း လှည့်လည်ကြည့်ရှုရင်း လိုချင်တာလေးတွေ၊ လိုအပ်တာလေးတွေ ဝယ်ယူပြီးတာနဲ့ ကုန်တိုက်ထဲကနေ ထွက်လာခဲ့ကြတယ်။

ကုန်တိုက်ကြီးမှာ လိုအပ်တာတွေ ဝယ်ယူပြီးတာနဲ့ မြန်မာနိုင်ငံဘက်ခြမ်းကို ပြန်လာကြဖို့ပါ။ နှစ်နိုင်ငံနယ်စပ်ဂိတ်မရောက်ခင် ကုန်တိုက်ကနေ စီးလာခဲ့တဲ့ အငှားယာဉ်ပေါ်ကဆင်းပြီး လမ်းလျှောက်လာခဲ့ကြတယ်။ နယ်စပ်ဂိတ်အနီး ကားလမ်းမကြီးရဲ့ ဝဲ၊ ယာ ဘေးတစ်လျှောက်မှာ ကုန်ပစ္စည်းအမျိုးအစားအစုံအလင်နဲ့ စားသောက်စရာမျိုးစုံကို တည်ခင်းရောင်းချနေကြတဲ့ ဆိုင်ကြီး၊ ဆိုင်ငယ်တွေ အများအပြားရှိနေတယ်။ လမ်းလျှောက်လာကြရင်း ညီမဖြစ်သူက အိမ်ပြန်လက်ဆောင်အဖြစ် ထိုင်းနိုင်ငံထွက် ချိုချဉ်(သကြားလုံး)ထုပ်တွေနဲ့ နာမည်ကျော်ကြိမ်သီးတွေကို ဝယ်ပေးလိုက်တယ်။ ထိုင်းနိုင်ငံထွက်ကြိမ်သီးတွေက အရသာရှိပြီး စားလို့ကောင်းပါတယ်။

ဝယ်ချင်တာတွေဝယ်ပြီးကြတာနဲ့ နယ်စပ်ဂိတ်ကို ဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းကို ပြန်ဝင်လာခဲ့ကြတယ်။ နယ်စပ်ဂိတ်မှာ ထိုင်းနိုင်ငံဘက်ခြမ်းက အဖြူရောင်ကတ်ကို ပြန်လည်သိမ်းယူထားလိုက်သလို မြန်မာနိုင်ငံဘက်ကလဲ ယာယီနိုင်ငံကူးလက်မှတ်ကို ပြန်လည်သိမ်းယူထားလိုက်ကြတယ်။ မြန်မာနိုင်ငံထဲကို ပြန်လည်ရောက်ရှိလာတဲ့ အချိန်က မွန်းတည့် ၁၂ နာရီကျော်နေပြီဖြစ်လို့ လေယာဉ်ကွင်းကို သွားဖို့အတွက် နေ့လယ်စာ ထမင်းကို မြန်မြန်ဆန်ဆန်စားသောက်ပြီး အထုပ်အပိုးတွေကို မြန်မြန်ပြင်ဆင်ရပြန်တယ်။ လေယာဉ်ကွင်းချိန်းက နေ့လယ် ၂ နာရီပါ။

မိမိတည်းခိုနေထိုင်နေတဲ့ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်က လေယာဉ်ကွင်းနဲ့ အလွန်ဝေးကွာနေတာကြောင့် ကွင်းချိန်း ၂ နာရီကိုမီအောင် ကြိုတင်အချိန်ယူပြီး ထွက်လာခဲ့ရတယ်။ တာချီလိတ်လေယာဉ်ကွင်းက မိုင်းဖြတ်မြို့၊ ကျိုင်းတုံမြို့တို့ရှိရာကနေ ဝင်ရောက်လာရတဲ့မြို့တစ်ဖက်ထိပ်မှာရှိနေပြီး ပုန်းထွန်ရပ်ကွက်က မြို့ရဲ့အခြားတစ်ဖက်ထိပ် မိုင်းဆက်မြို့ကိုသွားရောက်တဲ့လမ်းပေါ်မှာတည်ရှိနေတာပါ။ လေယာဉ်ကွင်းကိုရောက်တော့ သတ်မှတ်ထားတဲ့ ကွင်းချိန်းအချိန်ထက် မိနစ်အနည်းငယ်ကျော်လွန်နေပါပြီ။ လေယာဉ်ပေါ်ကိုရောက်တော့ ညနေ ၃ နာရီထိုးတော့မှာပါ။

ညနေ ၃ နာရီတိတိမှာ မိမိစီးနင်းလိုက်ပါလာတဲ့ လေယာဉ်က တာချီလိတ်လေယာဉ်ကွင်းကနေ ဟဲဟိုးမြို့ရှိရာကို ဦးတည်ပျံသန်းလာတယ်။ လေယာဉ် စတင်တက်ရောက်တဲ့အချိန်တုန်းက တာချီလိတ်မြို့ဝန်းကျင်က ကျေးရွာလေးတွေ၊ လူနေတိုက်တာ အဆောက်အအုံတွေ၊ လယ်ကွင်းလယ်ကွက်တွေကို တွေ့မြင်ရပြီး နောက်ပိုင်းမှာ တောင်တန်းကြီးတွေနဲ့ မကြာခင်မှာ တောင်တန်းအသွယ်သွယ်တွေကြား ကွေ့ကောက်စီးဆင်းနေတဲ့ သံလွင်မြစ်ကြီးနဲ့ သံလွင်မြစ်ကူးတံတားတစ်ခုကို ရုတ်တရက်တွေ့မြင်လိုက်ရတယ်။ သံလွင်မြစ်ကူးတံတားက မိုင်းပြင်း-ကျိုင်းတုံ-မိုင်းဖြတ်လမ်းက




တာကော်မြစ်ကူးတံတားကြီးလား၊ ဒါမှမဟုတ် မိုင်းတုံ-မိုင်းဆတ်လမ်းက တာစန်းတံတားကြီးလား ဆိုတာကိုတော့ မသိနိုင်ခဲ့ပါဘူး။

ဒီအချိန်အတောအတွင်း လေယာဉ်မယ်လေးတစ်ယောက်က မိမိတို့လိုက်ပါစီးနင်းလာတဲ့ လေယာဉ်က ဟဲဟိုးလေဆိပ်ကို ညနေ ၃ နာရီ ၅၅ မိနစ်မှာဆိုက်ရောက်မှာဖြစ်ကြောင်း ကြေညာပါတယ်။ ဟဲဟိုးလေဆိပ်ကိုရောက်ရှိလာပြီဖြစ်ပေမဲ့ မိမိရဲ့ခရီးစဉ်က ဟဲဟိုးကနေ တောင်ကြီးမြို့ထိ အငှားယာဉ်နဲ့ဆက်လက်သွားရောက်၊ တောင်ကြီးမြို့မှာ အပ်နှံထားရှိခဲ့တဲ့ကားကိုယူပြီးမှ ပြင်ဦးလွင်မြို့ကို ဆက်လက်သွားရောက်ရမှာပါ။ ဟဲဟိုးလေဆိပ်ကနေ ကားငှားပြီး တောင်ကြီးမြို့ကိုထွက်ခွာလာတော့ ညနေ ၄ နာရီထိုးခါနီးနေပါပြီ။ လေဆိပ်မှာ လေယာဉ်နှစ်စင်းဆုံပြီး အတူတူဆိုက်ရောက်ခဲ့တာကြောင့် ပစ္စည်းတွေယူတဲ့နေရာမှာ အချိန်ကြာသွားခဲ့ရတယ်။ ဒါ့ပြင် အလှည့်ကျထွက်ခွာရတဲ့ အငှားယာဉ်ကိုလဲ စောင့်နေရပါသေးတယ်။

အငှားယာဉ်က လေဆိပ်ကနေ စတင်ထွက်ခွာလာပြီး ဟဲဟိုးမြို့၊ ရွှေညောင်မြို့၊ အေးသာယာမြို့သစ်တို့ကိုဖြတ်ကျော်ခဲ့ကာ တောင်တက်လမ်းအတိုင်း တောင်ကြီးမြို့ကိုရောက်လာခဲ့ရတယ်။ ဖြတ်သန်းလာခဲ့ရတဲ့မြို့တွေထဲမှာ ဟဲဟိုးမြို့က ဘာမှထူးခြားမှုမရှိဘဲ သာမန်မြို့ငယ်လေးတစ်မြို့ပါ။ မြို့သမိုင်းအရ သီပေါမင်း ပါတော်မူစကတည်းက တည်ရှိတယ်လို့ဆိုပါတယ်။ ဟဲဟိုးက မြို့နယ်တစ်ခုမဟုတ်ဘဲ ကလောမြို့နယ်အတွင်းမှာပါဝင်နေတယ်။ နောက်တစ်မြို့ဖြစ်တဲ့ ရွှေညောင်မြို့ကတော့ ထူးခြားပါတယ်။ ရွှေညောင်က တောင်ကြီးမြို့ရဲ့ အတက်၊ အဆင်းလမ်းဘေး မြေပြန့်လွင်ပြင်မှာ တည်ရှိနေတယ်။ အရင်က သာစည်-ရွှေညောင် မီးရထားခရီးလမ်းဆုံမြို့တစ်မြို့ဖြစ်ခဲ့ပေမဲ့ အခုအချိန်မှာ တောင်ကြီးမြို့အနီးထိ မီးရထားလမ်းဖောက်လုပ်ပြီးစီးနေပါပြီ။ ရွှေညောင်မြို့ ဆိုပြီးဖြစ်ပေါ်လာရတာကလဲ ကမ္ဘာကျော် အင်းလေးအိုင်ကြီးတည်ရှိနေတဲ့ ညောင်ရွှေမြို့ကိုအခြေပြုပြီး ဖြစ်ပေါ်လာခဲ့ရတာပါ။ ရှေးအခါက ညောင်ရွှေမြို့ကို ညောင်ရွှေစော်ဘွားကြီး ဆာစောမောင် အုပ်ချုပ်နေတဲ့အချိန်မှာ ညောင်ရွှေမြို့ကြီးနဲ့စပ်လျဉ်းပြီး အတိတ်၊ နိမိတ်၊ တဘောင်တွေ ပေါ်ပေါက်လာခဲ့ရတယ်။ တဘောင်တွေရဲ့အဆိုအရ ညောင်ရွှေမြို့ကြီး ပျက်တော့မယ်လို့ဖြစ်ပါတယ်။ ဒါကြောင့် စော်ဘွားကြီး ဆာစောမောင်နဲ့ မင်းတိုင်ပင်အမတ်တွေက ဘေးရန်ဆီးကာတဲ့အနေနဲ့ ညောင်ရွှေကို ပြောင်းပြန်လှန်ပြီး ရွှေညောင်ဆိုတဲ့အမည်နဲ့ မြို့တစ်မြို့ကိုထပ်မံတည်ဆောက်ခဲ့ကြရတယ်။ ရွှေညောင်နဲ့ ညောင်ရွှေက ၇ မိုင်သာ ကွာဝေးနေပါတယ်။ အေးသာယာမြို့သစ်ကတော့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ စတင်တည်ခဲ့တာပါ။ အေးသာယာမြို့သစ်မှာ စက်မှုဇုန်တွေ အများအပြားရှိနေတယ်။ အေးသာယာကို ကျော်လွန်ပြီး တောင်ပေါ်အမြင့်ကို တက်ရောက်သွားတာနဲ့ တောင်ကြီးမြို့ကို ရောက်ရှိပါပြီ။ တောင်ကြီးမြို့ကိုရောက်တော့ ညနေ ၅ နာရီထိုးတော့မှာပါ။ တောင်ကြီးကိုရောက်တာနဲ့ စိန်မိုင်းဆက် အမြန်ယာဉ်ငယ်ကားအသင်းမှာ အပ်နှံထားခဲ့တဲ့ မိမိရဲ့ကားကို ယူပြီး ကလောမြို့ရှိရာကို မောင်းနှင်လာခဲ့တယ်။

တောင်ကြီးမြို့ကနေ အဆင်းကားလမ်းအတိုင်း မောင်းနှင်လာတဲ့အချိန်မှာ အရင်ရက်တွေနဲ့ မကြာသေးခင်က ရွာထားတဲ့ မိုးတွေကြောင့် ကားလမ်းဘေးအချို့နေရာတွေမှာ တောင်ကျရေတွေနဲ့ ရေတံခွန်တွေ ဖြစ်ပေါ်နေကြတယ်။ ဒီမြင်ကွင်းကို ဟဲဟိုးကနေ တက်လာကတည်းက အတက်လမ်းမှာ မြင်တွေ့ခဲ့ရပါတယ်။ အခုတစ်ခါ အဆင်းလမ်းကနေ ထပ်မံမြင်တွေ့ရတာပါ။ တောင်ကြီးမြို့က ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၁၂ ပေ မြင့်မားနေတာကြောင့် အခုလို မိုးရာသီမှာ တောင်ကျချောင်းရေတွေနဲ့ ရေတံခွန်တွေဖြစ်ပေါ်လေ့ရှိနေတတ်ပါတယ်။ တောင်ကြီးမြို့ကို ရှေးယခင်က ပအိုဝ်ဘာသာနဲ့ ဒုံတောင်ကျည်၊ ရှမ်းဘာသာနဲ့ တောင်ကျည်း၊ မြန်မာဘာသာနဲ့ တည်ပင်တောဆိုပြီး ခေါ်ဆိုခဲ့ကြတယ်။ မြန်မာဘာသာနဲ့အခေါ်အရ ရှေးအခါက အခုတောင်ကြီး အထက(၄)ရဲ့ မြောက်ဘက်မှာ တည်ပင်ကြီးရှိခဲ့တယ်လို့ဆိုပါတယ်။

တောင်ကြီးမြို့ စတင်ပေါ်ပေါက်လာရတဲ့ အဓိကအကြောင်းရင်းက ညောင်ရွှေမြို့ရဲ့အရှေ့ဘက် မိုင်းသောက်မှာ တပ်စခန်းချထားတဲ့ Ford Stedman ခံတပ်ကြောင့်ပါ။ ရှေးကာလတုန်းက မိုင်းသောက်မှာ ငှက်ဖျားရောဂါအလွန်ထူပြောပေါ်များပြီး စစ်သည်တွေရဲ့ကျန်းမာရေးအခြေအနေတွေကလဲ အလွန်ဆိုးရွားခဲ့တယ်။ ဒါကြောင့် အခုတောင်ကြီးမြို့ဖြစ်လာမဲ့နေရာကို တပ်စခန်းတစ်ခုလုံး ပြောင်းရွှေ့လာခဲ့ရတယ်။ နောက်ပိုင်းမှာ ရှမ်းတိုင်းရင်းသားတွေက တောင်ကျည်းလို့ အများအားဖြင့် ပြောဆိုလာခဲ့ကြရာကနေ တောင်ကြီးဖြစ်လာကြောင်း သမိုင်းတွေအရ သိထားရတယ်။ ၁၉၁၇ ခုနှစ်က တောင်ကြီးမြို့ရဲ့အခြေအနေကို ရေးသားဖော်ပြထားတဲ့ မှတ်တမ်းတစ်ခုမှာ "တောင်ကြီးမြို့ရှိ ချယ်ရီပင်များသည် လမ်းမကြီးနှစ်ဖက်စလုံးနှင့် ခြံဝင်းတိုင်း၌ ပေါက်ရောက်လျက်ရှိကြရာ ဇန်နဝါရီလတွင် တောင်ပေါ်မှ တက်ကြည့်လျှင် ပန်းရောင်ပင်လယ်ပြင်ကြီးအလား တွေ့မြင်ရမည်ဖြစ်သည်" ဆိုပြီး တွေ့ရှိရတယ်။

တောင်ကြီးကနေ မိမိတစ်ယောက်တည်း ကားမောင်းပြီး ထွက်လာခဲ့တာ ည ၆ နာရီကျော်တော့ ကလောမြို့ကိုရောက်လာတယ်။ ကလောဈေးအနီးက ဟိုတယ်တစ်ခုမှာ အခန်းယူ၊ ရေမိုးချိုးပြီးမှ သူငယ်ချင်းဖြစ်သူတွေနဲ့ တွေ့ဖို့ချိန်းဆိုထားတဲ့ စားသောက်ဆိုင်ကို ထွက်လာခဲ့ရတယ်။ စားသောက်ဆိုင်က ကလောမီးရထားဘူတာနဲ့ နာရီစင်အနီးမှာပါ။ ကလောမြို့ကိုရောက်တိုင်း ကလော-အောင်ပန်း-တောင်ကြီးလမ်းမကြီးတစ်လျှောက်နဲ့ ဈေးအနီးပတ်ဝန်းကျင်တွေကိုသာ ရောက်ရှိနေခဲ့ပေမဲ့ အခုတစ်ခေါက်မှာတော့ ဘူတာနဲ့ နာရီစင်နားကို ရောက်ရှိလာခဲ့ရပါပြီ။ သူငယ်ချင်းတွေနဲ့ တွေ့ဆုံစကားပြောကြရင်း ညစာထမင်းစားသောက်ပြီးတော့ ည ၉ နာရီရှိနေပြီမို့ ဟိုတယ်ကို ပြန်ခဲ့တော့တယ်။

ကလောဆိုတာ ပလောင်ဘာသာဖြစ်ပြီး မြန်မာလို ဇလုံလို့ အဓိပ္ပာယ်ရပါတယ်။ ကလောမြို့ကို မိုင်းလုံးတောင်၊ အိုးစည်တောင်၊ မနောလုတောင်၊ ကဆုန်တောင်၊ ရွှေမင်းပုန်းတောင်တွေ ဝိုင်းရံထားပြီး မြို့ရဲ့အနေအထားက ချိုင့်ဝှမ်းထဲမှာဖြစ်နေတယ်။ ဇလုံပုံသဏ္ဍာန်ဖြစ်နေတဲ့ ကလောမြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၃၁၅ ပေရှိနေတယ်။ အင်္ဂလိပ်စာရေးဆရာ မောရစ်ကောလစ်ကလဲ ၁၉၃၈ ခုနှစ်မှာ သူရေးသားထုတ်ဝေထားတဲ့ Lord of the Sunset စာအုပ်ထဲမှာ ကလောမြို့နဲ့ပတ်သက်ပြီး "ကလောမြို့၏အလယ်တွင် မီးရထားဘူတာရုံ၊ ဈေးဆိုင်များနှင့် ဈေးကြီးတစ်ခုရှိသည့် မြို့ကလေးတစ်မြို့ဖြစ်သည်။ မြို့ကလေး၏တောင်စောင်းများတွင် ပန်းခြံများနှင့် အင်္ဂလိပ်ဘန်ဂလိုအိမ်များက အစီအရီရှိနေကြသည်။ လမ်းတစ်လျှောက်မှာတွင် ကား ထင်းရှူးပင်များသည် ပန်းခြံကြီးတစ်ခုတွင် စနစ်တကျ စိုက်ပျိုးထားသည့်အလား သေသပ်စွာ စီတန်းလျက်ရှိနေသည်။ ကလောမြို့သည် သာယာသော စခန်းမြို့ကလေးတစ်ခုပင်ဖြစ်နေ၏"ဆိုပြီး ရေးသားထားတာကို လေ့လာသိမှတ်ရပါတယ်။

ကလောမြို့မှာ တစ်ညတာ နားခိုအိပ်စက်ခဲ့ပြီး မနက်အိပ်ရာကနေနိုးတာနဲ့ အောင်ပန်းမြို့၊ ရွာငံမြို့၊ ကျောက်ဆည်နဲ့ စဉ့်ကိုင်မြို့တွေကို ဖြတ်သန်းမောင်းနှင်လာခဲ့ပြီး ပြင်ဦးလွင်မြို့ကို ပြန်လာခဲ့ပါတယ်။ ဒီတစ်ခေါက် ခရီးစဉ်က ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ အရှေ့ပိုင်းသာမက ထိုင်းနိုင်ငံကိုပါ ဝင်ရောက်လေ့လာဈေးဝယ်နိုင်ခဲ့ရတဲ့ ခရီးစဉ်ပါ။ နောက်တစ်ပတ်မှာ နောက်ထပ်ခရီးတစ်ခုကို ထပ်မံသွားရောက်လိုက်ပါဦးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၈၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်း ၁၂၈၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၂၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# တပ်ကုန်းမြို့နယ် ဥယျာဉ်ကျေးရွာ၌ ကျေးရွာတွင်း ရိုစာလမ်းခင်းခြင်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဥယျာဉ်ကျေးရွာ၌ ကျေးရွာတွင်း ရိုစာလမ်းခင်းခြင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ဥယျာဉ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေဖြင့် ကျေးရွာတွင်း ရိုစာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ဥယျာဉ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ရိုစာလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သူသူ**

# ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဂဲလ်ဂစ် ဘောတီစတန်းဒေသတွင် အရည်ပျော်နေသော ရေခဲမြစ်များကြောင့် ဒေသခံပြည်သူများ နေအိမ်များကိုစွန့်ခွာနေကြရ



အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၇

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း ဂဲလ်ဂစ် ဘောတီစတန်းဒေသတွင် အရည်ပျော်နေသော ရေခဲမြစ်များကြောင့် ဒေသခံပြည်သူများနေအိမ်များကို စွန့်ခွာနေကြရကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခင်က ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း ဂဲလ်ဂစ် ဘောတီစတန်းဒေသတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်းက ဟိမဝန္တာရေခဲမြစ်များကို အရည်ပျော်စေကြောင်း၊ အဆိုပါနေရာတွင် နေထိုင်လာခဲ့ကြသည့် ဒေသခံများသည် ရေခဲများအရည်ပျော်ကာ ရေများ၊ ကျောက်တုံးများ တောင်ပေါ်မှ အရှိန်အဟုန်ဖြင့်စီးဆင်းလာခြင်းကြောင့် နေထိုင်ရာနေရာများ ပျက်စီးခဲ့ရကြောင်း၊ ထို့ကြောင့် မျိုးရိုးစဉ်ဆက် နေထိုင်လာသော နေအိမ်များကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နေကြရကြောင်း ပါကစ္စတန်နိုင်ငံမှသုတေသီများက ပြောကြားခဲ့သည်။

ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုကို မထိန်းချုပ်နိုင်ပါက ဟိမဝန္တာရေခဲမြစ်များသည် ရာစုနှစ်အကုန်တွင် ၎င်းတို့ ထုထည်၏ သုံးပုံနှစ်ပုံထိ ဆုံးရှုံးနိုင်ကြောင်း၊ ထို့ကြောင့် ဟိမဝန္တာတောင်တန်းဒေသကို ထိန်းသိမ်းရန်လိုကြောင်း၊ လူသားများနှင့် သဘာဝတရားကြား သဟဇာတဖြစ်စေသော ဖွံ့ဖြိုးမှုများဖြစ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် ဟိမဝန္တာရေခဲမြစ်များထိန်းသိမ်းခြင်း၊ ရိုးရာဆေးဖက်ဝင်အပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ရန်လိုကြောင်း တောင်တန်းများဖွံ့ဖြိုးတိုးတက်ရေးအပြည်ပြည်ဆိုင်ရာစင်တာက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာနိုင်ကြောင်း ထုတ်ပြန်

အော့တဝါ နိုဝင်ဘာ ၁၇

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဗန်ကိုဗားကျွန်းတွင် အားကောင်းသည့်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာဖွယ်ရှိနေကြောင်း Environment Canada က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်းမြင့်မားလာနိုင်ပြီး ကမ်းခြေဒေသများတွင်လည်းကြီးမားသော လှိုင်းလုံးများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါမုန်တိုင်းသည် ဗုံးဆိုင်ကလုန်းမုန်တိုင်းအသွင်ဖြင့် တိုက်ခတ်ဖွယ်ရှိနေသည့်အတွက် မုန်တိုင်းဖြတ်သန်း တိုက်ခတ်ရာဇရိယာတစ်လျှောက်ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ကနေဒါမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန၏ ခန့်မှန်းတိုင်းတာချက်များအရ မုန်တိုင်းကြောင့် ပြင်းထန်သောလေတိုက်နှုန်းသည် နိုဝင်ဘာ ၂၀ ရက်တွင် နောက်အကျဆုံး ဖြစ်ပေါ်လာနိုင်ပြီး ဗန်ကိုဗားကျွန်း၏ နေရာတချို့တွင် မိုးရွာသွန်းကာ လမ်းမတချို့တွင် ရေစတင်လွှမ်းနေပြီဖြစ်ကြောင်း Environment Canada က ထုတ်ပြန်ခဲ့သည်။

"လာမဲ့ရက်ပိုင်းအတွင်း ဗန်ကိုဗားကျွန်းမှာ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာနိုင်ပါတယ်။ ဗုံးဆိုင်ကလုန်းမုန်တိုင်းအသွင် ဖြစ်တဲ့အတွက် အန္တရာယ်ရှိပါတယ်။ နေရာတချို့မှာတော့ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်"ဟု Environment Canada မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်လာသော တိုင်ဖွန်းမုန်တိုင်းမန်းယီ အားပျော့သွားပြီဖြစ်

မနီလာ နိုဝင်ဘာ ၁၇

ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်လာသော တိုင်ဖွန်းမုန်တိုင်း မန်းယီ အားပျော့သွားပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အဓိကကျွန်းဖြစ်သော လူဇွန်ကျွန်းကို နိုဝင်ဘာ ၁၆ ရက်က တိုင်ဖွန်းမုန်တိုင်း မန်းယီ ဖြတ်ကျော်ဝင်ရောက်ခဲ့သဖြင့် မြို့တော်မနီလာတွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် နေရာများမှပြည်သူများကို ပြောင်းရွှေ့ခဲ့ရကြောင်း၊ အဆောက်အအုံများနှင့် လမ်းများလည်း ပျက်စီးခဲ့ရကြောင်း သိရသည်။

"တိုင်ဖွန်းမုန်တိုင်းကြောင့် မြစ်ရေတွေတက်လာပြီး ပြည်သူတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရပါတယ်"ဟု မြို့တော်မနီလာ ကမ်းရိုးတန်းဒေသရှိ အာဏာပိုင်များက ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှု ဘေးအန္တရာယ်မှ ကင်းဝေးစေရန် မုန်တိုင်းတိုက်ခတ်ရာ လမ်းကြောင်းတစ်လျှောက် ပြည်သူတစ်သန်းကျော်ကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ တိုင်ဖွန်းမုန်တိုင်းကြောင့် နေအိမ်များ၊ စာသင်ကျောင်းများနှင့် အဆောက်အအုံများ ပျက်စီးခဲ့သော်လည်း ထိခိုက်သေဆုံးမှုမရှိကြောင်း အရပ်ဘက်ကာကွယ်ရေးအကြီးအကဲ အေရီယယ်က ပြောကြားခဲ့သည်။



ဖိလစ်ပိုင်ကို တစ်လအတွင်း ဝင်ရောက် တိုက်ခတ်ခဲ့သည့် ဆဋ္ဌမမြောက်မုန်တိုင်း မန်းယီသည် လက်ရှိတွင် တိုက်ခတ်သော လေပြင်းများ အားပျော့သွားသဖြင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေသူတချို့ကို အိမ်ပြန်နိုင်ရေး စီစဉ်ပေးနေသည်ဟု ပြည်နယ်သဘာဝဘေးအရာရှိ ရော်ဘတ်တိုက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဂရာဒီကောင်တီတွင် လေဆင်နှာမောင်း သတိပေးစနစ်များကို တပ်ဆင်သွားမည်

ဝါရှင်တန် နိုဝင်ဘာ ၁၇

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဂရာဒီကောင်တီတွင် လေဆင်နှာမောင်းအန္တရာယ်ဖြင့် မကြာခဏ ရင်ဆိုင်နေရသည့်အတွက် ဒေသခံများ လေဆင်နှာမောင်းအန္တရာယ်ကို ကြိုတင်သိရှိနိုင်ရေးအတွက် လေဆင်နှာမောင်းသတိပေးစနစ်များ တပ်ဆင်သွားမည်ဖြစ်ကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေဆင်နှာမောင်းအန္တရာယ်သတိပေးစနစ်များ တပ်ဆင်နိုင်ပါက လေဆင်နှာမောင်းအန္တရာယ်ကို ဒေသခံများ ကြိုတင်သိရှိကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည့်အတွက် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး လေဆင်နှာမောင်း သတိပေးစနစ်များကို အမြန်ဆုံးတပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ ဂရာဒီကောင်တီ အာဏာပိုင်အဖွဲ့အစည်းကလည်း ထောက်ခံကြိုဆိုခဲ့ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဂရာဒီကောင်တီဟာ လေဆင်နှာမောင်းအန္တရာယ်နဲ့ မကြာခဏ ရင်ဆိုင်ရတဲ့ ဇရိယာတစ်ခုဖြစ်ပါတယ်။ အခုလို လေဆင်နှာမောင်းအန္တရာယ် ကြိုတင်သတိပေးစနစ်တွေတပ်ဆင်သွားမှာကို ထောက်ခံကြိုဆိုပါတယ်။ လေဆင်နှာမောင်းအန္တရာယ်ကို အချိန်မီ မသိခဲ့ရတဲ့အတွက် မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ဒါကြောင့် ဒီစနစ်ဟာ ဒေသခံတွေကို အများကြီးအကျိုးအမြတ် ဖြစ်စေလိမ့်မယ်"ဟု ဂရာဒီကောင်တီ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်စတင်ဟိုက်လန်းက ပြောကြားခဲ့သည်။

ဂရာဒီကောင်တီတွင် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ် မတ်လတွင် တစ်ကြိမ် လေဆင်နှာမောင်းကြောင့် ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ဖူးကြောင်း၊ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းကြောင့် သေဆုံးသူ ၁၉ ဦးရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၂၀၀ ကျော်ရှိခဲ့ကာ ၂၀၁၉ ခုနှစ် မတ်လတွင် တိုက်ခတ်ခဲ့သောလေဆင်နှာမောင်းကြောင့် ၂၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဦးရေ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် လေဆင်နှာမောင်း သတိပေးစနစ်များကို တပ်ဆင်သွားမည်ဖြစ်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဩစတြေးလျနိုင်ငံအရှေ့တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန်ညွှန်ကြားထား

ကင်ဘာရာ နိုဝင်ဘာ ၁၇

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်အပါအဝင် အရှေ့တောင်ဘက်ပိုင်း ဒေသများတွင် နိုဝင်ဘာ ၁၆ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေမျိုး ရှိနေသည့်အတွက် ဗစ်တိုးရီးယားပြည်နယ် အနောက်ဘက်ပိုင်းတွင် နေထိုင်သော ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗစ်တိုးရီးယားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗစ်တိုးရီးယားပြည်နယ်အပါအဝင် နယူးဆောက်ဝေးပြည်နယ် အရှေ့မြောက်ဘက်ပိုင်း၊ တက်စ်မေးနီးယားနယ်မြေ အရှေ့မြောက်ဘက်ပိုင်းတို့တွင်လည်း တောမီးလောင်ကျွမ်းမှု ဖြစ်ပွားလျက်ရှိကြောင်း၊ ဗစ်တိုးရီးယားပြည်နယ် အနောက်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသည့် တောမီးလောင်ကျွမ်းမှုက အန္တရာယ်အရှိဆုံးဖြစ်ပြီး နေရာနှစ်နေရာတွင် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းရမည့်ဒေသခံများမှာလည်း ဗစ်တိုးရီးယားပြည်နယ် အနောက်ဘက်ပိုင်းတွင်နေထိုင်သော ဒေသခံများဖြစ်ပြီး လူနေအိမ်များဆီ ကူးစက်လာနိုင်သည့်တောမီးကို ဗစ်တိုးရီးယားပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များက အင်အားသုံးငြိမ်းသတ်ပေးလျက်ရှိကြောင်း သိရသည်။

"ဗစ်တိုးရီးယားပြည်နယ် အနောက်ဘက်ပိုင်းမှာ လောင်ကျွမ်းနေတဲ့တောမီးက စိန်ခေါ်မှုတစ်ခုပါ။ လူနေအိမ်တွေဆီကူးစက်နိုင်တဲ့အနေအထား ဖြစ်နေတဲ့အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ လတ်တလောမှာတော့ လူနေအိမ်တွေဆီ ကူးစက်တာမျိုးမရှိသေးပါဘူး"ဟု ဗစ်တိုးရီးယားပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူ နက်ဂတ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဆေးဖက်ဝင် ပင်စိမ်းပင်

ပေါက်ပေါက်

သဘာဝတရားကြီးက အိမ်ရှင်မတို့အတွက် အဆင်သင့်ဖန်တီးပေးထားသော ဟင်းခတ်အမွှေးအကြိုင် အမျိုးမျိုးရှိကြရာ Ocimum Sanctum ဟု ရုက္ခဗေဒအမည်ရသော ပင်စိမ်းပင်လေးများလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အတန်ငယ်မာကျောသည့် ပင်စည်ကလေးများဖြင့် အခက်အလက်ဖြာထွက်သော ပင်စိမ်းပင်ပုကလေးများ ပေါက်ရောက်ရာ ဇာတိမြေမှာ အာရှတိုက်နှင့် မြေထဲပင်လယ်ဒေသတို့ ဖြစ်ကြသည်။ ၎င်းအပင်များသည် မြေဩဇာကောင်း ထွေထွေထူးထူးမလိုအပ်ဘဲ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိကြပြီး အပူပိုင်းဒေသတွင် ပိုမိုဖြစ်ထွန်းသည်။ အရသာမှာ အတန်ငယ်ပူစပ်ကာ ပင်စိမ်းဖြူ၊ ဟင်းစားပင်စိမ်း၊ ပင်စိမ်းနက်၊ ပင်စိမ်းညို၊ ပင်စိမ်းကြီး၊ ဗလရှင်ကင်ဟူ၍ အမျိုးမျိုးရှိကြသည်။ ပင်စိမ်းပင်များကို မြန်မာနိုင်ငံ၏ မိုးရာသီတွင် ပေါပေါများများ တွေ့နိုင်ပါသည်။

ဟိန္ဒူဘာသာအရ ပင်စိမ်းပင်သည် ဗစ်ရှနူး ခေါ် ဗိဿနိုးနတ်မင်းကြီးနှင့် လက်ချေမီးနတ်သမီးတို့ကို ပူဇော်ပသသည့် မြင့်မြတ်သောအပင်အဖြစ် သက်ဝင်ယုံကြည်ကြသည်။ ထိုသို့ပူဇော်ခြင်းဖြင့် အိမ်ထောင်ရေး သာယာ၍ စီးပွားတိုးတက်ကာ လင်ယောကျ်ား ကျန်းမာပြီး ဇနီးမယားပေါ်သစ္စာရှိကြောင်း ယုံကြည်ကြသည်။ ခရစ်ယာန်ဘာသာအရ ပင်စိမ်းပင်သည် ယေရှုခရစ်တော်၏ ဂူပေါ်မှာပေါက်ရောက်သော မြင့်မြတ်သည့်အပင်ဟုသတ်မှတ်ကြပြီး ရှေးခေတ် ရောမနှင့်ဂရိတိုင်းသားများကလည်း မြတ်နိုးခဲ့ကြသည်။

ယနေ့ကမ္ဘာပေါ်ရှိ အရှေ့တိုင်း၊ အနောက်တိုင်း အစားအစာဟင်းလျာများတွင် ပင်စိမ်းက ဟင်းခတ်အမွှေးအကြိုင်အဖြစ် ပန်းရလို့နေပါသည်။ မြန်မာနိုင်ငံ စားသောက်ဖွယ်ရာများတွင် ဟင်းညီနံ့ပျောက်ရုံ သာမက အနံ့အရသာ ပိုမိုပေါ်လွင်လာစေရန် ပင်လယ်စာ၊ ပုစွန်၊ ငါးနှင့် အသားဟင်းလျာတို့တွင် မဖြစ်မနေ အသုံးပြုကြသည်။ သခွားသီးသုပ်၊ ပုစွန်ချဉ်၊ ငါးဖယ်ချဉ်၊ ငါးလေး ချဉ်သုပ်၊ တာလပေါ့ဟင်းရည်နှင့် ပိန်းဥဟင်းလျာတို့တွင်လည်း ပင်စိမ်းရွက်မပါလျှင် မပြည့်စုံနိုင်ပေ။ ထို့ပြင် ကြက်ဥ၊ ဘဲဥမွှေကြော်တွင် ပင်စိမ်းရွက်ကို အပေါ်မှဖြူး၍လည်းကောင်း၊ ငါးကင်သောအခါတွင် ပင်စိမ်းရွက်ကိုနုပ်နုပ်စင်း၍ ငါးဝမ်းဗိုက်ထဲတွင် အဆာသွပ်၍လည်းကောင်း၊ ပင်စိမ်းရွက်ကိုထောင်း၍ ထွက်လာသောအရည်ကို ကြက်၊ ဝက်၊ ဆိတ်၊ အမဲ စသောအသားတို့တွင် စိမ့်ဝင်အောင်နှပ်ထားပြီး အသားကိုကင်ရာတွင်လည်းကောင်း၊ ချက်ရာတွင်လည်းကောင်း အရသာရှိအောင် အသုံးပြုလေ့ရှိကြသည်။

**ပင်စိမ်းရွက်နှင့် ကျန်းမာရေး**

ဆေးသုတေသီများ၏ သိပ္ပံနည်းကျလေ့လာ စမ်းစစ်မှုအရ နှစ်ဂရမ် အလေးချိန်ရှိသော ပင်စိမ်းရွက်တွင် လူသားတို့ ကျန်းမာရေးကို ကောင်းကျိုးပြုစေသော ကယ်လိုရီ၊ အဆီဓာတ်၊ ပိုတက်စီယမ်၊ ကစီဓာတ်၊ ချေဖျက်လွယ်သော အမျှင်ဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ကယ်လ်စီယမ်၊ သံဓာတ်၊ ဗီတာမင် E၊ ဗီတာမင် K၊ သီအာမင်၊ နီအာစင်၊ ဗီတာမင် B6၊ ဖောလိပ်အက်ဆစ်၊ မဂ္ဂနီစီယမ်၊ ဇင့်နှင့် မဂ္ဂနီးစ် စသည်တို့အသီးသီးပါရှိနေကြကြောင်း တွေ့ရသည်။

- ပင်စိမ်းရွက်တွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်သတ္တိများက ပန်းသီး၊ လိမ္မော်သီးနှင့် ဘလူးဘယ်ရီသီးများထက် ပိုမိုအစွမ်းထက်သဖြင့် စားသုံးသူကို အရွယ်တင်နုပျိုစေသည်။
- နေအိမ်ခြံဝန်းထဲတွင် ပင်စိမ်းပင်စိုက်ပျိုးထားခြင်းဖြင့် မြွေအန္တရာယ်မှ ကင်းဝေးစေနိုင်သည်။ မြွေ၊ ကင်းမြီးကောက်၊ ပျား၊ ပုရွက်ဆိတ် စသည့် အဆိပ်ရှိသတ္တဝါများ၏ ကိုက်ခဲခြင်းကိုခံရပါက ဒဏ်ရာပေါ်တွင် ပင်စိမ်းရွက်ကို ကြိတ်ခြေအုံပေးခြင်းဖြင့် အဆိပ်ပြေစေသည်။
- ဂျာမနီနိုင်ငံ ဆေးသုတေသီများ၏ မှတ်တမ်းများအရ ပင်စိမ်းရွက်ထဲတွင်ပါရှိသော သဘာဝဓာတ်ပေါင်းစုတစ်မျိုးက ဦးနှောက်စွမ်းဆောင်ချက်ကို တိုးတက်ကောင်းမွန်စေသည့်ပြင် စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါတို့ကို ထိရောက်စွာ ကုသပေးနိုင်ကြောင်း အတည်ပြုထောက်ခံထားသည်။ ထို့ပြင် ပင်စိမ်းသည် ကလေးငယ်များ၏ ဉာဏ်ရည်စွမ်းအားကို တိုးတက်မြင့်မားစေနိုင်၍ အရွယ်သုံးပါးမရွေး ပင်စိမ်း စားသုံးသင့်သည်။



- ပင်စိမ်းရွက်ထဲတွင် ဖလေဗိုနွိုက်ဒ်ပေါင်းပါရှိ၍ သက်ကြီးပိုင်း အမြင်အာရုံချို့ယွင်းခြင်း၊ အတွင်းတိမ်နှင့် မျက်စိအာရုံခံလွှာဆီ ခရမ်းလွန်ရောင်ခြည်ကျရောက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။ မွေးရာပါမျက်စိမှုန်ခြင်း၊ မျက်စိအောင့်ခြင်း၊ စူခြင်း၊ ကိုက်ခဲခြင်းများအတွက် နေ့စဉ် ပင်စိမ်းရွက်ငါးရွက်ခန့်စားပေးခြင်းဖြင့် သက်သာစေနိုင်သည်။
- ပင်စိမ်းတွင် ဗီတာမင်အေ၊ ကယ်လ်စီယမ်နှင့် ဗီတာမင်ကေတို့ပါရှိသဖြင့် သွားနှင့်အရိုးများကို ကျန်းမာသန်စွမ်းစေသည်။ ဒူးနာ၊ ခါးနာ၊ ခါးရိုးကျီးပေါင်းတက်၊ လေငန်းရောဂါများအတွက် ပင်စိမ်းရွက်ထောင်းကာ အုံဆေးအဖြစ် အသုံးပြုနိုင်သည်။
- သွားဖုံးရောင်နာ၍ သွေးယိုစီးခြင်း၊ မကြာခဏ တံတွေးစိမ့်ထွက်ခြင်း၊ အသံအိုးနာခြင်း၊ အသံဝင်ခြင်း၊ လည်ချောင်းနာခြင်းနှင့် အာသီးရောင်ခြင်းတို့အတွက် ပင်စိမ်းရွက်ပြုတ်ရည်သောက်ပါ။ ပလုပ်ကျင်းပါ။ ၎င်းနည်းက သွားများကို သန့်ရှင်းစင်ကြယ်စေသည့်ပြင် ခံတွင်းရနံ့ကိုလည်း ရှင်းသန့်စေသည်။ အသံကြည်လင်စေ၍ အဆိုကျော်များ အားထားလောက်သော သဘာဝဆေးတစ်ခွက်ဖြစ်သည်။
- ပင်စိမ်းရွက်ထဲတွင် ပိုတက်စီယမ် အလုံအလောက်ပါရှိသဖြင့် နှလုံးခုန်နှုန်းနှင့် သွေးဖိအားတို့ကို ကောင်းစွာထိန်းချုပ်ပေးနိုင်သည်။
- လူတစ်ယောက်၏ တစ်နေ့တာ မှီဝဲသင့်သော သံဓာတ်ပမာဏသည် ၂၆ ရာခိုင်နှုန်းရှိသင့်သည်။ ပင်စိမ်းရွက်တွင် သံဓာတ်ကြွယ်ဝစွာပါရှိသဖြင့် သွေးနီဥအတွက် အားအင်ဖြစ်စေကာ၊ သွေးအားကောင်းစေပြီး သွေးသန့်စေသည်။
- ပင်စိမ်းရွက်သည် ကူးစက်စေတတ်သော ဘက်တီးရီးယားပိုးမွှားများကို သေစေနိုင်သောအစွမ်းရှိသဖြင့် အူတွင်းရှိ ကပ်ပါးပိုးမွှားများနှင့် တုပ်ကောင်၊ သန်ကောင်တို့ကို သုတ်သင်ရှင်းလင်းပေး သည်။ ခွဲစိတ်ထားသော အနာများရင်း၍ ပိုးဝင်ပါက ပင်စိမ်းရွက်ကိုပြုတ်၍ ဖန်ရည်အဖြစ် အနာပေါ်သို့ ပင်စိမ်းရွက်ခြောက်မှုန့်ကို ဖြူးခြင်းဖြင့် ပိုးသေစေပြီး အနာလျင်မြန်စွာ ကျက်စေသည်။
- သွားပိုးစားခြင်းအတွက် ပင်စိမ်းရွက်ခြောက်မှုန့်၊ ငရုတ်ကောင်းနှင့်ပရုပ်တို့ကို ရောကြိတ်ကာ သွားပိုးစားသည့် အခေါင်းပေါက်ထဲသို့ ထည့်သိပ်ပါ။
- နားပိုးဝင်၍နားအူ၊နားကိုက်၊နားပြည်ယိုခြင်းများ အတွက် ပင်စိမ်းရွက် လတ်လတ်ဆတ်ဆတ်ကို မီးအုံးပြီး နားထဲသို့ အရည်သွတ်ထည့်ပေးနိုင်သည်။
- ဆန့်ပိုးထိုးခြင်းအတွက် ဆန့်အိုးထဲသို့ ပင်စိမ်းပင်ထည့်ထားက နှိမ်နင်းနိုင်သည်။
- ပန်းနာရင်ကျပ်ရောဂါသည်များသည် ပင်စိမ်းရွက်အခြောက်ကိုမီးဖြိုက်၍ ရှူရှိုက်ပေးသင့်သည်။ ထိုရနံ့က လူကိုလန်းဆန်းပေါ့ပါးစေကာ၊ အာရုံစူးစိုက်မှု အားကောင်းစေသည်။
- အိန္ဒိယနိုင်ငံတွင် ၁၉၀၇ ခုနှစ် Imperial Malaria Conferenc တွင် ပင်စိမ်းကို ငှက်ဖျားရောဂါ ပျောက်စေသော ဆေးပင်အဖြစ် ကြေညာခဲ့သည်။ ငှက်ဖျားသာမက၊ နာတာရှည်အဖျားရောဂါ၊ တုပ်ကွေးနှင့် ကာလဝမ်းရောဂါတို့အတွက် နံနက်စောစောအိပ်ရာထတွင် ပစ်စိမ်းရွက်သတ္တုရည်ကို ကြွေဇွန်းဖြင့် တစ်ဇွန်း သောက်ပေးနိုင်သည်။ ရင်သွေးငယ်လေးများ သူငယ်နာကျောပူခေါင်းပူခြင်းအတွက် ပင်စိမ်းရွက်သတ္တုရည်ဖြင့် ဦးခေါင်းမှ ခြေဖျားထိ သပ်ချပေးခြင်းဖြင့် ချမ်းသာရာရစေနိုင်သည်။
- ဆီးချုပ်၊ ဆီးအောင့်၊ ဆီးပုပ်ခြင်းများအတွက် ပင်စိမ်းရွက်သတ္တုရည်ကို သကြားဖြင့် ဖျော်၍ သောက်နိုင်သလို ဆီးခုံတစ်လျှောက် ပွတ်လိမ်းပေးခြင်းဖြင့် ဆီးရွှင်စေသည်။
- ပင်စိမ်းရွက်က အစာခြေစနစ်နှင့် အူလမ်းကြောင်း ကျန်းမာရေးတို့ကို တိုးတက်ကောင်းမွန်စေသည့်ပြင်၊ အစာအိမ်မှ အက်ဆစ်များ အလွန်အကျွံထွက်ရှိလာမှု ထိန်းညှိပေးနိုင်သည်။ ထို့မှုမက ပင်စိမ်းရွက်ကို ရေနွေးတွင်စိမ်ပြီး လက်ဖက်ရည်ကြမ်းအဖြစ် သောက်ပေးခြင်းဖြင့် ဝမ်းသွားခြင်း၊ အစာအိမ်နာဖြစ်ခြင်း၊ ခံတွင်းပျက်၍ အစာစားချင်စိတ်မရှိခြင်း၊ ပျို့ချင်၊ အန်ချင်စိတ်ကိုသက်သာစေခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။
- အိန္ဒိယနိုင်ငံ မဟာရပ်စစ်ပြည်နယ်၊ Bandorawala Leprosy Hospital ခေါ် အနာကြီးရောဂါဆေးရုံတွင် အနာကြီးရောဂါအစိုး အခြောက်နှစ်မျိုးစလုံး ဝေဒနာရှင်များကို ပင်စိမ်းရွက်ရိုးရာကုထုံးအဖြစ် ရက်ပေါင်း ၁၅၀ တိတိ ကျွေးခဲ့ရာ သိသိသာသာ သက်သာလာခဲ့ကြောင်း တွေ့ရသည်။
- ပွေး၊ ဝဲ၊ ညှင်း၊ နှင်းခူ၊ မိတ် စသောအရေပြားယားနာအမျိုးမျိုးအတွက် ပင်စိမ်းတစ်ပင်လုံးကို ထောင်း၍ သံပုရာရည်ရောပြီး လိမ်းကျံပေးသင့်သည်။
- ကိုယ်ဝန်ဆောင်များ ဗိုက်ကြောပြတ်ပြီး ယားယံနေပါက ပင်စိမ်းရွက်ခြောက်မှုန့်ဖြူး၍ အသာအယာ ပွတ်သပ်လိမ်းပေးနိုင်သည်။
- ပင်စိမ်းရွက်တွင်ပါရှိသော ဗီတာမင် A က အင်တီအောက်ဆီးဒင့် (ဓာတ်တိုးဆန့်ကျင်) အစွမ်းရှိ၍ အရေပြားနှင့် အမြှေးပါးများကို ကျန်းမာစေရုံသာမက၊ အဆုတ်နှင့် ခံတွင်းကင်ဆာများ မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ထိပ်ကပ်နာရောဂါ၊ Ozoena ခေါ် နှာခေါင်းအတွင်းမြေးခြောက်ရောဂါအတွက် ပင်စိမ်းရွက်ခြောက်မှုန့် ရှူရှိုက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။
- ပင်စိမ်းရွက်ကို ရေသန့်သန့်ဖြင့် ရောနယ်ထုထောင်းပြီး အမြစ်မထွက်နိုင်သော အနာဆွေး၊ အနာလုံး အကျိတ်များပေါ် လိမ်းအုံပေးပါက အရောင်လျော့ကျသွားပြီး အမြစ်မြန်မြန်ထွက်စေသည်။ အသားနုတက်ပြီး အနာကျက်လည်း မြန်စေသည်။

**ပင်စိမ်းအဆီနှင့်ကျန်းမာရေး**

- ပင်စိမ်းပင်မှ အဆီထုတ်ယူနိုင်သည်။ ပင်စိမ်းရွက်မှာ eugenol, citronellol, linalool, citral, limonene နှင့် terpineol ဟူသော ကျန်းမာရေးအကျိုးပြု မရှိမဖြစ် အဆီများပါရှိနေကြသည်။ ထိုအဆီများက ရောင်ရမ်းမှုကျစေသည့် အစွမ်းနှင့် ဗက်တီးရီးယားများကို ဆန့်ကျင်တိုက်ထုတ်သော ဂုဏ်သတ္တိများရှိကြသည်။ အထူးသဖြင့် ဥရောပ၊ အိန္ဒိယနှင့် တရုတ်ရိုးရာတိုင်းရင်းဆေးကုထုံးများတွင် ပင်စိမ်းဆီကို အသုံးပြုလေ့ရှိကြသည်။ spa များတွင်လည်း ပင်စိမ်းဆီကို aroma therapy နည်းဖြင့် တွင်ကျယ်စွာ အသုံးပြုလာကြပြီး ဖြစ်သည်။
- ကြွက်သားများတင်းမာခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ခြင်း၊ ဒူလာရောဂါကြောင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲ ရောင်ရမ်းခြင်း၊ ခါးကိုက်ခါးနာခြင်း၊ တင်ပါဆုံရိုးနှစ်ကြောများ ညောင်းညာကိုက်ခဲခြင်း စသည့်ဝေဒနာများအတွက် ပင်စိမ်းဆီဖြင့် တစ်ကိုယ်လုံးကိုနှိပ်နယ်ပေးခြင်းဖြင့် သွေးကြောများပွင့်ကာ သွေးလည်ပတ်မှုပုံမှန်ဖြစ်လာစေသည်။
- ပြတ်ရှဒဏ်ရာများကို သွေးထွက်မလွန်စေရန်အတွက် ပင်စိမ်းဆီဖြင့်လိမ်းပေးနိုင်သည်။ အနာအကျက်မြန်စေသည်။
- နားထဲပိုးဝင်၍ မှိုစွဲကပ်ပါက ပင်စိမ်းဆီအနည်းငယ်ထဲ့၍ နားကျပ်ပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်သည်။
- ဆီးလမ်းကြောင်းပိုးဝင်ပါက ပင်စိမ်းဆီအနည်းငယ်ကို ရေနွေးနွေးဖြင့် သောက်သုံးပေးနိုင်သည်။
- ရေနွေးပူပူတွင် ပင်စိမ်းဆီ နှစ်စက်၊ သုံးစက်ချပေးပြီး သောက်ပေးပါက အအေးမိ၊ နှာစေး၊ ချောင်းဆိုး စသည့်နာရောဂါများကို ပျောက်စေသည်။

အချုပ်ဆိုသော် အရှေ့တိုင်း၊ အနောက်တိုင်း ဆေးပညာရှင်များက ပင်စိမ်းပင်သည် လူသားတို့ ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ ကောင်းကျိုးပြုကာ၊ အသက်ရှည်စေကြောင်း ညွှန်းဆိုထားကြသည်။ သို့ပါ၍ ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးနည်းလှသော ပင်စိမ်းကို "အစာလည်းဆေး၊ ဆေးလည်းအစာ"ဆိုသလို သင့်တင့်လျှောက်ပတ်စွာ အကျိုးရှိရှိစားသုံးပေးခြင်းဖြင့် ကျန်းမာရေးကိုများစွာ အထောက်အကူပြုနိုင်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက် နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၅၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၅၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၀၈၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၅၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ကုလားပဲ ၇၀၈၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေကို ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံ သီးနှံစိုက်ပျိုးရာတွင် ပဲအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေး အတွက် လိုအပ်သည့်မျိုးကောင်း မျိုးသန့်များ၊ စိုက်နည်းစနစ်များ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ပဲမျိုးစုံ စိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်း လုပ်ငန်းများကို အကျိုးဆောင် တောင်သူများအား ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများ အနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မြိတ်မြို့နယ် ကွမ်းသီးချောင်းကျေးရွာ၌ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု စစ်ဆေး

**မြိတ် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကွမ်းသီးချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကွမ်းသီးချောင်းကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကွမ်းသီးချောင်းကျေးရွာ၌ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးပါက ကွမ်းသီးချောင်းကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

**ချိုလေး**







**မော်ကွန်း** အသည်းနှင့် ကင်ဆာအမျိုးမျိုး အထူးကုဆေးခန်း
ပ-၅/၆၈၊ ၄၂ × ၄၃ လမ်းကြား၊ ၆၁ (A) လမ်း၊ မဟာမြိုင်(၂)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

လူကြီးမင်းတို့ ခံစားနေရသော အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်း၊
အသည်းကင်ဆာရောဂါများနှင့် အခြားကင်ဆာအမျိုးမျိုးတို့ကို သင့်တင့်သော ဈေးနှုန်းများဖြင့်
စနစ်တကျ ကုသမှု ပေးနေပါသည်။

ဆေးခန်းဖွင့်ချိန်။ ။နံနက် (၉း၀၀) နာရီမှ နေ့လည် (၁၂း၀၀) နာရီထိ။
မှတ်ချက် ။ ။၀၉ - ၄၀၂၅၁၁၄၄၂၊
၀၉ - ၆၈၅၀၇၈၂၁၅ သို့ကြိုတင်ဆက်သွယ် ရက်ချိန်းရယူပါ။

☆ သံဃာတော်များ၊ သီလရှင်များ၊ အငြိမ်းစားဝန်ထမ်းများကို အထူးနှုန်းဖြင့် ဝန်ဆောင်မှုပေးပါသည်။ ☆
ဓာတ်ခွဲစစ်ဆေးချက် မှတ်တမ်းများ အပြည့်အစုံ ယူလာရပါမည်။

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈ လမ်း၊ ၄၁ × ၄၂ ကြားနေ စုနန္ဒာအေး (ဘ) ဦးဝင်းတာ (၁၃/လရန(နိုင်)၁၈၉၈၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI–256986)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉–၇၈၈၈၅၂၄၅၈

## ပျောက်ဆုံးကြောင်း

ကျေးသီးမြို့၊ ညောင်ပင်သာလမ်း၊ ဟော်ကုန်းရပ်ကွက်နေ မောင်သာလင်းထွန်း (ဘ) ဦးသောင်းစိန် (၁၃/ကသန(နိုင်)၀၂၁၁၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉–၆၇၆၂၄၀၂၁၄

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်နေ ရွှေစင်ဦး (ဘ) ဦးသာဆန်း (၉/ပဘန(နိုင်)၂၆၀၅၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC–391060)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉–၈၈၄၅၄၇၅၄၁

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ဇ–၆/၂၁၊ မြို့သစ်(၄)နေ ဦးဇော်မင်းထွန်း (ဘ) ဦးသိန်းမောင် (၉/ခမစ(နိုင်)၀၁၁၆၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA–706043)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉–၄၀၂၅၁၈၄၀၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမရပူရမြို့နယ်၊ ငယ်တိုးအုပ်စု၊ ဖောင်တော်ကျေးရွာနေ မောင်ရဲထက်နိုင် (၉/အမရ(နိုင်)၁၈၀၀၂၆)၏ မိဘအမည်မှာ ဦးအောင်နိုင် (ခ) ဦးမောင်နိုင်၊ ဒေါ်နှင်းမှုံ (ခ) ဒေါ်နှင်းမော် တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်နိုင်(ခ)ဦးမောင်နိုင်(၉/ဝတန(နိုင်)၁၃၁၅၇၆)
ဒေါ်နှင်းမှုံ(ခ)ဒေါ်နှင်းမော်(၉/မသန(နိုင်)၀၄၆၅၅၄)

## ပျောက်ဆုံးကြောင်း

လဲချားမြို့၊ ဟိုဖိုင်ကျေးရွာနေ မနန်းအွမ်ခမ်း (ဘ) ဦးစိုင်းထွန်းစိန် (၁၃/မနန(နိုင်)၀၂၁၆၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉–၆၇၆၂၄၀၂၁၄

## ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင် (၅)သိန်း (၅)ဦး
- အလုပ်သင် (၅)ဦး

Long Style
09–2053849
(၆၆ X၃၈)လမ်းထောင့်၊ မန္တလေး

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ "ပြည့်အင်အားဟာ ပြည်တွင်းမှာသာ ရှိသည်"ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံ နယ်ပယ်နှစ်ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...

❖ လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် နှစ်ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် University အသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ University အသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီက

ချင်းလန်းအသင်းနှင့်
Glory Goal အသင်းတို့
ယှဉ်ပြိုင်ကစားနေမှုကို
တွေ့ရစဉ်။

ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်းတွင် University အသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ University အသင်းက လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ရွှေပြည်သာယူနိုက်တက်အသင်းမှ သောင်းဇော်မြတ်က ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သည့်အတွက် ဦးဆောင်ဂိုးရရှိခဲ့ကာ ပွဲချိန် ၄၉ မိနစ်နှင့် ၈၃ မိနစ်တို့တွင် အောင်မြင့်မြတ်၊ပွဲချိန် ၇၃ မိနစ်တွင် ဇင်ဖြိုးအောင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရွှေပြည်သာ ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်တွင် ချစ်ထွေးနှင့် စာမျက်နှာ ၁၉ ကော်လံ ၁ ❖

# NSW Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဟာဘက် ဆွတ်ခူး



**နယူးဆောက်ဝေး နိုဝင်ဘာ ၁၇**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ကျင်းပခဲ့သည့် NSW Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ဟာဘက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားခဲ့သည့် ကင်မရွန်းစမစ်၊ ကိုရေးနှင့် ဆင်ပဆန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ကင်မရွန်းစမစ်သည် တတိယနေ့အပြီးတွင် စာမျက်နှာ ၁၉ ကော်လံ ၄ ❑

## ထူးခြားသည့် ညအပူချိန်များ

(၁၇-၁၁-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ရေချိုးခန်းသုံးပစ္စည်းများ

ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉